## အခန်း(၁၇၀) - ပုံရိပ်ကို ကြာကြာ နှိမ့်ချထားလို့ မရဘူးပဲ။

လင်းဟွမ်သည် မွန်းစတား လှောင်အိမ်ထဲသို့ ဝင်သွားပြီးနောက် မှောင်မဲနေသော လှူသား စကြဲန်တစ်ခုကို ဖြတ်သန်း၍ လမ်းလျှောက်နေရသည်။

နံရံနှင့် မျက်နှာကျက်သည် ငွေရောင် သတ္တုများဖြင့် ပြုလုပ်ထားသည်။ ကြမ်းပြင်ကို အနက်ရောင် သတ္တုများဖြင့် ပြုလုပ်ထားပြီး

စကြဲ်နှင့်ကို ယာယီ အသုံးပြုရန်အတွက် မည်ကဲ့သို့ ပြုလုပ်ထားကြောင်း မပြောနိုင်ပေ။

နောက်ဆုံးတွင် မီတာ (၁၀၀) ခန့် လမ်းလျှောက်ပြီးနောက် လမ်းဆုံးကို ရောက်သွားသည်။ လမ်းဆုံးတွင် မွန်းစတား လှောင်အိမ်ကြီး တစ်ခုကို တွေ့လိုက်ရသည်။ ဒါသည် လင်းပွန်း မသိသော ပစ္စည်းများဖြင့် ပြုလုပ်ထားပြီး အလွန် ထူထဲသော သတ္တုများဖြင့် ပြုလုပ်ထားသည့် ရောမ ငှက်လှောင်အိမ်ကြီး တစ်ခုနှင့်တူသည်။

သတ္တုတိုင်များကို အနက်ရောင် သတ္တုကြမ်းပြင်ပေါ်တွင် မြုပ်နှံထားပြီး တစ်ခုနှင့်တစ်ခုကြားတွင် (၂၀) စင်တီမီတာသာ ကွာဝေးသောကြောင့် အရွယ်ရောက်ပြီးသော လူများ မဝင်ရောက်နိုင်ပေ။ မွန်းစတား လျောင်အိမ် ပတ်ပတ်လည်တွင် အစိမ်းရောင် အပင်များ ဝိုင်းရံထားပြီး တောက်နက်ကြီးထဲသို့ ရောက်သွား သကဲ့သို့ပင်။ မွန်းစတား လျောင်အိမ်၏ ဟိုတစ်ဖက်ခြမ်းကို လှမ်းမြင်နေရသည်။

လောင်အိမ်ကြီးသည် အချင်း (၁၀၀) မီတာ ရှိသော စက်ဝိုင်းပုံစံ နေရာယူထားပြီး မြေပြင်တွင် သွေးများ စိုရွှဲနေသော်လည်း အလောင်းများကို မတွေ့ရပေ။ ဝန်ထမ်းများက သိမ်းသွားခြင်း ဖြစ်နိုင်သည်။

လင်းဟွမ်သည် လှည့်ပတ် ကြည့်ပြီးနောက် သူ့ရှေ့တွင် ရှိနေသော မွန်းစတားကို ကြည့်လိုက်သည်။

အတောင် အောက်ခြေတွင် ခရမ်းရောင် အမွေးများရှိသော အနီရောင်ငှက်ကြီး ဖြစ်သည်။

ဦးခေါင်းထိပ်သည် ရွှေရောင် အမောက်ရှိပြီး ငှက်သည် အရောင်အသွေး စုံလင်လှသည်။

လင်းဟွမ်သည် ကမ္ဘာပေါ်က ကြက်တူရွေးနှင့် ဆင်တူသော ငှက်မျိုးဖြစ်ကြောင်း မှတ်မိလိုက်သော်လည်း ဒါကို လက်သည်း ချွန်ချွန် ဒေါင်းဟု လူသိများသည်။ ဉာဏ်ရည် ထက်မြက်သော တိုက်ခိုက်ရေးငှက်မျိုး ဖြစ်သည်။ စကားပြောတတ်သော ဒေါင်း အများစုသည် အခြားအသံများကို အတုယူ၍ ပြောနိုင်ကြပြီး

ခြေသည်းချွန်ချွန် ဒေါင်းသည် သန္ဓေပြောင်း မွန်းစတားတစ်ကောင် ဖြစ်သည်။

အသံတစ်ခုကို တစ်ကြိမ်ကြားရုံဖြင့် အသံကို တုပပြောဆိုနိုင်သည်။ အသံတုကို အသုံးပြု၍ သားကောင်များအား အမဲလိုက်သော နေရာတွင် အသုံးချတတ်သည်။

ဥပမာအားဖြင့် ကလေးသားရဲကို ဆွဲဆောင်ရန် မိခင်သားရဲ၏ အသံကို တုပခြင်း သို့မဟုတ် အခြား ငှက်များကို မိတ်လိုက်ရန် ခေါ်ဆိုသော အသံများကို တုပ၍ ခေါ်ဆိုတတ်ကြသည်။

ခြေသဲချွန်ချွန် ဒေါင်းများသည် လူသားများနှင့် (၃)လကျော် အတူတူနေပြီးနောက် စကားများကို နားလည်ပြီး စကားလုံးများ၏ အဓိပ္ပါယ်ကိုပင် နားလည်နိုင်ကြသည်။ တိတိကျကျ ပြောရလျှင် ဘာသာစကားများကို လေ့လာရာ၌ လူသားများ ထက်ပင် ပို၍ ထက်မြက်သေးသည်။

သို့သော် ခြေသဲချွန်ချွန် ဒေါင်းသည် အသား တစ်မျိုးတည်းသာ စားသောက်ကြသည်။ ၎င်း၏ ခြေသဲများနှင့် နှုတ်သီးများသည် လက်နက်များနှင့်ပင် နှိုင်းယှဉ် နိုင်သောကြောင့် တိုက်ခိုက်ရေးအစွမ်းသည်

အံ့မခန်းပင်။ ၎င်း၏ အမွေးအတောင်များသည် သံချပ်ကာနှင့် ယှဉ်နိုင်ပြီး အလင်း၏ အမြန်နှုန်းဖြင့် အဝေးသို့ ပျံသန်းနိုင်သည်။

လင်းဟွမ်သည် ရောမ ငှက်ကြီးကို ကြည့်ပြီးနောက် ဤကဲ့သို့ သားရဲကို အနိုင် ယူနိုင်မည့်လမ်း မမြင်သောကြောင့် မျက်မှောင် ကြုတ်သွားသည်။

"ဟိတ်ကောင်၊ မင်းက ဒီကိုလာပြီး သေတွင်း တူးနေတာလား"

လက်သဲချွန်ချွန် ဒေါင်းက စကားပြောလိုက်သည်။ ထိုငှက်၏အသံသည် ကြမ်းတမ်းကာ ရန်လိုနေပြီး နားထဲတွင် သက်တောင့်သက်သာ မရှိပေ။

"မင်းက လူသားစကား ပြောတတ်ပါလား။ မင်းကလူသားတွေနဲ့ အချိန် တော်တော်လေး ကြာအောင် နေခဲ့တဲ့ပုံပဲ။ ဘာဖြစ်လို့ လူသားတွေကို သတ်ချင်နေရတာလဲ"

လင်းဟွမ်၏ အတွေးထဲတွင် ခြေသည်းချွန်ချွန် ဒေါင်းက လူသားများနှင့် အချိန်အတော်ကြာအောင် အတူတူ နေခဲ့သောကြောင့် သဘောတရားအရ

လူသားများ အပေါ်တွင် မကောင်းတဲ့ စိတ်ဆန္ဒ မထားသင့်ပေ။

“ဘာလို့လဲ ဆိုတော့ လူသားတွေက ယုတ်မာသူတွေ ဖြစ်နေလို့ပဲ။ သေဖို့ ထိုက်တန်တယ်”

ခြေသည်းချွန်ချွန် ဒေါင်းက အော်ဟစ်လိုက်သည်။

“မင်းမှာ ပိုင်ရှင်ဆိုးတစ်ယောက် ရှိခဲ့တဲ့ပုံပဲ။ မင်းဒေါသထွက်နေတာ မဆန်းတော့ဘူး”

ဤဒေါင်း၏ ပိုင်ရှင်က ဒေါင်းကို နှိပ်စက်ခဲ့လိမ့်မည်၊ ထိုသို့မဟုတ်ပါက ဤကဲ့သို့ စကားများကို ပြောလိမ့်မည် မဟုတ်ပေ။

"အဓိပ္ပါယ် မရှိလိုက်တာ။ ငါ့သခင်က တစ်ကမ္ဘာလုံးမှာ အကောင်းဆုံးလူပဲ။ ငါ သန္ဓေပြောင်းလဲဖို့တွက် လူသားတွေကို နေတိုင်းသတ်ပြီး လတ်ဆတ်တဲ့ အသားတွေ နေ့တိုင်းကျွေးခဲ့တယ်။ ငါက ဒီနေ့မှ သန္ဓေပြောင်းလဲသွားတာ ကံဆိုးတာပဲ။ သူကတော့ မမြင်နိုင်ရှာတော့ဘူး။ အဲ့ဒါ မင်းတို့လို ကောင်တွေ သတ်ခဲ့လို့ကွ"

ဤတစ်ကြိမ်တွင် ခြေသည်းချွန်ချွန် ဒေါင်းကြီးက ပိုမို ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

“ဒါဆိုရင် မင်းရဲ့သခင်က အောက်လမ်းသမား ထိန်းချုပ်သူပဲ ဖြစ်ရမယ်။ အဲဒီလို ဆိုမှတော့ သေသင့်တယ်”

လင်းဟွမ်သည် ခြေသည်းချွန်ချွန် ဒေါင်းကြီး၏ စကားကို ကြားလိုက်လျှင် ဒေါင်းကြီး၏ နောက်ခံ သမိုင်းကြောင်းကို သိသွားသည်။

ထိန်းချုပ်သူများ ကြားထဲတွင် သွေးကျိန်စာ ထိန်းချုပ်သူများ ဟုခေါ်သော မကောင်းဆိုးဝါး အဖွဲ့အစည်းတစ်ခု ရှိသည်။

သွေးကျိန်စာ ထိန်းချုပ်သူများသည် လူသား ကျွန်များကို ထိန်းသိမ်းထားပြီး သူတို့၏ဂါထာများ၊ မှော်စွမ်းအားများအတွက် ထိုကျွန်များ၏သွေးကို အသုံးပြုတတ်ကြသည်။ ထို့နောက် သေဆုံးသွားသော ကျွန်များ၏ အလောင်းကို သူတို့မွေးထားသော မွန်းစတားများကို ကျွေးမွေးကြသည်။ ထိုမန္တန်၊ ဂါထာများသည် မွန်းစတားများထဲတွင် ဆက်လက်

တည်မြဲနေပြီး အတိုင်းအတာ တစ်ခုထိ အောင်မြင်ပြီးနောက် မွန်းစတားများသည် ထို မန္တန်၊ ဂါထာ များကြောင့် သန္ဓေပြောင်းလဲခြင်း ဖြစ်ပေါ် လာကြသည်။

မွန်းစတား တစ်ကောင်ကို လူသားကျွန်များအား လုံလောက်စွာ ကျွေးမွေးခဲ့ပါက (၂) ကြိမ်ဆက်တိုက် သန္ဓေပြောင်းလဲမှုပင် ဖြစ်ပေါ်နိုင်သေးသည်။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းနှင့် မုဆိုးအဖွဲ့အစည်းတို့သည် သူ့တို့ကို တွေ့ရာသင်္ချိုင်း ခါးမဆိုင်းဘဲ သတ်ဖြတ်ကြခြင်း ဖြစ်သည်။

သူ့တို့သည် ကမ္ဘာကြီးကို အန္တရာယ်ပေးနိုင်သောကြောင့် သာလွန်အဆင့်သို့ ပြောင်းလဲသွားပါက မိအေး (၂) ခါနာ ဖြစ်နိုင်၍ သူတို့မွေးမြူထားသော သန္ဓေပြောင်း မွန်းစတားများကိုလည်း မလိုချင်ကြပေ။

“ဘယ်လို ပြောရဲတာလဲ”

ခြေသည်းချွန်ချွန် ဒေါင်းကြီးသည် လင်းဟွမ်က သူ့သခင်ကို သေသင့်သည်ဟု ပြောသည်ကို ကြားသောအခါ ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဘာဖြစ်လို့ ဒီလောက် ဒေါသကြီးနေတာလဲ။ ကျိန်စာကြောင့်လား"

လင်းဟွမ်သည် ၎င်းကို သာမန် သန္ဓေပြောင်း မွန်းစတားတစ်ကောင်ဟု ထင်ခဲ့၍ ထိန်းသိမ်းထားရန် စဉ်းစားနေခဲ့သည်။ သွေးကျိန်စာ ထိန်းချုပ်သူ အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သိလိုက်သည်နှင့် ထည့်သွင်း စဉ်းစားရန် မလိုတော့ပေ။

"မင်းက ကျိန်စာမိပြီးကတည်းက လောကကြီးကို ကောင်းကျိုး မပေးတော့ဘူး"

လင်းဟွမ်က လက်ကိုဆန့်ထုတ်ပြီး အာဏာရှင်ကို ဆင့်ခေါ်လိုက်သည်။

"အာဏာရှင် ထွက်လာ"

အကောင်အထည် ကြီးမားသော အာဏာရှင်သည် လင်းဟွမ်ရှေ့တွင် ပေါ်လာသည်။ အာဏာရှင်၏ ခန္ဓာကိုယ်တွင် ထူထဲသောဗလများ ဖုံးအုပ်ထားပြီး ရွှေရောင် ချပ်ဝတ်တန်ဆာက လွှမ်းခြုံထားသည်။ ခန္ဓာကိုယ်တွင် အဆီပို မရှိသလို မိန်းမတိုင်းအား ရူးသွပ်သွားစေနိုင်သည့် ပြီးပြည့်စုံသော ခန္ဓာကိုယ် ရှိနေသည်။

အာဏာရှင်၏ ရွှေရောင် မျက်လုံးများသည် ခြေသည်းချွန်ချွန် ဒေါင်းကြီးကို စိုက်ကြည့်နေသည်။

ဒေါင်းကြီးသည် ဤမျှ ကြောက်စရာကောင်းသော အကြည့်မျိုးဖြင့် တစ်ခါမှ အကြည့်မခံရဖူးသောကြောင့် တကိုယ်လုံးရှိ အမွေးများ ထောင်လာသည်။ အခြား သားရဲတစ်ကောင်၏ သားကောင်အဖြစ် ရွေးချယ်ခြင်း ခံလိုက်ရသလို အချိန်မရွေး ပန်းကန်ပြားပေါ်က အစာတစ်ခု ဖြစ်သွားနိုင်သည်။

“သတ်လိုက်”

လင်းဟွမ်က ခြေသည်းချွန်ချွန် ဒေါင်းကြီးကို ညွှန်ပြရင်း ပြောလိုက်သည်။ အာဏာရှင်သည် လင်းဟွမ်ပင် မမြင်နိုင်သော အရှိန်ဖြင့် ပြေးထွက်သွားပြီး ခြေသည်းချွန်ချွန် ဒေါင်းကြီးကို ပြေးထိုးလိုက်သည်။ ခြေသည်းချွန်ချွန် ဒေါင်းကြီးသည် လှောင်အိမ်ထဲတွင် ချက်ချင်း ပုံသန်းရန် ကြိုးစား ခဲ့သော်လည်း ၎င်း၏လည်ပင်းကို အာဏာရှင်က ဖမ်းဆုပ်မိပြီးသား ဖြစ်နေသည်။

အာဏာရှင်၏ လက်ထဲတွင် ဒေါင်းကြီးသည် (၁၀)မီတာ ခန့်ရှည်သော အတောင်များကို

တဖျတ်ဖျတ် ခတ်ကာ ရုန်းကန်နေပြီး အာဏာရှင်၏ လက်ထဲတွင် ကူကယ်ရာမဲ့ နေသော ကြက်ပေါက်ကလေး တစ်ကောင်ကဲ့သို့ ဖြစ်နေသည်။ ဒေါင်းကြီး၏ အတောင်များကို အာဏာရှင်က ချုပ်ကိုင်လိုက်ပြီး ဒေါင်းကြီး၏ လည်ပင်းကို လိမ်ချိုးကာ ဆွဲဖြုတ်လိုက်သည်။ ခရမ်းရောင် သွေးများသည် လည်ပင်းတဝိုက်မှ စီးကျလာသည်။ ဒေါင်းကြီး၏ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်နေပြီး (၁၀) စက္ကန့် ကြာသောအခါ ရပ်တန့်သွားသည်။

လင်းဟွမ်သည် မြေပြင်ပေါ်ရှိ ခရမ်းရောင်သွေးများကို ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်ကာ သွေး၏အရောင်အရ ကျိန်စာ သင့်နေပြီဟု တွေ့လိုက်မိသည်။

ခြေသည်း ချွန်ချွန် ဒေါင်းကြီးသည် သန္ဓေပြောင်းရန်အတွက် လုံလောက်သော ကျိန်စာများ စုဆောင်းခဲ့သော်လည်း ယနေ့ အဖြစ်အပျက်တွင် ဘာတစ်ခုမှ မပြောင်းလဲနိုင်ခဲ့ပေ။

လင်းဟွမ်သည် အာဏာရှင်ကို သိမ်းပြီးနောက် ဒုတိယနေရာသို့ ဆက်လျှောက် သွားသည်။

အသံချဲ့စက်မှ ကြေညာချက်တစ်ခု ထွက်ပေါ်လာသည်။

"မွန်းစတား လှောင်အိမ် အမှတ် (၆၆) ရဲ့ ပထမဆုံးမွန်းစတား သေသွားပြီ"

"ကျေးဇူးပြုပြီး မွန်းစတား လှောင်အိမ်ထဲကို မွန်းစတားတစ်ကောင် အမြန် ပြောင်းပေးပါ"

မွန်းစတားလှောင်အိမ် အပြင်ဘက်ရှိ လူများသည် ထိုကြေညာချက်ကို ကြားသောအခါ တုန်လှုပ် သွားကြသည်။

"သူက မွန်းစတားကို သတ်လိုက်တာလား"

"သန္ဓေပြောင်းထားတဲ့ ငွေအဆင့် (၃) မွန်းစတား တစ်ကောင်လေ။ ဒီကလေးက မွန်းစတားကို ဘယ်လိုသတ်လိုက်တာလဲ။ ဒီကောင်က ဘယ်သူလဲ"

"သူက ကြေးအဆင့် (၃) ပဲ ရှိသေးတယ်လေ။ သူ့ထက်လည်း အဆင့်မြင့်ပြီး သန္ဓေပြောင်းထားတဲ့ မွန်းစတားတစ်ကောင်ကို ဘယ်လို သတ်နိုင်တာလဲ။ သူက ဒဏ္ဍာရီတွေထဲက ပါရမီရှင် ဖြစ်နေမလား"

ဦးဆောင် စစ်ဆေးသူ ကျန်ဆန်းပင် တည်ငြိမ်စွာ မနေနိုင်တော့ချေ။ အဖြစ်အပျက်များကို

သေသေချာချာ သိနိုင်စေရန် စောင့်ကြည့်ရေး ကင်မရာကို ချက်ချင်း ကြည့်လိုက်သည်။ အာဏာရှင်က ခြေသည်းချွန်ချွန် ဒေါင်းကြီးကို စက္ကန့်ပိုင်းလေး အတွင်း သတ်ဖြတ်လိုက်သော မြင်ကွင်းကို မြင်လိုက်သောအခါ ထိတ်လန့် သွားသည်။

"ဒါက ဘယ်လို မွန်းစတားကြီးကို ဆင့်ခေါ်ခဲ့တာလဲ။ ဘီလူးကြီးလို့ ထင်ရပေမယ့် တူလည်း မတူဘူး။ သန္ဓေပြောင်း မျိုးစိပ်အသစ်နဲ့ ပိုတူတယ်။ ဒါက အဆင့်တူတဲ့ သန္ဓေပြောင်း

မွန်းစတားတစ်ကောင်ကို ချက်ချင်း သတ်ဖြတ်နိုင်တာက ရယ်စရာ ကောင်းလိုက်တာ”

ကျန်ဆန်းသည် အာဏာရှင်က (၂) ကြိမ် သန္ဓေပြောင်းထားသော မွန်းစတား တစ်ကောင် ဖြစ်ကြောင်း မသိလိုက်ပေ။ အာဏာရှင်ကို သန္ဓေပြောင်း မွန်းစတား တစ်ကောင်လို့သာ ထင်နေခဲ့သည်။ အကြောင်းမှု အာဏာရှင်က မည်မျှ လျင်မြန်ပြီး မည်မျှ အားကောင်းကြောင်း မပြသ ခဲ့သောကြောင့် ဖြစ်သည်။

အကယ်၍ ရွှေအဆင့် (၃) မွန်းစတားနှင့် တိုက်ခိုက်ခဲ့ပါက သန္ဓေ (၂) ကြိမ် ပြောင်းခဲ့ကြောင်း လူတိုင်း ပြောနိုင်လိမ့်မည်။

လင်းဟွမ်သည် အစောပိုင်းတုန်းက ဟိန်းစိန် ရဲတိုက်ထဲတွင် အစုံလိုက် အပြုံလိုက် သတ်ဖြတ်မှုထဲ၌ အာဏာရှင် ထုတ်မသုံးခဲ့သောကြောင့် ပေါက်ကြားသွားမည်ကို မစိုးရိမ်ပေ။ မုဆိုးအဖွဲ့အစည်းက သူ့တွင် သန္ဓေပြောင်းထားသော မွန်းစတား တစ်ကောင်

ရှိနေကြောင်း သိလိုက်သော်လည်း သူ့ကို လူသတ်သမားဟု ထင်ကြလိမ့်မည် မဟုတ်ပေ။

ထိန်းချုပ်သူသည် သာလွန်အဆင့်သို့ မရောက်ခင် သန္ဓေ (၂) ကြိမ် ပြောင်းထားသော မွန်းစတား တစ်ကောင်ကို ပိုင်ဆိုင်ခဲ့ပါက ကြီးမားသော ကံကောင်းမှုကြီးပင်။ အကြောင်းမှု သူတို့သည် (၂) ကြိမ် သို့မဟုတ် (၂) ကြိမ်ထက်ပိုသော သန္ဓေပြောင်း မွန်းစတားများကို ပိုင်ဆိုင်ရန် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။

လင်းဟွမ်သည် ခြေသည်းချွန်ချွန် ဒေါင်းကို အနိုင်ယူနိုင်ခြင်း မရှိကြောင်း သိသည်နှင့် အကဲဖြတ်မှုတွင် သူ၏စွမ်းရည်များကို ထုတ်ဖော်ပြသရန် ဆုံးဖြတ်လိုက်သည်။

ထို့အပြင် မုဆိုးအဖွဲ့အစည်းထံမှ အရင်းအမြစ်များ ပိုမို ရယူနိုင်လိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ မုဆိုးအဖွဲ့အစည်းသည် ဤကမ္ဘာ၏ အကြီးမားဆုံး အဖွဲ့စည်းတစ်ခုအနေဖြင့် အခြားအဖွဲ့အစည်းများနှင့် လူများ မပိုင်ဆိုင်နိုင်သော အရင်းအမြစ်များနှင့် အချက်အလက်များကို

ပိုင်ဆိုင်ထားသည်။ သာမန် လူတစ်ယောက်သည် မည်မျှပင် အစွမ်းထက်နေ စေကာမူ သူတို့၏ သတင်းရယူပိုင်ခွင့်သည် အကန့် အသတ်နှင့်သာ ရှိနေသည်။ ထို့အပြင် ကံကြမ္မာ သလင်းကျောက် မည်မျှ ပိုင်ဆိုင်စေကာမူ ရှားပါးပစ္စည်းများသည် အပြင်လူများအတွက် ရောင်းဝယ် ဖောက်ကားရန် မဖြစ်နိုင်ပေ။

အဖွဲ့အစည်း အားလုံးထဲတွင် ပြည်ထောင်စုအစိုးရ ပြီးပါက မုဆိုးအဖွဲ့အစည်းသည် အရင်းအမြစ်

အများဆုံး ပိုင်ဆိုင်သလို အဖွဲ့ဝင်များ အပေါ်တွင် ကန့်သတ်မှုအနည်းဆုံး အဖွဲ့အစည်း ဖြစ်သည်။

ယခုလက်ရှိ အချိန်အထိ လင်ဟွမ်တွေ့ခဲ့ဖူးသော မုဆိုးအဖွဲ့ဝင်များသည် လူကောင်းများ ဖြစ်သောကြောင့် မုဆိုး အဖွဲ့အစည်းထဲသို့ ဝင်ရောက်ခြင်းသည် ပညာရှိသော ရွေးချယ်မှု ဖြစ်ခဲ့သည်။

လင်းဟွမ်သည် ဒုတိယ စကြိုန်သို့ ဝင်သွားပြီးနောက် အသံချဲ့စက်မှ ထွက်ပေါ်လာသော ကြေညာချက်ကို ကြားလိုက်ရသည်။ နိမ့်ကျသော

ပုံရိပ်ကို ဆက်လက် ထိန်းသိမ်းထားနိုင်ခြင်း မရှိတော့သည့် အတွက်ကြောင့် ပြုံးလိုက်မိသည်။

"ငါ့ရဲ့ ပုံရိပ်ကို ကြာကြာ နှိမ့်ချထားလို့ မရတော့ဘူးပဲ။ အဲဒီလို ဆိုမှတော့ ငါက ဘယ်လောက်အစွမ်းထက်လဲ ဆိုတာ သူတို့သိအောင် ပြလိုက်တော့မယ်။ အကဲဖြတ်မှုပြီးတာနဲ့ ငါ့ကို ငွေအဆင့် ရာထူးပေးလိုက်မယ် ဆိုရင် အရမ်းကောင်းသွားမယ်။ (အေ) အဆင့် ဝပ်ကျင်းမှာ နေထိုင်ခွင့် ပါမစ်ရရင်တော့ အကောင်းဆုံးပဲ"

## အခန်း(၁၇၁) - ဖင်ပေါက်ကို တကယ် ထိုးခြင်း။

လင်းဟွမ်သည် လူသားစကြဲန်ကို ဖြတ်ကျော်ပြီးနောက် ဒုတိယမြောက် မွန်းစတား လှောင်အိမ်ကို ရောက်ရှိလာခဲ့သည်။

မွန်းစတား လှောင်အိမ်ထဲတွင် လက်တစ်ဖက် မျောက်ဝံကြီး ရှိနေသည်။ လက်တစ်ဖက် မျောက်ဝံသည် ဘီလူးမျိုးနွယ်ဝင် ဖြစ်ကာ လက်တစ်ဖက်တည်းသာ ရှိသောကြောင့် လက်တစ်ဖက် မျောက်ဝံဟု ခေါ်ဆိုကြခြင်း

မဟုတ်ပေ။ ၎င်း၏ လက်တစ်ဖက်သည် ပုံမှန်အရွယ်အစား ရှိပြီး ကျန်လက်တစ်ဖက်မှာ လူတစ်ယောက်၏ ခန္ဓာကိုယ်ခန့် ကြီးမားနေသောကြောင့် ဖြစ်သည်။

ရောမလက်ကြီးတွင် ကြောက်စရာကောင်းသော စွမ်းအားများရှိနေပြီး အဆင့်တူ မွန်းစတားများကို တစ်ချက်တည်းနှင့် သတ်ဖြတ်နိုင်သည်။ သို့သော် ရောမလက်ကြီး၏ အားနည်းချက်မှာ အရှိန်အဟုန် နှေးကွေးနေခြင်းပင်။ ဒါသည်လည်း ကြီးမားသော ခွန်အားကို ရရှိရန် ပေးဆောင်ရသော

စျေးနှုန်းဖြစ်သည်။ ဤလက်ကြီးနှင့် မိတ်ဆက်လိုက်ရပါက သေခြင်းတရားနှင့် နဖူးတွေ့၊ ဒူးတွေ့ ကစ်ဆင် ဆွဲရသလို ဖြစ်သွားမည်။ ထို့ကြောင့် လူတော်တော်များများသည် ထိုလက်ကြီးကို တွေ့လိုက်လျှင် သေချာပေါက် ကြောက်လန့်သွားတတ်ကြသည်။

သို့သော်လည်း လင်းဟွမ်က စာကလေး (၂၃) သေနတ် (၂) လက်ကို လက်ထဲတွင်ကိုင်ထားပြီး လူသားစကြ်န်ပေါ်တွင် လျှောက်လာနေသည့် အချိန်၌ ပြုံး၍ပင် နေသေး၏။

ထို့နောက် လက်တစ်ဖက် မျောက်ဝံကြီးကို အဆက်မပြတ် ပစ်ခတ်လိုက်သည်။ မျောက်ဝံကြီးသည် လက်တစ်ဖက်ဖြင့် မျက်နှာကို ဖုံးအုပ်လိုက်သည်။ မျောက်ဝံကြီးက မျက်နှာကို ကြီးမားသော လက်ကြီးဖြင့် ဖုံးအုပ်ထားသည့်အချိန်၌ လမ်းဟွမ်က မျောက်ဝံကြီးထံ ပြေးလွှားသွားသည်။

လင်းဟွမ်သည် တိမ်ခြေလှမ်း လှုပ်ရှားမှုကျင့်စဥ်ကို ထုတ်သုံး၍ မျောက်ဝံကြီး၏ တိုက်ခိုက်မှုများကို ပေါ့ပေါ့ပါးပါး ရှောင်တိမ်းလိုက်သည်။ မျောက်ဝံကြီးက

ကြီးမားသောလက်ကြီးကို အသုံးပြုပြီး သူ့ကိုယ်သူ ခုခံကာကွယ်နေစေရန် သေနတ်ဖြင့် မျောက်ဝံကြီး၏ မျက်နှာကို လှည့်ပစ်လိုက်သည်။ ထို့နောက် လင်းဟွမ်က နောက်တစ်ကြိမ် ပြုံးလိုက်ပြီး

"နှုတ်ဆက်ပါတယ် အကောင်ကြီး"

လင်းဟွမ်သည် နှင်းတစ္ဆေ လှုပ်ရှားမှုကျင့်စဉ်ကို အသုံးပြုပြီး တတိယမြောက် လူသားစကြဲန် ဝင်ပေါက်သို့ ခုန်ဝင်သွားပြီးနောက် ပျောက်ကွယ်သွားသည်။

လက်တစ်ဖက် မျောက်ဝံကြီးသည် ရင်ဘတ်စည်တီး၍ ဒေါသတကြီး အော်ဟစ်ရင်း ကျန်နေခဲ့သည်။ ထိုမွန်းစတား၏ အပျော့ဆုံး အစိတ်အပိုင်းမှာ ဦးခေါင်း ဖြစ်နေသည်။ ဦးခေါင်းကို တိုက်ခိုက်ခံရသည်နှင့် တပြိုင်နက် ၎င်း၏ တုံ့ပြန်မှုသည် ကြီးမားသော လက်ကြီးဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်ခြင်းပင်။ သို့သော် ထိုသို့ လုပ်ခြင်းကပင် ၎င်း၏မြင်ကွင်းကို ပိတ်ဆို့သွားစေခဲ့သည်။ လင်းဟွမ်က ထိုအခွင့်အရေးကို ကောင်းမွန်စွာ အသုံးပြုပြီး ထွက်ပြေးခဲ့သဖြင့်

တိုက်ပွဲတစ်ခုလုံးသည် (၁၀) စက္ကန့်ပင် မပြည့်လိုက်ချေ။

မကြာခင် လင်းဟွမ်သည် တတိယမြောက် လူသားစကြဲ်န်ကို ဖြတ်ကျော်ပြီးနောက် တတိယမြောက် မွန်းစတားလှောင်အိမ်သို့ ရောက်ရှိလာခဲ့သည်။ ထိုလှောင်အိမ်ထဲတွင် ငွေရောင် အကြေးခွံရှိသော သင်းခွေချပ်တစ်ကောင် ရှိနေသည်။

၎င်း၏ တိုက်ခိုက်ရေးအရှိန်နှင့် သွက်လက်မှုသည် အလယ်အလတ်သာ ဖြစ်သော်လည်း ကြောက်စရာကောင်းသော ခံစစ်စွမ်းရည်ဖြင့် မွေးဖွားလာခဲ့ခြင်း

ဖြစ်သည်။ ငွေအဆင့် (၃) သင်းခွေချပ်သည် တိုက်ခိုက်ခံရသောအခါ တစ်ကိုယ်လုံးကို ငွေရောင်ဘောလုံးကဲ့သို့ ဖြစ်သွားအောင် ခွေနေလိုက်သည်။ ထိုကဲ့သို့ ပြောင်းလဲထားပါက ရွှေ အဆင့် (၁) သို့မဟုတ် အဆင့် (၂) မွန်းစတားများပင် ဘာမှမလုပ်နိုင်ကြဘဲ လက်မှိုင်ချရသည်။

လင်းဟွမ်သည် သူ့လက်ထဲမှ ကြေးစာကလေး (၂၃) သေနတ်ဖြင့် နောက်တစ်ကြိမ် ပစ်ခတ်လိုက်သည်။ ထိုသိုပစ်ခတ်ရင်း ထွက်ပေါက်သို့ ရောက်အောင် ပြေးသွားရန် ကြိုးစားလိုက်သည်။

သို့သော် ငွေရောင် သင်းခွေချပ်က သူနှင့် တိုက်ခိုက်ရန် မကြိုးစားဘဲ ဘောလုံးတစ်ခုကဲ့သို့ ဖြစ်အောင် ခန္ဓာကိုယ်ကို ပြောင်းလဲသွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ထို့နောက် အပေါက်ဝကို ရည်ရွယ်ချက်ရှိရှိ လိမ့်သွားပြီး ပိတ်ဆို့ထားသည်။

"မင်းက ငါ့ကို နောက်နေတာလား"

လင်းဟွမ်သည် ဆွံ့အသွားသည်။

လင်းဟွမ်သည် သေနတ်မပစ်တော့ဘဲ မျက်မှောင်ကြုတ်သွားပြီး ငွေရောင်အကြေးခွံ သင်းခွေချပ် အနားသို့ လမ်းလျှောက်သွားသည်။

ငွေရောင် သင်းခွေချပ်သည် ခံ့စစ်ပုံစံ ဘောလုံးပုံစံအတိုင်း ရှိနေပြီး လင်းဟွမ်က လက်မလျှော့မခြင်း ထိုနေရာတွင် ပိတ်ဆို့ထားမည့် ပုံရှိနေသည်။ လင်းဟွမ်က ငွေရောင် သင်းခွေချပ် ဘေးတွင် မတ်ရပ်ပြီး ကန်ကျောက်ခဲ့သော်လည်း သင်းခွေချပ်က လက်တုံ့ပြန်ခြင်း မရှိခဲ့ပေ။

“ကောင်းပြီ မင်းက ငါ့ကို ဒီလိုလုပ်ဖို့ တွန်းအားပေးခဲ့တာနော်”

ထို့နောက် လင်းဟွမ်သည် မွမ်းမံထားသော သေနတ် (၂) လက်ကို သိမ်းဆည်းလိုက်ပြီး

ကြေးအဆင့် တိုက်ပွဲဝင်ဓါးကို ထုတ်ယူလိုက်သည်။ အကန့်အသတ်မဲ့ အမြင်အာရုံကို အသက်သွင်းပြီးနောက် ငွေကြေးခွံ သင်းခွေချပ်၏ ပတ်ပတ်လည်တွင် လမ်းလျှောက် နေခဲ့သည်။ ထို့နောက် မတ်တပ်ရပ်ပြီး ပြုံးလိုက်သည်။

ကြေးအဆင့် တိုက်ပွဲဝင်ဓါးကို အကြေးခွံများကြားက အဟာ တစ်ခုထဲသို့ ထိုးသွင်းလိုက်သည်။ ငွေရောင် အကြေးခွံ သင်းခွေချပ်သည် စူးစူးဝါးဝါး ထအော်ပြီး ဘေးဘက်သို့ လိမ့်ထွက်သွားသည်။ ထိုအချိန်၌

လင်းဟွမ်က တတိယ လူသားစကြဲန် ထွက်ပေါက်ထဲသို့ ပြေးဝင်သွားသည်။

ငွေရောင် အကြေးခွံ သင်းခွေချပ်သည် လင်းဟွမ်ကို သတ်ပစ်ချင်သော မျက်လုံးဖြင့် စိုက်ကြည့်နေရာ လင်းဟွမ်က ပခုံးတွန့်ပြပြီး ဓါးကိုပစ်ပေးလိုက်သည်။

"မင်းက ငါ့ကို ဒီလိုလုပ်ဖို့ ဖိအားပေးခဲ့တာပဲ။ မင်းသာ ငါ့လမ်းကိုမပိတ်ခဲ့ရင် ငါကလဲ မင်းဖင်ပေါက်ကို ဓါးနဲ့ထိုးမှာ မဟုတ်ဘူး"

"ငါလည်း ဒီခါးကို မလိုချင်တော့ဘူး။ မင်းပဲ အမှတ်တရ အနေနဲ့ သိမ်းထားလိုက်"

ထို့နောက် လင်းဟွမ်သည် ထွက်ပေါက်သို့ လျှောက်သွားသည်။ လင်းဟွမ်သည် လမ်းလျှောက်သွားနေရင်း ငွေရောင် သင်းခွေချပ်၏ မျက်နှာအမူအရာကို ပြန်လည် မြင်ယောင်လာပြီး ပြုံးလိုက်မိသည်။

ငွေရောင် သင်းခွေချပ်၏ ခံစစ်စွမ်းရည်သည် အံ့မခန်းဖြစ်သော်လည်း အရေးအကြီးဆုံး အားနည်းချက် တစ်ခု ရှိနေသည်။

ဒါသည် ခံစစ်ပုံစံပြောင်း၍ ခန္ဓာကိုယ်ကို ကွေးထားသောအချိန်၌ ၎င်း၏ ခန္ဓာကိုယ်နှင့် အမြီးကြားတွင် သေးငယ်သော အဟာလေးတစ်ခု ရှိသည်။ ပုံမှန်မျက်စိဖြင့် မြင်ရန် ခက်ခဲသော်လည်း အကန့်အသတ်မဲ့ အမြင်အာရုံ၏ အကူအညီအောက်တွင် ဒီကြေးခွံများကြားမှ အဟာကို ချဲ့ထွင်းပြီး မြင်နိုင်ခဲ့သည်။

ထိုနေရာသို့ မြင်ပါက ချွန်ထက်သောအရာနှင့် ထိုးသွင်းရန် မခက်တော့ပေ။ ထိုနေရာသည် ငွေရောင်အကြေးခွံ သင်းခွေချပ်၏ အနူးညံ့ဆုံး

အစိတ်အပိုင်းဖြစ်သော ဖင်ပေါက်ရှိသည့် နေရာဖြစ်သည်။

အစောပိုင်းက လင်းဟွမ် ဓားနှင့်ထိုးခဲ့သော နေရာသည် သင်းခွေချပ်၏ ဖင်ပေါက်ဖြစ်သည်။

လင်းဟွမ်သည် နောက်ဆုံး လူသားစကြဲန်ကို ဖြတ်ကျော် လာပြီးနောက် စကြဲန်အဆုံးနှင့် နီးကပ်လာသည်။

ထွက်ပေါက်သို့ လျှောက်လာစဉ် အသံချဲ့စက်မှ ထူးဆန်းသော အသံတစ်ခု ပေါ်လာသည်။

"အမှတ် (၂၃) ဖြေဆိုသူ လင်းဟွမ်၊ မွန်းစတားလှောင်အိမ် (၆၆) ကို ဖြတ်ကျော်ပြီး တတိယမြောက် အကဲဖြတ်မှုကို အောင်မြင် သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် မွန်းစတား အသတ်ခံရကြောင်း ကြေညာပြီး (၂) မိနစ်အတွင်းတွင် စစ်ဆေးမှု တစ်ခုလုံးကို အောင်မြင်ခဲ့သည်။

"မြန်လိုက်တာ"

ဖြေဆိုသူ တော်တော်များများက ထအော် ကြသည်။

ဦးဆောင် စာစစ်မှူး ကျန်ဆန်းပင် မနေနိုင်တော့ဘဲ ဒုတိယနှင့် တတိယမြောက် မွန်းစတား လျှောင်အိမ်များထဲတွင် လင်းဟွမ် လုပ်ဆောင်ခဲ့သော ဗီဒီယိုကို ပြန်ကြည့်လိုက်သည်။ ကျန်ဆန်းသည် ဖင်ပေါက် အထိုးခံရပြီး နာကျင်စွာ ရှုံ့မဲ့နေသော ငွေရောင်အကြေးခွံ သင်းခွေချပ်၏ အမူအရာကို မြင်လိုက်ရသောအခါ ဖင်တွန့်သွားသည်။

"ဒါက အစွမ်းထက်တဲ့ ထိန်းချုပ်သူတစ်ယောက် ဖြစ်ရုံဘဲ မဟုတ်တော့ဘူး မွန်းစတားတွေရဲ့ အလေ့အထနဲ့ အားနည်းချက်တွေကို ကောင်းကောင်း

နားလည်နေပြီ။ စိတ်ဓာတ်နဲ့စွမ်းရည်က ပါရမီရှင်တစ်ယောက်နဲ့ နီးစပ်တယ်လို့ ယူဆလို့ရတယ်။ သူ့ကိုစုဆောင်းဖို့ ထောက်ခံချက် ပေးရမယ်”

ကျန်ဆန်းက စိတ်ကျေနပ်စွာ ခေါင်းငြိမ့်လိုက်သည်။

ထို့နောက် လင်းဟွမ်၏ အစွမ်းပြထားသော ဗီဒီယိုအပြည့်အစုံကို ဒေါင်းလုဒ်လုပ်ပြီး အနှစ်ချုပ်အစီရင်ခံစားများနှင့်အတူ အဖွဲ့ခွဲ (၇) ၏ ဌာနချုပ်သို့ ပို့ပေးလိုက်သည်။

အမှန်တကယ်ဆို မုဆိုး အဖွဲ့အစည်း၏ နှစ်ပတ်လည် အကဲဖြတ်မှုတွင် ကြေးအဆင့် မုဆိုးများစုဆောင်းသည့်အပြင် လျှို့ဝှက် အကဲဖြတ်မှုလည်း ပါရှိနေကြောင်း လူအများစုက မသိကြပေ။

စာစစ်သူ အာလုံးသည် သူတို့ တစ်ယောက်ချင်းစီတိုင်းတွင် သင့်တော်သော ဖြေဆိုသူကို တွေ့ပါက ထောက်ခံချက် ပေးနိုင်သည်။

ဦးဆောင် စာစစ်သူတိုင်းသည် အကဲဖြတ်မှု တစ်ခုစီတိုင်းအတွက် (၃) ကြိမ် ထောက်ခံခွင့်

ခွဲတမ်းရထားသည်။ ထောက်ခံထားသော ဖြေဆိုသူ အားလုံးထဲမှ ဖြေဆိုသူ (၁) ယောက် ရွေးချယ် ခံရပါက ဦးဆောင်စာစစ်သူသည် စည်းစိမ်ခံနိုင်သော ဆုလာဘ်များကို ရရှိကြသည်။

ထောက်ခံချက် ပေးခဲ့သော ထိုစာစစ်သူသည် မှုဆိုးအဖွဲ့အစည်းထံမှ အရင်းအမြစ်များ ရရှိသည့်အပြင် မှုဆိုးအဖွဲ့အစည်းအတွက် ပါရမီရှင် ရှာရသော အကြီးအကဲတစ်ယောက်၏ တာဝန်လည်း ဖြစ်သည်။ သို့သော်လည်း ဖြေဆိုသူအများစုသည် အကဲဖြတ်ခြင်းကို မအောင်မြင်တတ်ကြပေ။

အဖွဲ့ခွဲ (၇) တစ်ခုလုံးတွင် အကဲဖြတ်မှု (၁၈၀) ခန့်ရှိပြီး ဦးဆောင်စစ်ဆေးသူ (၅) ဦးက ဦးဆောင်စစ်ဆေးသည်။ နှစ်စဉ် အကဲဖြတ်စစ်ဆေးမှု (၂) ခုနှင့် စာစစ်မှုုးတစ်ဦးမှ ထောက်ခံချက် (၃) ခုနှုန်းသာ ဆိုသော်လည်း မုဆိုးအဖွဲ့အစည်းသည် အဖွဲ့ခွဲ (၇) တစ်ခုထဲတွင် ထောက်ခံချက် (၅,၀၀၀) ကျော် လက်ခံရရှိနေသည်။

သို့သော်လည်း စုဆောင်းမည့် အရေအတွက်သည် (၁၀) ယောက်အောက်သာ ရှိသောကြောင့်

စုဆောင်းခံရသူသည် (၄) ဦးမှ (၅)ဦး အထိသာ ရှိသည်။

ထိုစာရင်းသည် ရုံးချုပ်သို့ ရောက်သောအခါ သက်ဆိုင်ရာမှ မန်နေဂျာမှ ပမာဏ သုံးသပ်မှု ပြုလုပ်ကြသည်။ ထို့နောက် ပြန်လည် သုံးသပ်ပြီးသော ပမာဏ သုံးသပ်ချက် အချက်အလက်များကို အခြားမန်နေဂျာများထံ ပေးအပ်သည်။ သုံးသပ်မှု လုပ်ငန်းစဉ် ပြီးဆုံးသွားသောအခါ မန်နေဂျာများသည် မျတ်ချက် တစ်ခုစီရေးကြပြီး နောက်ဆုံးအဆင့်၌ အချင်းချင်း

တွေ့ဆုံ ဆွေးနွေးကြသည်။ နောက်ဆုံး သုံးသပ်မှု ပြီးဆုံးသောအခါ အထူး လေ့ကျင့်မှုအတွက် သင့်တော်သော လျှောက်လွှာ တစ်စောင်ကို ပြင်ဆင်ကြသည်။

ဖြေဆိုသူ တစ်ယောက်သည် ထိုအဆင့်ကို ရောက်သည်နှင့် အထူးလေ့ကျင့်ရေး အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းခံရပြီး ဖြေဆိုသူသည် မြေအောက် လောကနှင့် မပက်သက်သရွေ့ အထူးလေ့ကျင်မှု ခံယူရန် အရည်အချင်း ပြည့်မီသည်။

လင်းဟွမ်၏ နာမည်ကိုပေးပို့ပြီးနောက် ပမာဏ သုံးသပ်ခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းများကို ဖြတ်ကျော်နိုင်ခဲ့သည်။

မန်နေဂျာများ အားလုံးသည် သာလွန်အဆင့်များ ဖြစ်သောကြောင့် တစ်ချက် ကြည့်ရုံဖြင့် အာဏာရှင်သည် သန္ဓေ (၂) ကြိမ် ပြောင်းထားသော မွန်းစတား တစ်ကောင်ဖြစ်ကြောင်း ပြောနိုင်ကြသည်။

သဘောတရား အရပြောရလျှင် သန္ဓေ (၂) ကြိမ် ပြောင်းထားသော မွန်းစတား တစ်ကောင်ကို

ပိုင်ဆိုင်သော ထိန်းချုပ်သူသည် အထူလေ့ကျင့်မှုကို တက်ရောက်ပါက အရင်းအမြစ်များကို တန်ဖိုး ရှိစေလိမ့်မည်။ မကြာခင်မှာပင် နောက်ဆုံး သုံးသပ်မှုအဆင့်သို့ ရောက်ရှိလာခဲ့သည်။

သုံးသပ်မှုအတွက် တာဝန်ရှိသော မန်နေဂျာသည် အဖွဲ့ခွဲ (၇) မှ မန်နေဂျာများ ဖြစ်ကြသည်။

ရှထိုက်ယု အပြင် အစည်းအဝေးအတွက် တာဝန်ရှိသော လူများသည် ပုံရိပ်ဗီဒီယိုများဖြင့် အစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။

"လောရှ၊ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ အကဲဖြတ်မှု အတွက် ငါတို့တွေ အလုပ်ရှုပ်နေခဲ့ကြတယ်။ သုံးသပ်ချက် အောင်မြင်တဲ့ လူတိုင်းအတွက် ထောက်ခံချက်ပေးဖို့ ဆန္ဒရှိနေတာလား"

အသက်အရွယ် ခန့်မှန်း၍မရနိုင်သော အမျိုးသမီး တစ်ယောက်က တခစ်ခစ် ရယ်မောရင်း ပြောလိုက်သည်။

"အဲဒီ အကြောင်းပြချက်တစ်ခုပဲ ဖြစ်နိုင်တယ်လို့ ငါလည်း ထင်နေတယ်"

ဆွဲဆောင်မှု ရှိသော အမျိုးသားတစ်ယောက်က ခေါင်းငြိမ့်ပြီး ခပ်တည်တည် ဝင်ပြောလိုက်သည်။

ရှထိုက်ယုသည် ဥက္ကဋ္ဌထိုင်ခုံပေါ်တွင် ထိုင်နေပြီး လူတိုင်းကိုကြည့်ကာ ပြုံးလိုက်သည်။

"ဒါ အမှန်ပဲ။ ငါတို့မှာ ထောက်ခံထားတဲ့ လူတစ်ယောက် ရှိနေတယ်။ ငါကိုယ်တိုင် ဆုံးဖြတ်ချက် မချနိုင်လို့ မင်းတို့ရဲ့ ထင်မြင်ချက်ကို လှမ်းတောင်းတာပဲ"

ထို့နောက် ရှထိုက်ယုသည် အကဲဖြတ်နေစဉ်အတွင်း လင်းဟွမ် လှုပ်ရှားခဲ့သော

ဗီဒီယိုဖိုင်ကို ပြသလိုက်သည်။ ဗီဒီယိုကိုကြည့်ပြီး လူတိုင်း တိတ်ဆိတ်သွားသည်။

"ဒါပဲလား။ နောက်ထပ်ဗီဒီယိုတွေ ရှိသေးလား"

ဆံပင်နှင့် မုတ်ဆိတ်များ စွတ်စွတ်ဖြူနေသော အဘိုးအိုတစ်ယောက်က မေးလိုက်သည်။

"အခု လောလောဆယ်တော့ မရှိသေးဘူး။ ထိန်းချုပ်သူ တစ်ယောက်အနေနဲ့ သူ့ရဲ့စွမ်းရည်ကို ဒီတစ်ကြိမ်ပဲ ထုတ်ပြသေးတယ်"

ရှထိုက်ယုက ခေါင်းခါပြီး ပြောလိုက်သည်။

"ဆင့်ခေါ်ထားတဲ့ မွန်းစတား ဘီလူးကြီးနဲ့ တူပေမယ့် သန္ဓေ (၂) ကြိမ် ပြောင်းထားတဲ့ မွန်းစတားအသစ်ပဲ။ ကြီးမားတဲ့ ခွန်အားကလွဲရင် တခြားအစွမ်းထက်တဲ့ စွမ်းရည်တွေ မပြသေးဘူး"

"ထိန်းချုပ်သူ ကိုယ်တိုင်ကရော ဘယ်လိုလဲ။ သူတိုက်ခိုက်ထားတဲ့ ဗီဒီယိုတွေ ရှိလား"

လူတစ်ယောက်က မေးလိုက် သည်။

ရှထိုက်ယုက ခေါင်းငြိမ့်လိုက်ပြီး မွန်းစတား လှောင်အိမ်ထဲတွင် လင်းဟွမ် လှုပ်ရှားခဲ့သော ဗီဒီယိုကို ဖွင့်ပြလိုက်သည်။

"သူ့ရဲ့ စိတ်ဓာတ်ကတော့ မဆိုးဘူး။ လှုပ်ရှားမှု စွမ်းရည်လည်း ကောင်းတယ်။ သူ့ရဲ့ကျွမ်းကျင်မှုအရ သူ့မှာ လက်သင်အဆင့် သေနတ်သမားရဲ့ စံနှုန်းရှိတယ်လို့ မြင်တယ်။ မွန်းစတား အကြောင်းလည်း ကောင်းကောင်း သိပုံရတယ်။ ဒါပေမယ့် ဒါက ထိန်းချုပ်သူအားလုံးမှာ ရှိသင့်တဲ့ အရည်အသွေး တစ်ခုပဲ။ သာမန် ပါရမီရှင် တစ်ယောက်လို့တော့ ယူဆလို့ရပါတယ်။ အဲဒါကလွဲရင် တခြား ဘာမှ ပြောစရာမရှိဘူး"

ဆံပင်ဖြူနေသော အဘိုးအိုက မှတ်ချက်ပေးလိုက်သည်။

"သန္ဓေ (၂) ကြိမ်ပြောင်းထားတဲ့ မွန်းစတားတစ်ကောင်ကြောင့် သူ့ကို အထူးလေ့ကျင့်ရေးမှာ နေရာလွတ်တစ်ခု ပေမယ်ဆိုရင်တော့ ငါသဘောမတူဘူး"

"သန္ဓေ (၂)ကြိမ် ပြောင်းထားတဲ့ မွန်းစတားက သူပြထားတဲ့ အရာအရတော့ သူ့မှာ ခွန်အားတစ်ခုပဲရှိတယ်။ ခွန်အားကို အခြေခံတဲ့ မွန်းစတားမျိုးပဲ။ ရောမဘီလူးကြီးနဲ့ ဆင်တူတဲ့အရာ တစ်ခုလို့

ပြောရင်မမှားဘူး။ သာလွန် အဆင့် တက်လှမ်းရင်တောင် သူ့ရဲ့ ဉာဏ်ရည်က မတိုးတက်လာနိုင်ဘူး။ ဘာဖြစ်လို့ သူ့ကို အထူးလေ့ကျင့် ပေးမှာလဲ”

“ငါ ကြည့်ရသလောက် ဆိုရင်တော့ ဒီမွန်းစတား တစ်ကောင်တည်းဆိုရင် လေ့ကျင့်ပေးဖို့ မထိုက်တန်ဘူး။ သန္ဓတစ်ကြိမ်ပဲ ပြောင်းထားတဲ့ မွန်းစတား တစ်ကောင်နဲ့ ဘာမှမကွာဘူး။ အထူးလေ့ကျင့်ရေးကို ငါတော့ သဘောမတူဘူး။ မထောက်ခံဘူး”

“ဒီ မွန်းစတားလေး တစ်ကောင်တည်းနဲ့ သူ့ရဲ့ အနာဂတ်ကို ငါတို့မမြင်နိုင်ဘူး”

စကားပြောခဲ့သော အမျိုးသမီးကလည်း ခေါင်းခါပြီး ပြောလိုက်သည်။

“ငါလည်း သဘောမတူဘူး”

“ငါလဲ လက်မခံဘူး”

“ငါလည်း သဘောမတူဘူး”

……….

နောက်ဆုံး သုံးသပ်ချက်တွင် လူတိုင်းက လင်းဟွမ်ကို ပယ်ချလိုက်သည်။

ရှထိုက်ယုက ခေါင်းငြိမ့်လိုက်ပြီး

"ငါ နားလည်ပြီ။ သူ့ကို ဖယ်ထားလိုက်မယ်"

## အခန်း(၁၇၂) - ငါက ရင်ဘတ်ပြားတဲ့ မိန်းမတွေကို စိတ်မဝင်စားဘူး။

လင်းဟွမ်သည် အထူးလေ့ကျင့်ရေး စာရင်းထဲတွင် ထည့်သွင်းရန် ထောက်ခံခြင်း ခံခဲ့ရသည့် အကြောင်းကို မသိခဲ့သလို နောက်ဆုံး သုံးသပ်ချက်တွင် ပယ်ချခြင်း ခံခဲ့သည့် အကြောင်းကိုလည်း မသိခဲ့ပေ။

တတိယ အကဲဖြတ်မှု၊

မွန်းစတား လှောင်အိမ်ထဲမှ လမ်းလျှောက်ထွက်လာသောအခါ မုဆိုးအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ယောက်သည် သူ့ထံ ချဉ်းကပ်လာပြီး အင်ပါယာနှလုံးသားလက်စွပ်ကို ပေးလိုက်သည်။

"ဒီမှာရော့ ၊မင်းရဲ့ အင်ပါယာနှလုံးသား လက်စွပ်"

လင်းဟွမ်သည် အင်ပါယာ နှလုံးသာလက်စွပ်ကို ဝတ်ဆင်ပြီး သူ၏ လက်စွပ် ဟုတ်၊မဟုတ် အတည်ပြုရန် ဖွင့်ကြည့်လိုက်သည်။ ထို့နောက်

"ကျေးဇူးတင်ပါတယ်၊ စတုတ္ထ အကဲဖြတ်မှုက ဘယ်တော့လောက် စမလဲဆိုတာ သိနိုင်မလား"

“ငါတို့ရဲ့ ခန့်မှန်း တွက်ချက်မှုအရ ဒီအကဲဖြတ်မှုက နာရီငါးဆယ်ထက် ပိုကြာအုံးမယ်။ မင်းမှာ အနားယူဖို့ နှစ်ရက် အချိန်ရလိမ့်မယ်။ စတုတ္ထအကဲဖြတ်မှုအတွက် အချိန်အတိအကျ အတည် မပြုနိုင်သေးဘူး။”

ဝန်ထမ်းက ရှင်းပြသည်။

“ဒါက ဘယ်နေရာလဲ၊ အနီးအနားမှာ ဟိုတယ်ရှိလား”

နောက်တစ်ကြိမ် အကဲဖြတ်ရန် နှစ်ရက်ခန့် လိုနေသောကြောင့် လင်းဟွမ်က ဟိုတယ်သွားပြီး အခန်း ယူထားလိုက်မည်ဟု တွေးထားလိုက်သည်။

"တောင်းပန်ပါတယ်၊ ဒါက အဆင့် (၄) တောရိုင်းဇုန်၊ နတ်ဆိုးလေးကျွန်းပဲ။ ဒီနေရာမှာ ဟိုတယ်တွေ မရှိဘူး၊ ဒီနှစ်ရက်အတွင်းမှာ ဖြေဆိုသူ အားလုံးက သူတို့ရဲ့ နေရာထိုင်ခင်းနဲ့ အစားအသောက်ကို ကိုယ်ဘာသာကိုယ် ဖြေရှင်းရမယ်။"

ဝန်ထမ်းက ရှင်းပြသည်။

"ဒါက နတ်ဆိုးလေးကျွန်းလား"

လင်းဟွမ်သည် မျက်လုံးပြူးသွားပြီး အသံက ရုတ်တရက် ကျယ်သွားသည်။

ဝန်ထမ်းများသည် လင်းဟွမ်က ဘာကြောင့် ဤကဲ့သို့ အသံကျယ်လာလည်း ဆိုသည်ကို နားမလည်သော်လည်း ခေါင်းညိတ်ပြလိုက်သည်။

လင်းဟွမ်သည် အကဲဖြတ်မှုမှာ မပါဝင်ခင် ငွေ့အဆင့် တက်လှမ်းမည့် ကံကြမ္မာမျိုးစေ့ သားကောင်မွန်းစတားကို ရွေးချယ်ခဲ့သောကြောင့် စိတ်လှုပ်ရှားနေသည်။ တိုက်ဆိုင်စွာပင် သူ

လိုချင်သော ကံကြမ္မာမျိုးစေ့ မွန်းစတားသည် ဤကျွန်းပေါ်တွင် ရှိနေသည်။

ဤကျွန်းပေါ်တွင် နတ်ဆိုးများ၊ မသေမျိုးမွန်းစတားများနှင့် ဝိညာဉ်မွန်းစတားများ ပြန့်ကျဲနေသည်။ လင်းဟွမ် ရွေးချယ်ထားသော မွန်းစတားသည် ငွေးဓါး ဓါးမိစ္ဆာ ဟုခေါ်သော မသေနိုင်သော မွန်းစတားဖြစ်သည်။

ထိုမွန်းစတားကို ရွေးချယ်ရသော အကြောင်းအရင်းမှာ ထိုမွန်းစတား၏ စွမ်းရည်သည် သာလွန်အဆင့်သို့ ရောက်သောအခါ

လျှို့ဝှက်စွမ်းရည်အဖြစ် ပြောင်းလဲသွားသောကြောင့် ဖြစ်သည်။

မပြောင်းလဲခင် အာရုံခံ စက်ဝိုင်းဟုခေါ်သော စွမ်းရည်တစ်ခု ရှိသည်။ အာရုံခံစက်ဝိုင်းကို အသက်သွင်းလိုက်ပါက အာရုံခံနိုင်သော နယ်ပယ် တစ်ခုပေါ်လာပြီး အသုံးပြုသူသည် ထိုနယ်ပယ်အတွင်း ဖြစ်ပျက်နေသော အရာများကို ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။

ထို့နောက် ထိုစွမ်းရည်သည် သာလွန်အဆင့်ကို ရောက်သွားပါက အကြွင်းမဲ့ လွှမ်းမိုးခြင်းသို့

ပြောင်းလဲသွားပြီး အသုံးပြုသူကို နယ်မြေ၏ အစိတ်အပိုင်းအား သူ၏ ကိုယ်ပိုင်တိုက်ခိုက်ရေး နေရာအဖြစ် လွှမ်းမိုးစေနိုင်သည်။

ငင်းသည် အစွမ်းထက်သော တိုက်ခိုက်ရေးကို အခြေခံသည့် လျှို့ဝှက်စွမ်းရည်တစ်ခု ဖြစ်သည်။ လင်းဟွမ်သည် ငွေအဆင့် ကံကြမ္မာမျိုးစေ့ မွန်းစတားအမျိုးအစား နှစ်ဆယ် ကျော်ထဲမှ ထိုမွန်းစတားကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒါသည် သူအလိုချင်ဆုံး လျှို့ဝှက်စွမ်းရည်တစ်ခု ဖြစ်သည်။

"နတ်ဆိုးလေးကျွန်း…"

လင်းဟွမ်၏ စိတ်လှုပ်ရှားမှုသည် ခဏတာမျှ ကြာမြင့်ခဲ့ပြီး ထိုကိစ္စကို လက်တွေ့အကောင်အထည် ဖော်ရန် စဉ်းစားလိုက်သည်။

“နှစ်ဝက်အတွင်း သံအဆင့်ကနေ ငွေအဆင့်ထိ တက်လှမ်းတာက ငါ့အတွက် နည်းနည်းလေး မြန်လွန်းတယ်။ ဒါပေမဲ့ အာဏာရှင်ရဲ့ တည်ရှိမှုကို ထုတ်ဖော်ပြီး ကတည်းက လူတွေရဲ့အမြင်မှာ ငါက သန္ဓေပြောင်း မွန်းစတားတစ်ကောင်ကို ရထားတာ ကံကောင်းတယ်လို့ ထင်ကြလိမ့်မယ်။ ငါ့မှာ တကယ်ရှိတဲ့ အရည်အချင်းတွေကို မပြသရင် ငါက

လေ့ကျင့်ပေးဖို့ ထိုက်တန်တယ်လို့ သူတို့ယူဆကြမှာ မဟုတ်ဘူး။ ငါက နှစ်ဝက်အတွင်း သာမန်လူ တစ်ယောက်ကနေ ငွေအဆင့်ကို မြှင့်တင်ခဲ့ရင်တောင် ကိစ္စမရှိဘူး။ မုဆိုးအဖွဲ့အစည်းက သိခဲ့ရင်တောင် တခြားအဖွဲ့အစည်းက ငါ့ကို မခေါ်သွားစေချင်တဲ့အတွက် ငါ့အတွက် လျှို့ဝှက်ထားပေးနိုင်တယ်”

လင်းဟွမ်သည် စောင့်ဆိုင်း နေမည့်အစားအကဲဖြတ်မှုမပြီးခင် ကျွန်းပေါ်တွင် ငွေအဆင့်အထိ အဆင့်မြှင့်တင်ရန် ဆုံးဖြတ်လိုက်သည်။

“နှစ်ရက် အနားယူရမယ် ဆိုတာက အတည်လား”

လင်းဟွမ်က ဝန်ထမ်းကို ချက်ချင်း မေးလိုက်သည်။

“ဒီနှစ်ရက် အတွင်းမှာ ဒီနေရာမှာ ရှိနေတဲ့ မွန်းစတားအချို့ကို သတ်ပစ်ဖို့ စဉ်းစားထားတယ်။ နှစ်ရက်ကြာရင် ပြန်လာခဲ့မယ်”

“ဒါက အတည်ပြုပြီးသားပါ။ စိတ်မပူနဲ့ မင်း လေ့ကျင့်နိုင်တယ်။ ဒါပေမယ့် အကဲဖြတ်မှု မတိုင်ခင် ခွန်အားနဲ့ စွမ်းအင်တွေကို မဖြုန်းတီးဘဲနဲ့ ကောင်းကောင်း အနားယူဖို့ အကြံပေးချင်တယ်”

ဝန်ထမ်းက ခေါင်းညိတ် ခဲ့သော်လည်း သတိပေးရန် မမေ့ခဲ့ပေ။

"ငါ ဘာလုပ်ရမယ်ဆိုတာ သိပါပြီ ကျေးဇူးတင်ပါတယ်။"

လင်းဟွမ်သည် စကားပြောပြီးနောက် တောထဲသို့ အလျင်စလို လျှောက်သွားသည်။

ရှားယုသည် ထွက်ခွာသွားသော လင်းဟွမ်ကို မြင်လိုက်သောအခါ တစ်ချက် တုံ့ဆိုင်းသွားသော်လည်း နောက်မှလိုက်သွားသည်။

မကြာခင် လင်းဟွမ်သည် သူ့နောက်ကို တစ်ယောက်ယောက် လိုက်နေကြောင်း သတိထားလိုက်မိသည်။ သစ်ကိုင်းပေါ်မှ ခုန်ချရင်း ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ ကြေးစာကလေး (၂၃) သေနတ်ဖြင့် သစ်ပင်တစ်ပင်ကို ချိန်လိုက်ပြီး

"မင်းဘာသာမင်း ထွက်လာခဲ့။ ပုန်းမနေနဲ့"

"မင်းက တော်တော် သတိကြီးတာပဲ"

ရှားယုသည် တခစ်ခစ် ရယ်မောရင်း သစ်ပင်နောက်မှ ထွက်လာသည်။

"ဘာလို့ ငါ့ နောက်ကို လိုက်နေတာလဲ"

လင်းဟွမ်က သေနတ်နှင့် ချိန်ရွယ်ရင်း ရန်လိုသောအမူအရာဖြင့် မေးလိုက်သည်။

သူမသည် အန္တရာယ်ကင်းသည့် ပုံရှိသော်လည်း လင်းဟွမ်က သူမကို မည်သည့်အခါမှ လျှော့မတွက်ခဲ့ပေ။

ယခုအချိန်အထိ လင်းဟွမ်သည် အကဲဖြတ်မှုတွင် သူမပါဝင်ရသော ရည်ရွယ်ချက်ကို မသိသေးပေ။ သူမ၏ လုပ်ဆောင်မှုကြောင့် အကဲဖြတ်မှုရလဒ်ကို

ဂရုမစိုက်ကြောင်း ထင်ရှားနေသလို သူမက အင်မတန် ထူးချွန်နေသည်။

ထိုအချက်ကို အစောပိုင်းက ပေါင်းပင် သလင်းကျောက်အတွက် တိုက်ပွဲ ဝင်နေစဉ် အချိန်ကတည်းက သတိထားခဲ့မိသည်။ သူမက အရာအားလုံး ထုတ်မပြခဲ့သော်လည်း ကြေးအဆင့် မုဆိုးများကို အလွယ်တကူ အနိုင်ယူနိုင်ကြောင်း ပြောရန် မခက်လှပေ။

"ဘာမှ မဟုတ်ပါဘူး။ နောက်ထပ် နှစ်ရက်လောက် လုပ်စရာမရှိလို့ မင်းနဲ့တွဲမလားလို့"

ရှားယုက လင်းဟွမ်ကို ပြုံးပြီးပြောလိုက်သည်။

"မင်း တခြား တစ်ယောက်ယောက်ကို သွားရှာလိုက်။ ငါ့မှာ အချိန်မရှိဘူး"

လင်းဟွမ်က သူမကို ချက်ချင်းငြင်းလိုက်သည်။ မရင်းနှီးသော လူတစ်ယောက်နှင့် အမြီးတန်းပြီး လျှောက်မသွားချင်ပေ။

"ဟေး၊ အနည်းဆုံးတော့ ငါကအလှလေး တစ်ယောက်ပဲ၊ ငါ မင်းနောက်ကို လိုက်နေတာက ဂုဏ်ယူစရာပဲ။"

ရှားယုက ခါးထောက်ပြီး ပြန်ပြောသည်။

"မလိုချင်ဘူး၊ ရင်ဘတ်ပြားတဲ့ ကောင်မလေးတွေက စိတ်ဝင်စားဖို့ မကောင်းဘူး။ ငါ့နောက်ကို မလိုက်နဲ့"

လင်းဟွမ်က သေနတ်ကို ကိုင်ထားရင်း အလက်ဇန္ဒြားလင်းယုန်ကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် ရှားယု၏မြင်ကွင်းမှ လျင်မြန်စွာ ပျောက်ကွယ်သွားသည်။

"ရင်ဘတ်ပြားတယ်။ သူကငါ့ကို ရင်ဘတ်ပြားတယ်လို့ ပြောရဲတာလား"

ရှားယုသည် လင်းဟွမ် ပြောခဲ့သောစကားကြောင့် ခဏမျှ ကြောင်အနေခဲ့ပြီးနောက် သူ့မဘေးရှိ သစ်ပင်တစ်ပင်ကို ဒေါသတကြီး ထိုးလိုက်သည်။ သစ်ပင်သည် ခါးတစ်ဝက်မှ ကျိုးကျသွားသည်။

လင်းဟွမ်သည် ရှားယု လက်ထဲမှ လွတ်မြောက်လာပြီးနောက် ငွေခါး ခါးမိစ္ဆာ တည်ရှိသော ကိုဩဒိနိတ်ကို ရှာတွေ့ခဲ့သည်။ ကျွန်းပေါ်တွင် ထိုမွန်းစတားများ၏ အသိုက် နှစ်ခုသာရှိသည်။ အရေအတွက်က အကန့်အသတ် ရှိသည်။

လင်းဟွမ်သည် မြေပြင်ပေါ်သို့ ဆင်းသက်လာပြီးနောက် အလက်ဇန္ဒြားလင်းယုန်ကို ပြန်သိမ်းလိုက်သည်။ ထို့နောက် အကန့်အသတ်မဲ့ အမြင်အာရုံ အသက်သွင်းပြီးနောက် ငွေခါး ခါးမိစ္ဆာ ရှိသော အသိုက်ရှိရာဘက်သို့ ပြေးသွားခဲ့သည်။

သတ်ဖြတ်လိုက်ပါက ပိုကောင်းသော ကံကြမ္မာမျိုးစေ့ကို ရရှိနိုင်ရန် အခွင့်အလမ်း ပိုများသည့် သန္ဓေပြောင်း ငွေခါး ခါးမိစ္ဆာ တစ်ကောင်ကို ရှာဖွေချင်ခဲ့သည်။

ငွေခါး ခါးမိစ္ဆာများသည် ငွေရောင်သံချပ်ကာ ပါရှိသော လူသားပုံစံနှင့် ဆင်တူသည့်သက်ရှိများ ဖြစ်သည်။ ၎င်းတို့၏ ချပ်ဝတ်တန်ဆာ အတွင်းပိုင်းတွင် အနက်ရောင် မြူခိုးများ ဖုံးလွှမ်းနေပြီး ၎င်းတို့၏ ခမောက်အတွင်းတွင် မီးတောက်နေသော မျက်လုံး နှစ်လုံးကိုသာ မြင်နိုင်သည်။

မျက်လုံးသည် ၎င်းတို့၏ တစ်ခုတည်းသော အားနည်းချက် ဖြစ်သည်။ လင်းဟွမ်သည် ထိုနယ်မြေတစ်ဝိုက်တွင် ပုန်းအောင်းပြီး လိုက်ကြည့်ခဲ့သော်လည်း သန္ဓေပြောင်း ခါးမိစ္ဆာကို

မတွေ့ခဲ့ရပေ။ ခဏမျှ တုံ့ဆိုင်းသွားပြီးနောက် အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်ကာ ဒုတိယအသိုက်သို့ ဦးတည်သွားလိုက်သည်။

ထိုအသိုက်သို့ ရောက်သောအခါ သန္ဓေပြောင်း ဓါးမိစ္ဆာကို တွေ့လိုက်ရသည်။ လင်းဟွမ်သည် တွေ့တွေ့ခြင်းတွင် တုန်လှုပ် သွားသော်လည်း မကြာခင် ငွေဓါး ဓါးမိစ္ဆာတွင် မျက်လုံး တစ်လုံးတည်းသာ ရှိသောကြောင့် သန္ဓေ ပြောင်းထားသော လက္ခဏာ ဖြစ်နေသဖြင့် စိတ်လှုပ်ရှားလာသည်။

ငွေခါးမိစ္ဆာ၏ အာရုံခံနယ်ပယ်သည် မီတာ (၁၀၀) ပတ်လည်သာ ရှိသောကြောင့် လင်းဟွမ်သည် မီတာ(၂၀၀) အကွာတွင် ရပ်နေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ဤငွေခါး ခါးမိစ္ဆာက သူ့ကို ရှာဖွေတွေ့ရှိ သွားခဲ့သည်။ ဤအချက်က သူ လိုချင်သော သန္ဓေပြောင်း မွန်းစတားတစ်ကောင် ဖြစ်နေကြောင်း သေချာသွားစေသည်။

## အခန်း(၁၇၃) - မျက်လုံးတစ်ဖက် ဓါးမိစ္ဆာ။

လင်းဟွမ်သည် မျက်လုံးတစ်ဖက် ဓါးမိစ္ဆာက သူ၏တည်ရှိမှုကို ရှာဖွေတွေ့ရှိသွားကြောင်း သိသော်လည်း မလှုပ်ရှားခဲ့ပေ။

သို့သော် အနီးအနားရှိ အခြား ငွေဓါး ဓါးမိစ္ဆာများကလည်း လင်းဟွမ်က အနားကို ရောက်နေကြောင်း သတိထားလိုက်မိပြီး အားလုံးက လင်းဟွမ်၏ ရှိနေသောနေရာကို လှမ်းကြည့် လာကြသည်။

ခါးမိစ္ဆာများတွင် စိတ်ခြင်း ဆက်သွယ်နိုင်သော စွမ်းရည်ရှိကြောင်း သူသိသည်၊ ၎င်းတို့အနက်မှ တစ်ဦးသည် အာရုံခံနယ်ပယ်အတွင်းရှိ ရန်သူများကို ရှာဖွေ တွေ့ရှိသည်နှင့် အနီးအနားရှိ ၎င်းတို့၏ ရဲဘော်များထံ သတင်း မျှဝေပေးကြသည်။

လင်းဟွမ်သည် ခါးမိစ္ဆာ (၁၀) ယောက်ကျော်က သူ့ကို တစ်ပြိုင်နက်တည်း ဝိုင်းကြည့်နေကြောင်း သိလိုက်သောအခါ စိတ်လှုပ်ရှားမှုများ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားသည်။ အသိုက် တစ်ခုလုံးတွင် ငွေခါး ခါးမိစ္ဆာ (၈၀) ကျော်ရှိသည်။

သူတို့အားလုံးသည် လင်းဟွမ်၏ တည်နေရာကို သိသွားကြသည်။

မျက်လုံးတစ်ဖက် ခါးမိစ္ဆာက ပထမဦးဆုံး လှုပ်ရှားလိုက်သည်နှင့် ကျန်သည့် ခါးမိစ္ဆာများကလည်း လင်းဟွမ်ကို ချက်ခြင်း တိုက်ခိုက်ရန် ညွှန်ကြားချက် ရလိုက်သည့်ပုံရှိသည်။ သူတို့အားလုံးသည် လင်းဟွမ် ပုန်းနေသည့်နေရာကို ပြေးလာကြသည်။

"ရုပ်ဆိုးလူရွှင်တော်က ငါ့အတွက် လှည့်ကွက် လုပ်ပေးနိုင်မယ် တွေးနေခဲ့တာ အခု

ကြည့်ရတာတော့ အကြမ်းဖက်မှုကပဲ တစ်ခုတည်းသောအဖြေ ဖြစ်တဲ့ပုံပဲ”

လင်းဟွမ်က ခေါင်းခါလိုက်ပြီး

“အာဏာရှင် ထွက်လာခဲ့”

အာဏာရှင်သည် လင်းဟွမ်ရှေ့တွင် ချက်ချင်း ပေါ်လာသည်။

“မျက်လုံး နှစ်လုံးရှိတဲ့ကောင်တွေကို ရိုက်ပြီး မျက်လုံး တစ်လုံတည်းရှိတဲ့ကောင်ကို ဖမ်းထား။”

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

ထို့နောက် အာဏာရှင်သည် သူတို့ကို ဝိုင်းထားသော ငွေခါး ခါးမိစ္ဆာအုပ်ကြီးထဲသို့ ဒလကြမ်း ပြေးဝင်သွားသည်။

လင်းဟွမ်လှမ်းကြည့်လိုက်ရာ ငွေခါး ခါးမိစ္ဆာ အုပ်ကြီးသည် ကူကယ်ရာမဲ့နေသော သိုးအုပ် တစ်အုပ်နှင့် တူနေသည်။ သူတို့သည် အာဏာရှင်ကို တိုက်ခိုက်ရန် ခက်ခဲနေသည်။ အာဏာရှင်၏ ပထမဦးဆုံး တိုက်ခိုက်မှာပင် ငွေခါး ခါးမိစ္ဆာ တော်တော်များများ သေသွားကြပြီး မည်သူကမျှ အာဏာရှင်ကို အနိုင် မယူနိုင်ကြပေ။

(၁၀) ယောက်ထက် မနည်းသော ခါးမိစ္ဆာများသည် လျင်မြန်စွာ ရှုံးနိမ့်သွားကြသည်။ ထိုခါးမိစ္ဆာများသည် အသက်ရှင်နေ သေးသော်လည်း ၎င်းတို့၏ ချပ်ဝတ်တန်ဆာများသည် ပုံပျက်၊ပန်းပျက် ဖြစ်နေကြပြီး ပြန်ကောင်းလာရန် အချိန်အနည်းငယ် ကြာလိမ့်မည်။

ထို့နောက် အာဏာရှင်၏ တိုက်ခိုက်မှုသည် မျက်လုံးတစ်ဖက် ခါးမိစ္ဆာ တစ်ကောင်တည်းကိုသာ ဦးတည်သွားသည်။

မျက်လုံးတစ်ဖက် ခါးမိစ္ဆာသည် အာဏာရှင်က သန္ဓေပြောင်း မွန်းစတားတစ်ကောင် ဖြစ်ပြီး သူ့ထက်မြင့်မားကြောင်း သိသော်လည်း ကြောက်ရွံ့ခြင်း မရှိဘဲ အာဏာရှင်ကို ပြန်တိုက်ခိုက်ခဲ့သည်။

ခါးတစ်ချောင်းက အာဏာရှင်၏ လည်ပင်းထံ တိုးဝင်လာသည်။

အရှိန်အဟုန်က ကြောက်စရာ ကောင်းလွန်းသဖြင့် လင်းဟွမ်သည် ထိုတိုက်ခိုက်မှုကို အရိပ်သာ မြင်လိုက်ရသည်။

သို့သော်လည်း ထိုတိုက်ခိုက်မှုသည် အာဏာရှင်၏ လည်ပင်းကို ထိမှန်သွားသော်လည်း ဆံချည်မျှင် တစ်မျှင်စာသာ အကက်ကွဲ သွားခဲ့ပြီး အချိန်တိုလေးအတွင်း ပြန်ကောင်းလာခဲ့သည်။

မျက်လုံးတစ်ဖက် ခါးမိစ္ဆာက နောက်တစ်ကြိမ် တိုက်ခိုက်ရန် လုပ်လိုက်စဉ် အာဏာရှင်က ခါးမိစ္ဆာကို ဖမ်းချုပ်ထားလိုက်သည်။

မျက်လုံးတစ်ဖက် ခါးမိစ္ဆာကို ဖမ်းမိပြီးနောက် လင်းဟွမ်ထံ လျှောက်သွားကာ မျက်လုံးတစ်ဖက် ခါးသမိစ္ဆာကို လင်းဟွမ်ရှေ့တွင် ဒူးထောက်လျက်

ချထားလိုက်သည်။ မျက်လုံးတစ်ဖက် ဓါးသမိစ္ဆာကို မလွတ်ပေးဘဲ ခေါင်းကို ဆွဲမော့လိုက်သည်။

လင်းဟွမ်သည် ဓါးမိစ္ဆာ၏ ခေါင်းကို ဆွဲမော့လိုက်သော အာဏာရှင်၏ အပြုအမူကြောင့် အံ့အားသင့်သွားပြီး

"သူတို့ရဲ့ အားနည်းချက်က မျက်လုံးပဲဆိုတာ မင်းသိနေတာလား"

အာဏာရှင်က ခေါင်းညိတ်လိုက်သည်။

"ငါ့ရဲ့ အဆင့်တက်လှမ်းဖို့ ကံကြမ္မာမျိုးစေ့အတွက် သတ်ပစ်ချင်တယ်ဆိုတာရော မင်းသိလား"

လင်းဟွမ်က ထပ်မေးလိုက်သည်။

အာဏာရှင်က နောက်တစ်ကြိမ် ခေါင်းညိတ်ပြသည်။

ထိုအခါ လင်းဟွမ်သည် အာဏာရှင်၏ ဉာဏ်ရည်ကို လျှော့တွက်ခဲ့မိကြောင်း သိလိုက်သည်။ အာဏာရှင်သည် နှစ်ကြိမ်တိုင်တိုင် သန္ဓေပြောင်းလဲထားသော်လည်း ဉာဏ်ရည်က တိုးတက်ခြင်းမရှိဘူးဟု အမြဲတမ်း ထင်နေခဲ့သည်။

သို့သော်လည်း အာဏာရှင်၏ ဉာဏ်ရည်သည် ပိုင်နှင့် ဆင်တူပုံရသည်။

မုဆိုးအဖွဲ့အစည်းမှ မန်နေဂျာများသည် ဒါကို ကြည့်မိလျှင် အံ့သြသွားလိမ့်မည်။

ဘီလူးများနှင့် ဆင်တူသော မွန်းစတားများသည် သန္ဓေ နှစ်ကြိမ်ပြောင်းလဲထားသော်လည်း ၎င်းတို့၏ ဉာဏ်ရည်သည် သိသိသာသာ တိုးတက်လာခြင်း မရှိသောကြောင့် တန်ဖိုးထားခြင်း မရှိကြပေ။

ထိုမွန်းစတားများသည် သာလွန်အဆင့်ကို ရောက်လျှင်ပင် ၎င်းတို့၏ တိုက်ပွဲဗီဇအရသာ

တိုက်ခိုက် တတ်ကြသည်။ ၎င်းတို့ လုပ်နိုင်သည်မှာ ပေါက်ကွဲအားနှင့် တိုက်ခိုက်ခြင်းပင်။ ၎င်းတို့၏ ဉာဏ်ရည် တိုးတက်မှုနှုန်းသည် အင်မတန် နည်းပါသည်။

"အာဏာရှင်၊ ဒီနေ့တော့ မင်းကင်ါ့ကို စပရိုက် တိုက်လိုက်ပြီ"

လင်းဟွမ်က ချီးကျူးလိုက်သည်။

အာဏာရှင်သည် သွားပေါ်အောင် အပြုံးကြီးကြီး ပြန်ပြုံးပြသည်။ သို့သော် လင်းဟွမ်သည် ဘာကြောင့် ပြုံးပြလဲဆိုသည်ကို မသိပေ။

"ကောင်းပြီ ငြိမ်ငြိမ်လေး ကိုင်ထား ငါသတ်တော့မယ်"

လင်းဟွမ်သည် သို့လျှောင် လက်စွပ်ထဲမှ အနက်ရောင် တိုက်ပွဲဓားကို ထုတ်ယူလိုက်သည်။ လေထဲတွင် ဓါးက ဖျတ်ခနဲ လက်သွားပြီး ဓါးထိပ်ဖျားက မျက်လုံးတစ်ဖက် ခားမိစ္ဆာ၏ မျက်လုံးထဲသို့ တည့်တည့် တိုးဝင်သွားသည်။

မကြာခင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"ရှားပါးအဆင့် မွန်းစတား ကတ် - မျက်လုံးတစ်ဖက် ခေါ်ေးမိစ္ဆာကတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ကတ်၏ အသေးစိတ် အချက်အလက်များကို မကြည့်ရသေးခင် အဖြူရောင် ကံကြမ္မာ အလင်းများက တစ်ကိုယ်လုံး ဖုံးအုပ်သွားသည်။ ခန္ဓာကိုယ်ထဲတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာသည်။

တောက်ပသော ကံကြမ္မာ အလင်းများအောက်တွင် ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာ

စက်ဝိုင်းများ၏အရောင်သည် စတင် ပြောင်းလဲလာသည်။ ယခုအခါ ငွေရောင်များ လင်းထိန်နေသည်။

ကံကြမ္မာစက်ဝိုင်း ခြောက်ခုအပြင် နောက်ထပ် ကံကြမ္မာစက်ဝိုင်း သုံးခု ထပ်ပေါ်လာသည်။

ကံကြမ္မာ စက်ဝိုင်းအတွင်းရှိ တိုင်းများသည် ယခင်ကအတိုင်း တိုင်ပေါင်း (၃၆၀) ရှိသည်။ အသစ်ထည့်ထားသော ကံကြမ္မာ စက်ဝိုင်းများသည် ဗလာဖြစ်နေပြီး ကံကြမ္မာစွမ်းအားများ မရှိပေ။

နဂိုက ရှိနေသော ကံကြမ္မာ စက်ဝိုင်းထဲတွင်မူ ကံကြမ္မာစွမ်းအားများ ပြည့်နေသည်။ ထို့နောက် အရောင်လည်း ပြောင်းလာကာ မူလ စိမ်းပြာရောင်မှ ငွေရောင် ဖြစ်လာသည်။ ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို အသုံးပြု၍ ပွားထားသော ကံကြမ္မာစက်ဝိုင်း လေးခုလည်း ပြောင်းလဲလာသည်။

အသွင်ကူးပြောင်းမှု ဖြစ်စဉ် ပြီးဆုံးသည်နှင့် မျက်လုံးတစ်ဖက် ဓါးမိစ္ဆာ၏ ခန္ဓာကိုယ်ထဲမှ လက်မအရွယ်ရှိ ခဲနက်ရောင် ပုတီးစေ့ တစ်စေ့ ထွက်လာပြီး လင်းဟွမ်၏ ကိုယ်ခန္ဓာထဲရှိ

ငွေရောင်ကံကြမ္မာစက်ဝိုင်း အသစ်ထဲသို့ ဝင်ရောက်သွားသည်။

"ကံကြမ္မာ မျိုးစေ့အသစ်ကို တွေ့ထားတယ်။ ကတ်အဖြစ် ပြောင်းလဲချင်ပါသလား။"

ရှောင်ဖိန်က မေးလာသည်။

"ပြောင်းမယ်။"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

ရှောင်ဖိန်က နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"ကံကြမ္မာ မျိုးစေ့ကို ကတ်တစ်ကတ်အဖြစ် ဖန်တီးပြီးပါပြီ"

ထို့နောက် လင်းဟွမ်သည် ကံကြမ္မာမျိုးစေ့ ကတ်အသစ်ကို ကြည့်လိုက်သည်။

"ကံကြမ္မာမျိုးစေ့ကတ်"

"ကံကြမ္မာမျိုးစေ့ နာမည် - အာရုံခံ စက်ဝိုင်း"

"ရှားပါးအဆင့်- ရှားပါး"

"အမျိုးအစား- စိတ်စွမ်းအား"

“စွမ်းရည်ရဲ့ အကျိုး သက်ရောက်မှု - အသုံးပြုသူရဲ့ အာရုံခံနယ်ပယ်အတွင်း မတ်တပ် ရပ်လိုက်တာနဲ့ အသုံးပြုသူက မီတာ (၃၀၀) အချင်းဝက် အတွင်းမှာရှိတဲ့ အဖြစ်အပျက်များကို ပြတ်ပြတ်သားသား မြင်နိုင်တယ်။”

“ကတ်မှတ်ချက် - ထူးခြားချက် မရှိ”

ကံကြမ္မာစက်ဝိုင်း ပြောင်းလဲသွားပြီး ကံကြမ္မာမျိုးစေ့ အသစ်လည်း လက်ထဲတွင် ရှိနေသဖြင့် ကံကြမ္မာအလင်း အသွင်ကူးပြောင်းမှု ဖြစ်စဉ် ပြီးဆုံးသွားသည်။

ထို့နောက် ရရှိခဲ့သော ရှားပါးအဆင့် မွန်းစတားကတ်ကို ကြည့်လိုက်သည်။

"မွန်းစတား ကတ်"

"ရှားပါးမှုအဆင့်- ရှားပါး"

"မွန်းစတား နာမည်- မျက်လုံးတစ်ဖက် ဓါးမိစ္ဆာ"

"မွန်းစတား အမျိုးအစား- မသေမျိုး မွန်းစတား"

"တိုက်ပွဲ အဆင့်- ငွေအဆင့် (၃)"

"စွမ်းရည် (၁) - လူသတ်ဓား (အဆင့်မြင့်)"

"စွမ်းရည် (၂) - အမှောင် ဓါး"

"စွမ်းရည် (၃) - အာရုံခံ စက်ဝိုင်း"

"ဆင့်ခေါ်မှု ကန့်သတ်ချက် - အသက်ဝင်"

"ကတ်မှတ်ချက်- ထူးခြားချက် မရှိ"

လင်းဟွမ်သည် သူ တစ်ခါမှ မမြင်ဖူးသော စွမ်းရည်အသစ်နှစ်ခုကို သတိထားလိုက်မိသဖြင့် စွမ်းရည်များ၏ အသေးစိတ် ရှင်းလင်းချက်ကို ဖတ်ကြည့်လိုက်သည်။

"လူသတ်ခား (အဆင့်မြင့်) - ခါသမားများရဲ့ သီးသန့်စွမ်းရည်။ ကြီးမားတဲ့ သတ်ဖြတ်မှုဆိုင်ရာ တိုက်ခိုက်ရေး စွမ်းရည်"

"အမှောင်ခား - ညစ်ညမ်းခါး။ ဒါသည် မူလစွမ်းအားနဲ့ အမြန်နှုန်းက အရင်အတိုင်း ရှိနေပေမဲ့ ညစ်ညမ်းမှုက ခားရဲ့စွမ်းအားကို မြှင့်တင်ပေးတယ်"

"ဒီစွမ်းရည် သုံးမျိုးက အခြေခံအားဖြင့်တော့ အသုံးမဝင်ဘူး။ ဒါပေမဲ့ မော်ကွန်း အဆင့်အထိ အဆင့်မြှင့်လိုက်ရင် ဘယ်လို ဖြစ်လာမလည်း မသိဘူး။"

လင်းဟွမ်တွင် မျက်လုံးတစ်ဖက် ခါးမိစ္ဆာကို အဆင့်မြှင့်တင်ရန် အဆင့်တက်ကတ် နှစ်ကတ် ရှိသေးသည်။ အဆင့်တက်ကတ်များကို အသုံးပြုရန် လုပ်လိုက်စဉ် မီတာ (၃၀၀) အကွာအဝေးရှိသော အာရုံခံ နယ်ပယ်အတွင်း တစ်ခုခု ဝင်လာနေသည်ကို သတိထားမိလိုက်သည်။

အရွယ်အစား သေးငယ်သော မိန်းကလေး တစ်ယောက်က ဝင်လာနေသည်။ လင်းဟွမ်က မည်သူမည်ဝါ ဖြစ်ကြောင်း သိလိုက်သဖြင့် မျက်မှောင် ကြုတ်သွားသည်။ အာဏာရှင်ကို

ပြန်သိမ်းလိုက်သလို လက်ထဲမှ ကတ်ပြားကိုလည်း ချက်ချင်း သိမ်းလိုက်သည်။

မျက်လုံးတစ်ဖက် ခါးမိစ္ဆာ၏ အလောင်းကို သိုလှောင်လက်စွပ်ထဲ ထည့်လိုက်သည်။ မကြာခင် ထိုကောင်မလေးသည် သူနှင့် မီတာ (၁၀၀) ဝေးသော သစ်ပင်တစ်ပင်၏နောက်တွင် ပုန်းလိုက်သည်။

"မင်း ဘာမှ ပုန်းနေစရာ မလိုဘူး ရှားယု"

လင်းဟွမ်က သူမ ပုန်းနေသည့်နေရာကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

လင်းဟွမ်သည် သူမနှင့် စကားပြောချင်စိတ် မရှိပေ။ ဤနေရာကို လာရသော ရယ်ရွယ်ချက်လည်း ပြည့်စုံနေပြီ ဖြစ်သောကြောင့် နေရာစရာ မလိုတော့ပေ။ ထို့ကြောင့် လှည့်ထွက်သွားရန် လုပ်လိုက်သည်။

"ငါတို့ ဒီလောက်ဝေးနေတာ မင်း ဘယ်လို သိတာလဲ"

ရှားယုသည် သူ့ကိုယ်သူ ဖော်ထုတ်လိုက်ပြီး လင်းဟွမ်၏ ပြောင်းလဲမှုကို ခံစားနိုင်သည်။

"မင်း ငွေအဆင့် ရောက်သွားပြီလား။ ကံကြမ္မာမျိုးစေ့မွန်းစတားကို အချိန်တိုလေး အတွင်းမှာ ဘယ်လို ပြီးအောင် လုပ်လိုက်တာလဲ"

လင်းဟွမ်သည် သူမနှင့် စကားမပြောချင်ပေ။ ဤနေရာကို ရောက်လာရသော သူ၏ရည်ရွယ်ချက် ပြည့်စုံပြီဖြစ်သောကြောင့် ဆက်နေရန် မလိုအပ် တော့ပေ။ ထို့ကြောင့်လှည့်ထွက်ရန် လုပ်လိုက်သည်။

"ဟော့ တိုက်ပွဲကို ငါမမြင်လိုက်ရဘူး။ မွန်းစတားတွေရဲ့ အောင်သံကိုပဲ အဝေးက

ကြားလိုက်ရတယ်။ ငါ ခန့်မှန်းတာမမှားရင် မင်းက မွန်းစတားတစ်ကောင် ဆင့်ခေါ်ခဲ့တာပဲ ဖြစ်လိမ့်မယ်"

ရှားယုက ထပ်မေးလိုက်သည်။

"အဲဒါ မင်းအလုပ် မဟုတ်ဘူး။"

လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်လိုက်သည်။ သူစီးပြီး ထွက်သွားခါနီးတွင် ရှားယုက ထပ်ပြောလိုက်သည်။

"အဖွဲ့အစည်း တော်တော်များများက ထိန်းချုပ်သူတွေကို စုဆောင်းနေကြတယ်၊ ဘာဖြစ်လို့ မုဆိုးအဖွဲ့အစည်းထဲ ဝင်ဖို့ ရွေးချယ်ခဲ့တာလဲ။"

လင်းဟွမ်သည် သူမ မေးလိုက်သောစကားကို ကြားလိုက်လျှင် ပြန်လှည့်လာပြီး

"ဒါဆိုရင် မင်းက ဘယ်အဖွဲ့အစည်းကို ကိုယ်စားပြုတာလဲ"

"မင်း ဘာတွေပြောနေတာလဲ ငါ နားမလည်ဘူး"

ရှားယုသည် လင်းဟွမ်က ဘာမေးနေမှန်း မသိသလို ဟန်ဆောင လိုက်သည်။

"အကဲဖြတ်မှုမှာ မင်းရဲ့ ရည်ရွယ်ချက်ကို ငါမသိဘူး။ ဒါပေမယ့် မိုဆိုး မဖြစ်ချင်ဘူးဆိုတာတော့ ငါ ကောင်းကောင်း သိတယ်။ မင်းက ငါ့ကို စုဆောင်းချင်တယ်ဆိုရင် မင်းရဲ့နာမည်တော့ ငါ့ကိုပြောပြသင့်တယ် မဟုတ်လား။ အနည်းဆုံးတော့ အဖွဲ့အစည်း နာမည်လေးတော့ ပြောပြရမှာပေါ့"

လင်းဟွမ်သည် သူမနှင့်ထပ်ပြီး ကစားချင်စိတ် မရှိတော့ပေ။

"မင်းဘာတွေ ပြောနေတာလဲ ငါ တကယ် မသိဘူး။ ဘယ်အဖွဲ့အစည်း နာမည်လဲ၊ အကဲဖြတ်မှုမှာ ငါ ပါဝင်တဲ့ ရည်ရွယ်ချက်က မုဆိုးတစ်ယောက် ဖြစ်လာဖို့ပဲ။ တခြား ဘာဖြစ်ရအုံးမှာလဲ"

ရှားယုက အပြစ်ကင်းသော ပုံစံဖြင့် ပြန်ပြောလိုက်သည်။

"ဒါဆိုလည်း ထားလိုက်တော့။ မင်းက ဘာပဲဖြစ်ဖြစ် ငါ့ကိုစည်းရုံးဖို့ ကြိုးစားနေတာတွေ ရပ်တန်းက ရပ်လိုက်တော့။ တခြား

အဖွဲ့အစည်းထဲဝင်ဖို့ စိတ်မဝင်စားဘူး။ မင်းဟာ မြေအောက်ကမ္ဘာက လူတစ်ယောက် ဖြစ်နေရင်တောင် ငါဂရုမစိုက်ဘူး။ ဒါပေမယ့် ငါ့ကိုနောက်တစ်ခါ ထပ်ရှုပ်ရင် မင်းကို လွယ်လွယ်နဲ့ မလွတ်ပေးဘူး။ ဒါက နောက်ဆုံး သတိပေးတာပဲ။ ငါ့နောက် ဆက်မလိုက်ခဲ့နဲ့။"

လင်းဟွမ်က သူမကို သတ်ဖြတ်ချင်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး ပြောလိုက်သည်။

ရှားယုသည် လင်းဟွမ်က သူမကိုသတ်ပစ်ရန် ရည်ရွယ်ချက် ရှိနေသည်ကို သိလိုက်လျှင်

"ဒါဆိုလည်း မင်းနောက် မလိုက်တော့ဘူး၊ ဒီလောက် ရိုင်းစိုင်းပြစရာ လိုလို့လား"

လင်းဟွမ်သည် အလက်ဇန္ဒြားလင်းယုန်ကို စီးပြီး ထွက်ခွာသွားသည်။

လင်းဟွမ် အဝေးသို့ ရောက်သွားသောအခါ အပြစ်ကင်းစင်နေသော ရှားယု၏ မျက်နှာသည် အေးစက်စက် ဖြစ်သွားသည်။ ထို့နောက် သူမက ပြုံးလိုက်ပြီး

"စိတ်ဝင်စားစရာ ကောင်းတဲ့ကောင်လေးပဲ၊ သူနဲ့ မကစားနိုင်တော့ဘူး ထင်တယ်။ ဒီနှစ်ရက်အတွင်း ငါ့အလုပ်ကို ပြီးအောင်လုပ်ရမယ်"

## အခန်း(၁၇၄) - လေးခုမြောက် အကဲဖြတ်မှု။

လင်းဟွမ်သည် နှစ်ရက်ကြာ အနားယူပြီးနောက် တတိယအကဲဖြတ်မှုမှ ပြန်လာသောအခါ တိုက်ခိုက်ရေး အဆင့်သည်လည်း ငွေအဆင့် (၃)သို့ မြင့်တက်သွားခဲ့သည်။

ထိုနှစ်ရက်အတွင်း အာဏာရှင်ကို ဆင့်ခေါ်ပြီး ငွေအဆင့် မွန်းစတားများကို သတ်ပစ်ခဲ့သည်။ ပွားထားသော ကံကြမ္မာစက်ဝိုင်း လေးခုလုံးတွင် ကံကြမ္မာ စွမ်းအားတိုင် ကိုးခုပါရှိပြီး ထိုအထဲသို့

ကံကြမ္မာ စွမ်းအားများ အဆက်မပြတ် ဖြည့်သွင်းခဲ့သည်။

သို့သော် အစစ်အမှန် ကံကြမ္မာစက်ဝိုင်းကိုးခု၏ ကိုးခုမြောက် စက်ဝိုင်းတွင် ကံကြမ္မာစွမ်းအား တိုင်(၂၀၀) သာ ကံကြမ္မာ စွမ်းအားများ ဖြည့်တင်းခဲ့သည်။ အကြောင်းမှု ရှေ့အဆင့် မွန်းစတားများကို သတ်ဖြတ်နေရင်း မထင်မှတ်ဘဲ ကံကြမ္မာအလင်း အသွင်ကူးပြောင်းမှု မဖြစ်ပေါ်စေရန် ထိုကံကြမ္မာစွမ်းအား ပမာဏကို ရည်ရွယ်ချက်ရှိရှိ ချန်ထားခဲ့ခြင်း ဖြစ်သည်။

လင်းဟွမ်သည် တိုက်ခိုက်ရေးအဆင့် မြင့်တက်လာသောကြောင့် မွန်းစတား လေးကောင်အထိ ဆင့်ခေါ်နိုင်စွမ်း ရှိလာခဲ့သည်။ မော်ကွန်းအဆင့် ကတ်များဖြစ်သော ပိုင်၊ အာဏာရှင်၊ ချောကလက်လေးနှင့် လူရှင်တော်တို့သည် ရွှေအဆင့် (၃)သို့ အလိုလို မြင့်တက်သွားသည်။

အဝါရောင် ပန်းနွယ် နတ်ဆိုးသည် မော်ကွန်းအဆင့် ကတ်တစ်ခု ဖြစ်သော်လည်း ၎င်း၏တိုက်ခိုက်ရေး အဆင့်သည် ငွေအဆင့် (၃) တွင်သာ ဆက်လက် တည်ရှိနေဆဲ ဖြစ်သည်။

အဆင့် မတက်ရသော အကြောင်းရင်းမှာ ၎င်းသည် ယခင်က တစ်ခါမှ မတည်ရှိခဲ့သော ပုံစံဖြင့် ဗီဇပြောင်းလဲလာသောကြောင့် ဖြစ်သည်။

လင်းဟွမ်သည် အဝါရောင် ပန်းနွယ်နတ်ဆိုးကို အကဲ ဖြတ်ပြီးနောက် လေ့ကျင့်ပေးရန် ကြိုးစားခဲ့သည်။ သန္ဓေ နှစ်ကြိမ်ပြောင်းလဲထားသော မွန်းစတားများသည် ရှားပါးပြီး အသုံးဝင်သည်။

လင်းဟွမ်သည် ရှားယု၏ နောက်ယောင်ခံခြင်းကို ခံရပြီးနောက် မျက်လုံးတစ်ဖက် ခါးမိစ္ဆာကို အဆင့်မြှင့်တင်ခြင်း မလုပ်ဖြစ်ခဲ့ပေ။ ထို့နောက်

သူ့ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစွမ်းအားများကို အဆင့်မြှင့်တင်ရန် အာရုံစိုက်နေခဲ့ပြီး မွန်းစတားများကို သတ်ဖြတ်ရင်း အလုပ်ရှုပ်နေသဖြင့် ထိုကိစ္စကို လုံးဝ မေ့သွားခဲ့သည်။

လင်းဟွမ်သည် တတိယ အကဲဖြတ်မှုနေရာသို့ ပြန်ရောက်သောအခါ ရာနှင့်ချီသော ရောင်စုံတဲများကို တွေ့လိုက်ရသည်။ တဲများကို ဖြေဆိုသူများက တည်ဆောက်ထားခြင်း ဖြစ်လိမ့်မည်ဟု ယူဆလိုက်သည်။

လင်းဟွမ်ကို မြင်သောအခါ ဝန်ထမ်းအချို့ ကြောင်သွားသည်။ သူတို့သည် ငွေအဆင့်မုဆိုးများ ဖြစ်ကြသဖြင့် လင်းဟွမ်က ငွေအဆင့်သို့ အဆင့်တက်သွားပြီ ဖြစ်ကြောင်း ခံစားနိုင်ကြသည်။

"မင်း အဆင့်တက်သွားပြီလား"

ယူနီဖောင်း ဝတ်ထားသော အမျိုးသား တစ်ယောက်က မေးလိုက်သည်။ ထိုလူသည် လွန်ခဲ့သော နှစ်ရက်က လင်းဟွမ်ကို အသေးစိတ် ရှင်းပြခဲ့သောဝန်ထမ်း ဖြစ်သည်။

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်ကာ

“ငါ ရှာနေတဲ့ ကံကြမ္မာ မျိုးစေ့က နတ်ဆိုးလေးကျွန်းပေါ်မှာ ရှိနေတယ်။ အဲဒီနေ့က မင်းကို မေးခဲ့တယ်လေ”

“ဂုဏ်ပြုပါတယ်။ ငွေ အဆင့်ဆိုရင်တော့ အကဲဖြတ်မှု အောင်မြင်ဖို့အတွက် တော်တော် လွယ်ကူသွားပြီ”

ယူနီဖောင်း ဝတ်ထားသော အမျိုးသားက လင်းဟွမ်ကို ချီးကျူးလိုက်သည်။

“ကျေးဇူး တင်ပါတယ်။”

လင်းဟွမ်က ပြုံးပြီးပြောလိုက်သည်။ ထို့နောက် မေးလိုက်သည်။

"ဒါနဲ့ တတိယ အကဲဖြတ်မှု မပြီးသေးဘူးလား"

"မွန်းစတား လှောင်အိမ်ထဲမှာ လူနည်းနည်းပဲ ကျန်တော့တယ်။ နာရီဝက်လောက်ဆိုရင် အဖြေ ထွက်လာလိမ့်မယ်လို့တော့ ငါထင်တယ်။"

"တတိယ အကဲဖြတ်မှုမှာ လူဘယ်နှစ်ယောက် အောင်မြင်ခဲ့လဲ။"

လင်းဟွမ်က ထပ်မေးလိုက်သည်။

"အခု လောလောဆယ် အထိတော့ (၄၈၁) ယောက်"

ဝန်ထမ်းများသည် ဒါက လျှို့ဝှက်ချက်တစ်ခု မဟုတ်သဖြင့် ပြောပြလိုက်သည်။

"တတိယ အကဲဖြတ်မှုမှာ ပါဝင်ခဲ့တဲ့ ဖြေဆိုသူ (၅,၀၀၀) ကျော်ရှိတယ်။ အဲဒီအထဲမှာ (၄၈၁) ပဲ အောင်တယ်ဆိုတော့ ဖြေဆိုသူရဲ့ ဆယ်ပုံ တစ်ပုံလောက်ပဲ ရှိတယ်။ အောင်ချက် နည်းတာပေါ့။"

လင်းဟွမ်သည် သက်ပြင်းချပြီး ခေါင်းခါ လိုက်သည်။

သို့သော်လည်း တတိယ အကဲဖြတ်မှုသည် အမှန်တကယ် ကြမ်းတမ်းလွန်းသည်။ ပထမနှစ်ခေါက်တွင် ဖြေဆိုသူ၏ အရည်အချင်းကို အမှန်တကယ် အကဲဖြတ် =ခဲ့ခြင်း မရှိခဲ့ပေ။

တတိယ အကဲဖြတ်မှုကို အောင်မြင်မှသာ အမှန်တကယ် အရည်အချင်း ရှိလိမ့်မည်။ သူ့အတွက် မခဲယဉ်းသော်လည်း၊ ကြေးအဆင့် မုဆိုးများအတွက် အောင်မြင်ရန် ခဲယဉ်းလှသည်။ အကြောင်းမူ လှောင်အိမ်ထဲရှိ မွန်းစတားများသည် ငွေအဆင့် (၃) ရှိနေသောကြောင့် ဖြစ်သည်။

လင်းပွမ် ပြန်ရောက်ပြီး မကြာခင် မွန်းစတား လှောင်အိမ်ထဲမှ လူများလည်း ထွက်လာကြသည်။ နာရီဝက်ခန့် ကြာသောအခါ လူသွားစကြံန်ထဲမှ ဖြေဆိုသူ ရှစ်ယောက် ပြန်ထွက်လာသည်။

ဝန်ထမ်း တစ်ယောက်သည် ညွှန်ကြားချက်ကို လက်ခံရရှိပြီးသည်နှင့် အကဲဖြတ်မှု အောင်စာရင်းကို ထုတ်ပြန် ကြေငြာလိုက်သည်။

“တတိယ အကဲဖြတ်မှုမှာ ဖြေဆိုသူ (၅,၅၄၁) ယောက် ပါဝင်ခဲ့တယ်။ အဲဒီအထဲမှာမှ (၄၈၉)

ယောက် အောင်မြင်ခဲ့တယ်။ တတိယအကဲဖြတ်မှု တရားဝင် ပြီးဆုံးကြောင်း ကြေငြာပါတယ်။”

“စတုတ္ထ အကဲဖြတ်မှုအတွက် ဦးဆောင်စစ်ဆေးသူ လာနေပြီ၊ မင်းတို့ရဲ့တဲတွေကို အရင်သိမ်းထားပါ။ အမှိုက်တွေ ရှုပ်မနေအောင် ချက်ချင်းပြန်သိမ်းကြပါ”

ဖြေဆိုသူများသည် ဝန်ထမ်းများ၏ သတိပေးချက်ကို နားထောင်ပြီးနောက် တဲကို ချက်ချင်းပြန်သိမ်းကာ မြေပြင်ပေါ်ရှိ အမှိုက်များကို သန့်ရှင်းရေး လုပ်နေကြသည်။

လင်းဟွမ်သည် ဤကမ္ဘာရှိလူများက သဘာဝ ပတ်ဝန်းကျင် ထိမ်းသိမ်းခြင်းဆိုင်ရာ အသိအမြင်များ ရှိနေကြောင်း မြင်လိုက်ရသဖြင့် အံ့ဩသင့်သွားသည် ။

မနက် ကိုးနာရီခန့်တွင် ဦးဆောင်စစ်ဆေးသူသည် အတောင်ပံလေးခု ကွန်ဒိုနာ နဂါးကြီးကိုစီးပြီး ရောက်ရှိလာသည်။

ဖြေဆိုသူ တော်တော် များများသည် တစ်မူထူးခြားစွာ ကြည့်ကောင်းနေသော

အတောင်လေးခု ကွန်ဒိုနာနဂါးကြီးကို ကြည့်နေရင်း အားကျနေကြသည်။

အတောင်လေးခု ကွန်ဒိုနာနဂါးကို တိမ်နဂါးဟု မယူနိုင်ပေ။ နဂါးသွေးမျိုးဆက် နည်းပါးသော ရွှေအဆင့် သန္ဓေပြောင်း မွန်းစတား တစ်ကောင်အဖြစ်သာ သတ်မှတ်ခံရသည်။

အကယ်၍ ထိုနဂါးသည် သာလွန်အဆင့်သို့ တက်လှမ်းပြီးနောက် သန္ဓေ နှစ်ကြိမ် ပြောင်းလဲသွားပါက ဆင့်ကဲ ပြောင်းလဲလာကာ တိမ်နဂါး ဖြစ်လာနိုင်သည်။ သို့သော် ထိန်းချုပ်သူ

မဟုတ်သော ဖြေဆိုသူများသည် ဤကဲ့သို့ မွန်းစတားကို စီးနင်းနိုင်သော ဦးဆောင်စစ်ဆေးသူကို အားကျနေကြသည်။

လင်းဟွမ်က ပြုံးလိုက်မိသည်။ အကယ်၍ သူ၏ အလက်ဇန္ဒြား လင်းယုန်ကို ရွှေအဆင့်သို့ အဆင့်မြှင့်တင်လိုက်ပါက၊ အတောင်လေးခု ကွန်ဒိုနာနဂါးကဲ့သို့ ကြည့်ကောင်း လာလိမ့်မည်။

အတောင်လေးခု ကွန်ဒိုနာနဂါး မြေပြင်ပေါ်သို့ ဘေးကင်းစွာ ဆင်းသက် လာသောအခါ ဖြေဆိုသူများသည် လျင်မြန်စွာ

အသိပြန်ဝင်လာသည်။ သူမက မွန်းစတား ထန်းချုပ်ရေးတံဆိပ်ကို မသုံးခဲ့ပေ။ ထိန်းချုပ်သူ တစ်ယောက် ဖြစ်နေသည်။

ဦးဆောင်စစ်ဆေးသူမှာ အပြာရောင် ကိုယ်ကြပ် အင်္ကျီဝတ်ဆင် ထားသော အမျိုးသမီးတစ်ဦး ဖြစ်သည်။ ဆံပင်ကုပ်ဝဲလေး ညှပ်ထားကာ ရင့်ကျက်သောပုံ ပေါက်စေရန် အတတ်နိုင်ဆုံး ကြိုးစားထားသော်လည်း အသက် (၂၀) သို့မဟုတ် ထိုထက် ငယ်နေသေးကြောင်း သိသာနေသည်။ သို့သော် သူမသည် အရပ်ရှည်ပြီး ဒေါက်ဖိနပ်

စီးထားသောကြောင် အရပ်က (၁.၈) မီတာခန့် မြင့်မားသည်။

"ငါ့နာမည် မူလန်။ ငါက စတုတ္ထအကဲဖြတ်မှုရဲ့ ဦးဆောင် စစ်ဆေးသူပဲ"

သူ့နာမည်ကို ကြားလိုက်ရသောအခါ လူတိုင်း အံ့သြသွားကြသည်။

"သူမက ရွှေမုဆိုး ဦးဆောင်စာရင်းမှာ အဆင့်လေးရှိတဲ့ မိန်းကလေး မဟုတ်လား"

“ငါ မထင်ထားမိဘူး။ ငါကြားထားတာက မူလန်က ဆံပင်တိုတိုလေးနဲ့ ရှိုးရှိုးရှင်းရှင်း အင်္ကျီတွေဝတ်ဆင်ရတာ ကြိုက်တယ်ဆို ကြားထားတာပါ။ ဒီလိုဝတ်စုံမျိုး ဝတ်ရတာ သူမ မကြိုက်ပါဘူး။”

“မူလန်က ခေးပညာ အဓိက လေ့လာတဲ့အပြင် ထိန်းချုပ်သူလည်း ဖြစ်တယ်လို့ ငါကြားဖူးတယ်”

…

မူလန်သည် လူတိုင်းက သူမအကြောင်း ပြောနေကြသည်ကို ကြားသောအခါ ခံစားချက်မရှိသော မျက်နှာအမူအရာဖြင့်

"မင်းတို့ တော်တော်များများက ငါ့နာမည်ကို ကြားဖူးကြလိမ့်မယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် အကဲဖြတ်မှု စတော့မယ်။ ကျေးဇူးပြုပြီး မင်းတို့ရဲ့ အချိန်တွေကို မဖြုန်းနဲ့။ ငါက ဒီစာမေးပွဲရဲ့ စာစစ်မှူးပဲ။ မင်းတို့ထဲက တစ်ယောက်ယောက်က ငါ့ကို စိတ်နှောက်ယှက် ဖြစ်အောင်လုပ်ခဲ့ရင် မင်းတို့ကို စာမေးပွဲ ချမယ်။"

သူမစကား ဆုံးသွားသည်နှင့် လူတိုင်း တိတ်ဆိတ်သွားသည်။

"အခု အကဲဖြတ်မှုရဲ့ စည်းမျဉ်းစည်းကမ်းတွေ အကြောင်း ပြောပြမယ်။ ငါတို့က အခု နတ်ဆိုးလေးကျွန်းပေါ်မှာ ရှိနေတယ်။ ဒါက နတ်ဆိုးတွေ၊ မသေနိုင်တဲ့ ဝိညာဉ်မွန်းစတားတွေ ရှိနေတဲ့ အဆင့် (၄) တောရိုင်းဇုန်ပဲ။ အဲဒီ မွန်းစတားတွေက ကျွန်းရဲ့အလယ်မှာ ရှိနေလို့ အဲဒီနေရာကို ရှောင်ကြပါ"

"စည်းမျဉ်းက ရိုးရှင်းတယ်။ (၁၅) ရက်အတွင်း ငွေအဆင့် မွန်းစတားငါးကောင်ကို သတ်ပြီး အသေကောင်တွေကို ပြန်ယူလာရမယ်။ အဲဒီလို လုပ်နိုင်ရင် မင်းတို့အောင်ပြီ"

အကဲဖြတ်မှုဆိုင်ရာ စည်းမျဉ်းများကို နားထောင်ပြီးနောက် အများစုသည် အံ့အော သွားကြသည်။ ယခင် အကဲဖြတ်မှုအတွင်း မွန်းစတားလှောင်အိမ်ကို ခက်ခက်ခဲခဲ ဖြတ်ကျော် ခဲ့ရသည်။ ယခု အကဲဖြတ်မှုတွင်လည်း မွန်းစတားများကို လိုက်လံ ရှာဖွေရအုံးမည်လော။

"ငွေအဆင့် (၁) ကနေ ငွေအဆင့် (၃) ရှိနေတဲ့ မွန်းစတားကို အမဲလိုက်ရမယ်။ မွန်းစတားတွေကို ဘယ်လို သတ်ရမလဲဆိုတဲ့ ကန့်သတ်ချက် မရှိဘူး။ မင်းတို့ရဲ့ သိုလှောင်ခန်းထဲမှာ ရှိသမျှပစ္စည်းတွေ မင်းတို့ သုံးလို့ရတယ်။ ငါတို့ ဝန်ထမ်းတွေ ဆီကလည်း မင်းတို့ လိုအပ်တာ ဝယ်လို့ရတယ်။ ဒါပေမယ့် ငါတို့က အစွမ်းထက်တဲ့ လက်နက်တွေတော့ မရောင်းဘူး..."

ထိုစဉ် ဖြေဆိုသူတစ်ယောက်က လက်ကို ထောင်လိုက်သည်။

မူလန်က သူ့ကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ပြော"

"ဈေးနှုန်းက ဘယ်လိုလဲ"

ဖြေဆိုသူက မေးလိုက်သည်။

"ဈေးကွက် ပေါက်ဈေးနဲ့ အတူတူပဲ။ အကျိုးဆောင်အမှတ် အပို မပေးရဘူး။"

မူလန်က ရှင်းပြသည်။

သူ့မေးခွန်းကို ဖြေပြီးနောက် ဖြေဆိုသူ နောက်တစ်ယောက်က လက်ထောင်လိုက်ပြီး

"ငါတို့တွေက မွန်းစတားကို သတ်ဖို့အတွက် အဖွဲ့ဖွဲ့လို့ ရလား"

"ရတယ်"

မူလန်က ခေါင်းညိတ်လိုက်သည်။

လင်းဟွမ်လည်း လက်ထောင်လိုက်သည် ။

မူလန်က သူ့ကို လှမ်းကြည့်ပြီး ခေါင်းညိတ်ကာ

"မေးပါ"

"ငါတို့က အလောင်းကို တခြားသူတွေဆီက ခိုးလို့ရလား"

လင်းဟွမ်က ပြုံးပြီး မေးလိုက်သည်။ ထိုစကားကို ကြားလျှင် ဖြေဆိုသူတိုင်း၏ မျက်လုံးများက သူ့ထံ ရောက်လာသည်။

ထိုမေးခွန်းကို မေးရသော လင်းဟွမ်၏ ရည်ရွယ်ချက်သည် မွန်းစတား အလောင်းများကို ခိုးယူရန် မဟုတ်ဘဲ ရောင်းချရန် ဖြစ်သည်။

"ရတယ် မင်း လုပ်နိုင်တယ်။ ဒါပေမယ့် လူသတ်ခွင့် မပေးဘူး။ လူသတ်လိုက်ရင် နာမည်ပျက်စာရင်းထဲ ထာဝရ ရောက်သွားလိမ့်မယ်။"

မူလန်က မျက်မှောင် ကြုတ်ကာ ပြန်ဖြေလိုက်သည်။

ဒီမေးခွန်းလေးခုကို ဖြေပြီးနောက် အခြား မေးခွန်းများ မမေးကြတော့ပေ။

မူလန်က ပြောလိုက်သည်။

"ဒီအကဲဖြတ်မှုက မင်းတို့ရဲ့ စိတ်ဉာဏ် ကွန့်မြူးမှုအပေါ် မူတည်ပြီး မွန်းစတားတွေကို သတ်ပစ်နိုင်တယ်။ မင်းတို့အားလုံးက ငါ့ဆီကို မတူကွဲပြားတဲ့ မွန်းစတားငါးကောင်ကို လိုက်ရှာပြီး (၁၅)ရက်အတွင်း လာအပ်ရမယ်။ ပြောချင်တာက မင်းတို့မှာ ကြိုတင်ပြင်ဆင်ဖို့ အချိန်သုံးရက်ပဲ ရတယ်။"

" မွန်းစတား တစ်မျိုးခြင်းစီရဲ့ နေထိုင်မှု အလေ့အထနဲ့ အားနည်းချက်တွေကို သိရအောင် အချက်အလက်တွေကို စုဆောင်းဖို့ သုံးရက်

အချိန်ပဲရလိမ့်မယ်။ ဒါပေမယ့် အစိပ္ပါယ်မဲ့ အချိန်ဖြုန်းနေမဲ့အစား မင်းတို့ရဲ့ နည်းဗျူဟာအတွက် စနစ်တကျ စီစဥ်ပါ။ ဒီအကဲဖြတ်မှုက အောင်ဖို့ မခက်ပါဘူး။”

သူမက နောက်ဆုံးစကားကို ပြောပြီးသည်နှင့် လင်းဟွမ်ကို တစ်ချက် ကြည့်လိုက်သည်။

အကဲဖြတ်မှု ဆိုင်ရာ စည်းမျဉ်းများကို ရှင်းပြပြီးနောက် မူလန်သည် ခေါင်းငုံ့ကာ နာရီကို ကြည့်လိုက်သည်။

"မနက် (၉) နာရီ မိနစ် (၄၀) ရှိ နေပြီ၊ နောက်ထပ်(၁၅) ရက်အကြာ မနက် (၁၀) နာရီ မထိုးခင် ငွေအဆင့်မွန်းစတား အသေကောင် ငါးကောင်ကို ငါ့ဆီ ပြန်သယ်လာရမယ်။ နောက်ပြီး မွန်းစတား အသေကောင်တွေက ဒီကျွန်းပေါ်က မွန်းစတား အသေကောင်တွေပဲ ဖြစ်ရမယ်။"

မူလန်သည် လူအုပ်ကြီးကို လှမ်းကြည့်လိုက်ရာ မည်သူမှ မေးခွန်း ထပ်မမေးသည်ကို မြင်လိုက်လျှင်

"ကဲ စတုတ္ထမြောက် အကဲဖြတ်မှုက အခုပဲ စတင်ပြီ"

## အခန်း(၁၇၅) - မငြိမ်းချမ်းသော ညတစ်ည။

ဦးဆောင် စစ်ဆေးသူက ကြေငြာပြီးသည်နှင့် ဖြေဆိုသူ အများစုသည် ထိုနေရာမှာပင် အဖွဲ့ဖွဲ့ရန် ရှာဖွေကြသည်။ အဖွဲ့တစ်ဖွဲ့နှင့် အမဲလိုက်ခြင်းသည် တစ်ယောက်တည်း အမဲလိုက်ခြင်းထက် များစွာ လွယ်ကူစေသည်။

အချို့က လင်းဟွမ်ကို အဖွဲ့ဖွဲ့ရန် မေးကြသည်။ သို့သော် လင်းဟွမ်က အပြုံးကလေးနှင့် ငြင်းနေခဲ့သည်။ တောထဲသို့ တစ်ယောက်တည်းသာ

သွားချင်သည်။ ခဏာလမျှ လမ်းလျှောက်ပြီးနောက် သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်သွားသည်။

ထိုသစ်ပင်သည် စာမေးပွဲ ဖြေဆိုရာနေရာ၏ အရှေ့ဘက်တွင် တည်ရှိပြီး ဤနေရာသည် မွန်းစတားများ စုဝေးရာနေရာသို့ သွားရန် လူပေါင်းများစွာ ဖြတ်သန်း သွားလာနိုင်ရမည့် နေရာတစ်ခု ဖြစ်သည်။

လင်းဟွမ်သည် သစ်ကိုင်း တစ်ခုပေါ်တွင် အေးအေးလူလူ ထိုင်နေပြီး ကျန်သည့်လူများ အဖွဲ့ဖွဲ့နေသည်ကို စောင့်ဆိုင်းနေခဲ့သည်။

ဦးဆောင် စစ်ဆေးသူရှေ့တွင် မွန်းစတား အသေကောင်များကို ရောင်းချပါက နည်းနည်းလေး ရင့်သီးရာ ကျသွားလိမ့်မည်။

ကြည့်မရ၍ မွန်းစတား အသေကောင်များ ရောင်းချခြင်းကို တားမြစ်လိုက်ပါက အကျိုးဆောင် အမှတ်အချို့ ရရှိနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် လင်းဟွမ်သည် စစ်ဆေးသူ၏ မျက်ကွယ်နေရာမှ စောင့်ဆိုင်း နေခဲ့ခြင်းပင်။

မကြာခင် ပထမ အဖွဲ့ရောက်လာသည်။

ထိုအထဲမှ အဖွဲ့ဝင်တစ်ယောက်သည် ယခင်က လင်းဟွမ်ထံမှ ပေါင်းပင်အချို့ ဝယ်ယူခဲ့ဖူးသည်။ ထို့ကြောင့် လင်းဟွမ်ကို သိနေသည်။

သစ်ပင်ပေါ်တွင် အေးအေးလူလူ ထိုင်နေသော လင်းဟွမ်ကို မြင်လိုက်လျှင် သူတို့နှင့်ပူးပေါင်းရန် ဖိတ်ခေါ်လိုက်သည်။

“လင်းဟွမ်၊ မင်းက အကဲဖြတ်မှုအတွက် လုံးဝ စိတ်မပူတဲ့ ပုံရတယ်။ မင်း ငါတို့နဲ့ ပူးပေါင်း လို့ရတယ်။”

"လွန်ခဲ့တဲ့ နှစ်ရက်အတွင်း ငါက မွန်းစတား အရေအတွက် လုံလုံလောက်လောက် သတ်ခဲ့ပြီးပြီ။ ငါ့မှာ အပိုတွေ ရှိနေတယ်၊ မင်းတို့ တစ်ခုခု ဝယ်ချင်ရင် ငါ့ကို ရှာလို့ရတယ်"

လင်းဟွမ်က ဂုဏ်ယူစွာ ပြုံးပြီး ပြောလိုက်သည်။

"ငွေအဆင့် (၁) ကနေ ငွေအဆင့် (၃) အထိ မင်းတို့လိုချင်တဲ့ မွန်းစတားတွေကို ရွေးချယ်လို့ ရတယ်"

"ဒါအမှန်လား"

အချို့က ဝယ်ယူရန် စိတ်ဝင်စား လာကြသည်။

“ဒါပေါ့။ တတိယမြောက် အကဲဖြတ်မှုပြီးတော့ ငါမှာ လုပ်စရာမရှိလို့ မွန်းစတားတွေကို အမဲလိုက်ခဲ့တယ်။ ဒီအကဲဖြတ်အတွက် အဆင့်ပြေသွားမယ်ဆိုတာ ငါ မသိခဲ့ဘူး။”

လင်းဟွမ်သည် စကားပြောနေရင်း သစ်ပင်ပေါ်မှ ခုန်ဆင်းလာကာ မွန်းစတား အသေကောင်သုံးခုကို ထုတ်လိုက်ပြီး

"ဒါက ငွေအဆင့် (၁) ကနေ ငွေအဆင့် (၃) အထိရှိတဲ့ မွန်းစတား အသေကောင်တွေပဲ။"

"တကယ်ဟ။ နတ်ဆိုးလေးကျွန်းက မွန်းစတားတွေပဲ"

သူတို့သည် ဤကျွန်းပေါ်က မွန်းစတားများ အကြောင်းကို လေ့လာခဲ့ကြသည်။ ထို့ကြောင့် ထိုအသေကောင်များသည် နတ်ဆိုးလေးကျွန်းပေါ်က မွန်းစတားများဖြစ်ကြောင်း သိလိုက်ကြသည်။

"ဘယ်လောက်လဲ၊ ဘယ်လောက်ကျလဲ"

သူတို့အုပ်စုက ချက်ခြင်း ဝိုင်းလာသည်။

“အဲဒီလောက် ဈေးမကြီးပါဘူး။ ငွေအဆင့် (၁) အသေကောင် တစ်ကောင်အတွက် ကံကြမ္မာသလင်းကျောက် သုံးခု၊ ငွေအဆင့် (၂) အအသေကောင် တစ်ကောင်အတွက် ကံကြမ္မာသလင်းကျောက် ခြောက်ခု၊ ငွေအဆင့် (၃) အသေကောင်အတွက်ဆို ကံကြမ္မာသလင်းကျောက် ကိုးခု”

လင်းဟွမ်က ဈေးနှုန်း ပြောပြလိုက်သည်။

"ဈေးနှုန်းက ဈေးကွက်ကထက် (၁၀) ဆပိုများနေတယ်။ ရွှေအဆင့် အသေကောင်ပေါက်ဈေးနဲ့ အတူတူပဲ..."

သူတို့သည် ဈေးနှုန်းကို မကျေနပ်ကြောင်း ချက်ချင်း ထုတ်ပြောကြသည်။

"ပစ္စည်း တစ်ခုခုက ရှားပါးလာတဲ့ အချိန်ကျရင် တန်ဖိုးကြီးလာတယ်။ တခြား အရောင်းသမားတွေ တွေ့နိုင်ဦးမလားဆိုတာ မင်း စဉ်းစားလေ။ မင်းတို့ ကိုယ့်ဘာသာကို အမဲလိုက်ရင် အချိန်ကုန်တယ်၊ လူပင်ပန်းတယ်။ မင်းတို့ကိုတောင် ထိခိုက်ရင်

ထိခိုက်သွားနိုင် သေးတယ်။ သန္ဓေပြောင်း မွန်းစတားနဲ့ ကြုံလိုက်ရင် မင်းတို့တောင် အသတ် ခံရနိုင်တယ်နော်။ ငါ့ဆီက အသေကောင်ကိုဝယ်တာ နည်းနည်းလေး ပိုဈေးကြီးတယ်။ ဒါပေမယ့် မင်းတို့ရဲ့အချိန်နဲ့ ခွန်အားကို သက်သာစေတယ်။ "

"ငွေအဆင့် (၁) အသေကောင် ငါးခုဝယ်မှ ကံကြမ္မာ သလင်းကျောက် (၁၅) လုံးပဲကျမယ်။ ကံကြမ္မာ သလင်းကျောက် (၁၅) လုံးနဲ့ စတုတ္ထအဆင့်အကဲဖြတ်မှု ဖို့အောင်မြင်ဖို့

အာမခံချက်ရှိတယ်။ စဉ်းစားပေါ့ ဆက်လုပ်မလား မလုပ်ဘူးလား ဆိုတာ”

လင်းဟွမ်က သူတို့က တွေဝေ နေသေးသည်ကို မြင်လိုက်လျှင်

“အင်း၊ မင်းတို့က ငါးယောက် ဖြစ်နေတယ်။ မင်းတို့အားလုံးက ငွေအဆင့် (၁) အသေကောင်ကို ဝယ်မယ်ဆိုရင် စုစုပေါင်းမှ ကံကြမ္မာ သလင်းကျောက် (၇၅) လုံးလောက်ပဲ ကုန်ကျမယ်။ ကဲကဲ မင်းတို့က ငါ့ရဲ့ ပထမဆုံးဖောက်သည် ဖြစ်နေတော့ ဈေးနှုန်းကို ၈၀% နဲ့ပဲ ထားပေးမယ်။

ကံကြမ္မာ သလင်းကျောက် (၆၀) ပေးရင် မင်းတို့တစ်ယောက်ခြင်းစီမှ ကံကြမ္မာ သလင်းကျောက် (၁၂) လုံးပဲ ကုန်ကျမယ်။ ဒါ အကောင်းဆုံး စျေးနှုန်းပဲ ဒီလောက်ပဲ ငါပေးလို့ရတယ်။ ဝယ်ချင်ရင် မြန်မြန်ဝယ်။ ဒီစျေးနှုန်းက ဒီနေ့ပဲ ရမယ်။ မနက်ဖြန်ဆို ဒီစျေးနဲ့ မရတော့ဘူး။”

သူတို့ထဲမှ အနည်းငယ်သည် တခဏမျှ တွေဝေနေစဉ် ယခင်က လင်းဟွမ်ထံမှ ပေါင်းပင် သလင်းကျောက် ဝယ်ခဲ့ဖူးသော လူတစ်ယောက်က

"မင်းဆီက ငါဝယ်မယ်၊ ဒါ စတုတ္ထမြောက် အကဲဖြတ်မှုပဲ။ ဒီအဆင့်ကို ကျော်ဖြတ်နိုင်ရင် နောက်တစ်ဆင့် ရှိချင် ရှိနိုင်သေးတယ်။ ငါတို့ရဲ့ ခွန်အားကို ထိန်းထားရမယ်၊ ဒါမှ နောက်တစ်ဆင့်ကို စိတ်အေးအေးနဲ့ ဖြတ်ကျော် နိုင်လိမ့်မယ်။ မုဆိုးတစ်ယောက် ဖြစ်လာရင် အကျိုးဆောင် အမှတ်တွေ ပြန်ရှာရတာ လွယ်ပါတယ်။"

ငွေပေးချေပြီးနောက် လင်းဟွမ်က ငွေအဆင့် (၁) မွန်းစတား အသေကောင် အမျိုးမျိုးကို ထုတ်ယူခဲ့သည်။ ကျန်သည့်လူများသည် တွေဝေ

နေကြသေးသည်။ အမျိုးအစားပေါင်း (၁၇) မျိုး ရှိသည်။

"ဒီထဲမှာ ငွေအဆင့် (၁) အသေကောင် (၁၇) မျိုး ရှိတယ်။ မင်းကြိုက်တဲ့ ငါးကောင် ရွေးလိုက်။ အများကြီးတော့ မကျန်တော့ဘူး။"

ကျန်သည့်လူများသည် လင်းဟွမ်က အများကြီး မကျန်တော့ကြောင်း ပြောလိုက်သည်ကို ကြားသောအခါ အသေကောင်များကို တစ်ချက် လှမ်းကြည့်လိုက်ပြီး နောက်ဆုံးတွင် ထုတ်ပြော လာကြသည်။

“ငါ ဝယ်မယ်”

ပထမ ဦးဆုံးအကြိမ် အရောင်းအဝယ် ပြီးမြောက်သွားခဲ့သည်။

သူတို့ ငါးယောက်သည် သူတို့၏ မွန်းစတားအသေကောင်များနှင့်အတူ ထွက်သွားကြသည်။ သို့သော် သူတို့၏တာဝန်ကို ချက်ချင်း အဆုံးသတ်ရန် မလုပ်ကြပေ။ ဤကဲ့သို့ မဟုတ်ပါက ဦးဆောင်စစ်ဆေးသူက သံသယ ဝင်လာနိုင်သည်။

သူတို့ အနောက်မှ လိုက်ပါလာသော လူငါးဦးသည် လင်းဟွမ်ထံမှ အသေကောင်

ဝယ်ယူနေသည်ကို မြင်လိုက်လျှင် သူတို့လည်း လိုက်ဝယ်ကြသည်။

ဤသို့ဖြင့် လင်းဟွမ်၏လုပ်ငန်းသည် လျင်မြန်စွာ ကြီးထွားလာသည်။

လူအများစုသည် လက်ရှိပေါက်စျေးထက် (၁၀) ဆ ပိုစျေးကြီးကို ကြားသောအခါ ထွက်သွားကြသည်။ သို့သော်လည်း ဝယ်ယူရန် ဆုံးဖြတ်ခဲ့သော လူအများစုကလည်း ရှိနေကြသေးသည်။

လင်းဟွမ်သည် တစ်ရက်တည်းနှင့် ငွေအဆင့် (၁) အသေကောင် ထောင်ပေါင်းများစွာကို ရောင်းချခဲ့ပြီး ကံကြမ္မာသလင်းကျောက် (၃,၀၀၀) ကျော် ရရှိခဲ့သည်။

နောက်ဆုံးတွင် မွန်းစတား အသေကောင်တော်တော်များများကို ရောင်းချပြီးနောက် ဈေးကွက်ကျဆင်း လာသည်။ ဖြေဆိုသူ (၅၀၀) ထက်မနည်းရှိခဲ့ပြီး ထိုအထဲမှ လူ(၂၀၀) ကျော်သည် အသေကောင်များကို ဝယ်ယူခဲ့သည်။ ကျန်သည့်သူများက ဝယ်ယူရန် ငြင်းဆန်ခြင်း

သို့မဟုတ် တခြားနေရာသို့ ထွက်သွားကြသည်။ လင်းဟွမ်သည် သူတို့ထံမှ အမြတ်ကြီးစားရန် အလွန်ပျင်းရိ လာသည်။

"နောက်ကျနေခဲ့ပြီ"

ထို့နောက် လင်းဟွမ်သည် တဲဆောက် လိုက်သည်။

"ဒီနေ့တော့ တော်တော်လေး စိတ်ကျေနပ်ဖို့ကောင်းတဲ့ ပမာဏကို ရထားတယ်။ မနက်ဖြန်ရောက်ရင် အဆင့်ကျော် သတ်ဖြတ်ခြင်း ဆုရအောင် လုပ်ရမယ်။ အဲဒီပြီးရင်တော့ တာဝန်ကို အဆုံးသတ်ဖို့ အချိန်ကျ ပြီပေါ့။"

လင်းဟွမ်သည် ညစာ စားပြီးနောက် တဲသို့ ဝင်သွားကာ မအိပ်ခင် သတင်း အချို့ကို ဖတ်နေလိုက်သည်။

...

သို့သော် ငြိမ်းချမ်းသော ညတစ်ည မဟုတ်ခဲ့ပေ။

လင်းကျိုးလော်သည် ဖြေဆိုသူတစ်ယောက် ဖြစ်သည်။ ပထမအဆင့် သုံးဆင့်ကို ဖြတ်ကျော်ရန် သူ့အတွက် မလွယ်ကူ ခဲ့ပေ။ စတုတ္ထအကျော့တွင်

လင်းဟွမ်ထံမှ အသေကောင် ငါးကောင်ကို ဝယ်ယူခဲ့သောကြောင့် အစောပိုင်းက ဖွဲ့စည်း ထားသော အဖွဲ့ကို ဖျက်သိမ်း ခဲ့သည်။

တောအုပ်ကို လေ့လာ ပြီးနောက် မွန်းစတားများ ထွက်ပေါ် လာနိုင်ခြေ နည်းပါးသော နေရာတွင် တဲကို တည်ဆောက်လိုက်သည်။

"နောက်ထပ် ရက်ပိုင်းလောက်တော့ ဒီနေရာမှာပဲ အနား ယူလိုက်မယ်။ ပြီးရင်တော့ အသေကောင်တွေကို ဦးဆောင် စစ်ဆေးရေးမှူးဆီ အပ်လိုက်မယ်။ ဒါဆို ငါလည်း အကဲဖြတ်မှု အောင်ပြီ"

လင်းကျိုးလေသည် မုန့်အချို့ကို စားပြီးနောက် တဲထဲသို့ ဝင်သွားသည်။

လင်းကျိုးလေသည် တဲထဲတွင် လဲလျောင်း၍ ခဏမျှ ကြာသောအခါ တဲအပြင်ဘက်မှ အော်သံ သေးသေးလေး ကြားလိုက်ရသည်။

"ဘယ်သူလဲ"

လက်ထဲမှ လက်နက် လက်စွပ်ကို ဓါးအဖြစ် အသွင် ပြောင်းပြီး လှမ်းအော်လိုက်သည်။

ထိုစဉ် ဓါးရှည် တစ်ချောင်းက တဲထဲသို့ ရုတ်တရက် ထိုးဖောက် ဝင်ရောက်လာကာ သူ့လည်ပင်းကို ထောက်ထားသည်။

"ထွက်လာစမ်း"

အပြင်ဘက်မှ လူငယ် တစ်ယောက်၏ အသံကို ကြားလိုက် ရသည်။

လင်းကျိုးလော်သည် တဲထဲမှ ဖြည်းဖြည်းခြင်း ထွက်လာသည်။ ထို့နောက် သူ့ကို ဓါးနှင့် ထောက်ထားသော လူမှာ ဖြေဆိုသူ များထဲမှ တစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသည်။

"အမ်၊ မင်းလည်း ဖြေဆိုသူ တစ်ယောက်ပဲ။ ဘာဖြစ်လို့ ငါ့ကို သတ်ဖို့ ကြိုးစားတာလဲ။ စာစစ်မှူးက ငါတို့ကို အဓိပ္ပါယ် မရှိ အချိန် မဖြုန်းနဲ့လို့ ပြောထားတယ်လေ။ မင်းက မွန်းစတားတွေကို အမဲလိုက်ဖို့ပဲ အာရုံ စိုက်ထား သင့်တယ်"

လင်းကျိုးလော်က လက်နှစ်ဖက်ကို မြှောက်ထားသည်။ သို့သော်လည်း ထိုဖြေဆိုသူက သူ့ကို သတ်ဖြတ်ရန် သတ္တိ မရှိဘူးဟု ထင်နေသည်။

"ဘယ်သူက ဖြေဆိုသူလဲ၊ မုဆိုး အဖွဲ့အစည်းထဲကို ဝင်ဖို့ ဘယ်တုန်းကမှ စိတ် မဝင်စား ခဲ့ဖူးဘူး"

လူငယ်လေးသည် သူ၏ ဘယ်လက်ကို ဝှေ့ယမ်းပြီး ခါးပြားဖြင့် လင်းကျိုးလော်၏ လည်ပင်းကို ဖြတ်ရိုက်လိုက်ရာ ချက်ခြင်း မေ့လဲ သွားသည်။

ထို့နောက် လူငယ်သည် လက်သီးဆုပ် အရွယ် လှောင်အိမ် တစ်ခုကို ထုတ်ကာ လှောင်အိမ်ကို အသက်သွင်း လိုက်သည်။

ထို့နောက် မေ့လဲနေသော လင်းကျိုးလော်ကို လှောင်အိမ်ထဲသို့ ပစ်ထည့် လိုက်သည်။

လှောင်အိမ်ထဲတွင် လူ အနည်းငယ် ရှိနေပြီး အားလုံးက မူးလဲ နေကြသည်။

ထို့နောက် လှောင်အိမ်ကို ပြန်ကျုံ့လိုက်ပြီး ခါးတွင် တပ်ဆင်ကာ အမြန် ထွက်ခွာ သွားသည်။

လင်းကျိုးလော် သတိရ လာသောအခါ ကောင်းကင်ကြီးက တောက်ပ နေသည်။

ပတ်ဝန်းကျင်ကို အလျင်အမြန် စစ်ဆေး ကြည့်လိုက်ရာ အံ့သြ သင့်သွားသည်။ လှောင်အိမ်ကြီး တစ်ခုထဲ ရောက်ရှိ နေသည်။

ဤနေရာတွင် လူ အယောက် (၃၀) ခန့် ရှိနေသည်။ အချို့က နိုးလာ ကြပြီး အချို့က မေ့မြော နေကြဆဲ ဖြစ်သည်။

အများစုမှာ အကဲဖြတ်မှုကို ဖြေဆိုသူများ ဖြစ်ကြပြီး ရင်းနီး နေသည်။

"ဘာတွေ ဖြစ်နေလဲ ဘယ်သူ သိလဲ၊ ဒီနေရာက ဘယ် နေရာလဲ၊ ဒါက ပဉ္စမမြောက် အကဲဖြတ် မှုလား"

လင်းကျိုးလော်သည် သူ့ဘေး နားက လူငယ် တစ်ယောက်ကို မေးလိုက်သည်။

“ငါလည်း အခုမှ နိုးလာတာ။ ဘာဖြစ် နေလဲဆိုတာ ဘယ်လို သိမှာလဲ”

ထိုလူငယ်က ခေါင်းခါ ပြသည်။

“ငါတို့တော့ အဖမ်းခံရပြီ ထင်တယ်”

အမျိုးသမီး တစ်ယောက်က ရှင်းပြ သည်။

“မနေ့ညက ငါ့ကို ဖမ်းခဲ့တဲ့လူရဲ့ လည်ပင်းမှာ ဒိဋ္ဌိ တက်တူး တစ်ခု ထိုးထားတာ ငါ တွေ့လိုက်တယ်”

“တက်တူးလား။ ငါလည်း မြင်လိုက်တယ်”

လင်းကျိုးလော်သည် ထိုအမျိုးသမီး၏ စကားကို ကြားသောအခါ ပြန် သတိ ရသွားသည်။

"လက်ဝါးကပ်တိုင် ပုံစံ သုံးခု ရှိတယ်။ တစ်ခုက ပိုကြီးပြီး နှစ်ခုက သေးတယ်။ လည်ပင်းရဲ့ ဘယ်ဘက်မှာ ထိုးထားတယ်၊ ဒါက ဒိဠ်တွေရဲ့ သင်္ကေတပဲ...။"

"သွားပါပြီ ငါတို့တော့ အဆုံး သတ်ပြီ။ ဒိဠ်အဖွဲ့က မြေအောက် လောကမှာ အသန်မာဆုံး အင်အားစု တွေထဲက တစ်ခုပဲ။ တကယ်လို့ အသက်ရှင်လျက်

ဖမ်းခံရရင် ငါတို့ကို သတ်ပြီး လူသားပေါင်မုန့် ဒါမှမဟုတ် ဖက်ထုပ်တွေ လုပ်ပြီး စား လိမ့်မယ်။”

ဤတစ်ကြိမ်တွင် လင်းကျိုးလော်သည် အခိပ္ပါယ်မဲ့စွာ လျှောက်တွေး နေမိသည်။ သို့သော်လည်း ဒိဋ္ဌိများ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရပြီ ဖြစ်ကြောင်း သိလိုက်သည်။

“ပေါက်ကရတွေ ပြောနေတာ ရပ်လိုက်စမ်း၊ ဆက်ပြောနေရင် ငါ သေးထွက် ကျလိမ့်မယ်။ ထပ်ပြီး မအောင့် နိုင်တော့ဘူး…”

သူ့ဘေးက လူငယ်လေးတစ်ယောက်က ချက်ချင်း အော်ပြောသည်။

“ငါတို့ကို ကယ်တင်ဖို့အတွက် တခြားသူတွေကို ချက်ချင်း အကြောင်းကြားရမယ်။”

လင်းကျိုးလော်သည် ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း ရှိနေသေးပြီး သူ၏ အင်ပါယာ နှလုံးသား လက်စွပ်ကို အသုံးပြုကာ ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်သည်။

“ အသုံး မဝင်ဘူး။ ဒါက ထောင်တစ်ခုနဲ့ တူနေတယ်။ အင်ပါယာ နှလုံးသား လက်စွပ်က ဘာ

အချက်ပြမှုမှ မရဘူး၊ လိုင်းလည်း မမိဘူး။ ငါတို့တွေ ဒီလှောင်အိမ် ထဲကနေ ဖောက်ထွက် နိုင်စွမ်း မရှိတော့ဘူး”

အမျိုးသမီးက ထပ် ပြောလိုက်သည်။

“စာစစ်သူတွေက ငါတို့ ပျောက်ဆုံး နေတာကို သတိထားမိပြီး ကယ်တင် နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကယ်မဲ့ လူကလည်း ဒီခါတ်ကြွင်းကို အသက်သွင်း နိုင်မယ့် လူ ဖြစ်နေမယ်လို့ မျှော်လင့်မိတယ်။ ပြောရမယ်ဆို

အနည်းဆုံး ရွှေအဆင့် ဦးဆောင် စစ်ဆေးသူကပဲ သူ့တို့ကို အနိုင်ယူ နိုင်လိမ့်မယ်”

“ဦးဆောင် စစ်ဆေးရေးမှူးက ငါတို့ကို အချိန် (၁၅) ရက် ပေးထားတယ်။ သူက ငါတို့ကို ဖမ်းထား ပြီးပြီ ဆိုတော့ ဒီကျွန်းထဲ ကနေ အချိန် တိုလေးအတွင်း ထွက်သွားနိုင်မယ့် နည်းလမ်းတွေ ရှိမှာပဲ။ ဦးဆောင် စစ်ဆေးရေးမှူက ဘယ်လောက်ပဲ အစွမ်း ထက်ထက် ငါတို့ကို ကယ်တင် နိုင်မှာ မဟုတ်ဘူး”

လင်းကျိုးလော်သည် အခြေအနေကို သုံးသပ်ကြည့်ပြီးနောက် ပြောလိုက်သည်။

လင်းကျိုးလော်၏ စကားကို ကြားလိုက်လျှင် လူတိုင်း တိတ်ဆိတ် သွားပြီး အဆိုးဆုံးကို ရင်ဆိုင်နိုင်ရန် အားမွေးရင်း စောင့်မျှော် နေကြသည်။

## အခန်း(၁၇၆) - ဒိဋ္ဌိများနှင့် တွေ့ဆုံခြင်း။

နတ်ဆိုးလေးကျွန်း၏ မနက်ခင်းတွင် နေသာနေသည်။

ကျွန်း၏နာမည်သည် နားထောင်ရ အဆင်မပြေသော်လည်း လှည့်ပတ်သွားလာနေသော မွန်းစတား များစွာရှိနေပြီး အပင်များနှင့် စိမ်းလန်းစိုပြေ နေသည်။ မနက်ခင်း လေထုထဲတွင် လတ်ဆတ်သော ပန်းရနံ့များ ပြည့်နှက်နေသည်။

မနက် (၇) နာရီတွင် လင်းဟွမ်သည် နိုးလာပြီး တဲထဲမှထွက်လာကာ အသက် ခပ်ပြင်းပြင်းလေး တစ်ချက်ရှူကာ ခန္ဓာကိုယ် အပျင်းကြောတစ်ချက် ဆန့်လိုက်သည်။

"အား...လေထုက လတ်ဆတ်လိုက်တာ"

ကိုယ်လက် သန့်ရှင်းရေးလုပ်ပြီးနောက် မနက်စာ အဆာပြေ စားလိုက်သည်။ ထို့နောက် တဲကိုသိမ်းကာ အစိမ်းရောင် ဝံပုလွေကို ဆင့်ခေါ်လိုက်သည်။ လင်းဟွမ်သည် အစိမ်းရောင်ဝံပုလွေကို စီးနင်းပြီး ကျွန်း၏ အလယ်ဗဟိုသို့ ဦးတည်လိုက်သည်။

ကျွန်းသည် အကြီးကြီး မဟုတ်သောကြောင့် အလက်ဇန္ဒြား လင်းယုန်ကို ဆင့်မခေါ်ခဲ့ပေ။ အစိမ်းရောင်ဝံပုလွေ၏ အရှိန်ဖြင့် သူ၏ဦးတည်ရာသို့ နာရီဝက်အတွင်း ရောက်ရှိနိုင်သည်။

လင်းဟွမ်သည် သွေးပူ လေ့ကျင့်ခန်း လုပ်သည့်အနေဖြင့် မနက်နိုးလာပြီး ကတည်းက လမ်းတစ်လျှောက်တွင် တွေ့ခဲ့သော မွန်းစတားအချို့ကို သတ်ဖြတ်ခဲ့သည်။

တောထဲတွင် ကီလိုမီတာ (၂၀) ကျော် စီးနင်းလာပြီးနောက် လမ်းတစ်လျှောက် တွေ့ခဲ့သော

မွန်းစတားအားလုံးကို ဓါးနှင့် အလွယ်တကူ သတ်ဖြတ်ခဲ့သည်။ အစိမ်းရောင်ဝံပုလွေက ၎င်း၏ အမြန်နှုန်းကို လျှော့ချပေးရန် မလိုအပ်ခဲ့ပေ။

လင်းဟွမ်သည် အစိမ်းရောင်ဝံပုလွေ၏ ကျောကို လက်နှင့် ရုတ်တရက် ပုတ်လိုက်ရာ ချက်ချင်း ရပ်တန့်သွားသည်။ လင်းဟွမ် ညာဘက် လက်ခလယ်ရှိ ငွေလက်စွပ်သည် မွန်းမံထားသော ငွေဖီးနစ် (၁၆) သေနတ်အဖြစ် ပြောင်းလဲသွားပြီး ညာလက်တွင် ကိုင်ထားသည်။ ဒါသည် ယခင်က ခရမ်းရောင် ကျီးကန်း အဖွဲ့စည်းထဲတွင်

စုဆောင်းထားခဲ့သော ရှမှတ်များဖြင့် ဝယ်ယူထားသော သေနတ် ဖြစ်သည်။ အစိမ်းရောင်ဝံပုလွေကို ပြန်သိမ်းပြီး ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ သစ်ပင်တစ်ပင်ကို ချိန်ထားလိုက်သည်။

"ဘယ်သူလဲ"

လင်းဟွမ် အာရုံခံစက်ဝိုင်း၏ မီတာ (၃၀၀) အတွင်း မည်သည့်အရာမှ မလွတ်မြောက်နိုင်ပေ။ ဟိုးအရင် ကတည်းက သူ့နောက်သို့ လူတစ်ယောက် လိုက်နေကြောင်း ခံစားနေမိသည်။ အာရုံခံ

စက်ဝိုင်းသည် ထိုလူ၏ မျက်နှာကို မမြင်နိုင်သော်လည်း ထိုလူ၏အရပ်နှင့် ခန္ဓာကိုယ် အရွယ်အစားကို သိရှိနိုင်သည်။ ထို့ကြောင့် ရှားယု မဟုတ်ကြောင်း သေချာနေသည်။

"ငါက မင်းနောက် လိုက်နေတယ်ဆိုတာ မင်း တစ်ယောက်တည်းပဲ ပြောနိုင်တယ်"

ဗလတောင့်တင်းသော လူငယ်က ကိုယ်ထင် ပြလာသည်။

လင်းဟွမ်သည် ထိုလူငယ်က တတိယမြောက် အကဲဖြတ်မှုတွင် ပါဝင်သော ဖြေဆိုသူတစ်ဦး

ဖြစ်ကြောင်း သိလိုက်သည်။ သို့သော်လည်း ထိုလူက သူ၏အောက်ရာကို မဖုံးကွယ်ထားခဲ့သဖြင့် ထိုလူက သူ့ထက် များစွာသန်မာကြောင်း ခံစားသိရှိလိုက်သည်။

သူ့ခန္ဓာကိုယ်ကို စစ်ဆေးလိုက်ရာ လည်ပင်း ဘယ်ဘက်ခြမ်းတွင် လက်ဝါးကပ်တိုင် တက်တူး (၃)ခု ရှိနေကြောင်း သတိထားလိုက်မိသည်။

"မင်းက ဒိဋ္ဌိ တစ်ယောက်လား"

"ဒါပေါ့"

လူငယ်က ခေါင်းညိတ်လိုက်သည်။

“လင်းဟွမ် မင်းနာမည်ကို ငါသိတယ်။ ဒီအကဲဖြတ်မှုမှာ မင်းက အထူးချွန်ဆုံးပဲ။ မင်းက ကြေးအဆင့် (၃) ရှိနေတဲ့ချိန်မှာ ငွေရောင်အဆင့် (၃) မွန်းစတား တစ်ကောင်ကို သတ်နိုင်ခဲ့တယ်။ ငါပြောတာ မှန်တယ်မဟုတ်လား”

“ငါ ဘာလုပ် နိုင်တယ်ဆိုတာ မင်း သိနေရင်လည်း ငါက မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်ပြီး မင်းကိုသတ်လိုက်မှာ မကြောက်ဘူးလား။ အခု ငါက ငွေအဆင့် ဖြစ်နေပြီ”

လင်းဟွမ်က ပြုံးပြီး ပြောလိုက်သည်။

"ဒါပေါ့ ငါမကြောက်ဘူး။ မင်းရဲ့အော်ရာကို ဖုံးကွယ်ထားပေမယ့် မင်းက ငွေအဆင့် (၁) ပဲ ရှိသေးတယ်။ ပြီးခဲ့တဲ့ နှစ်ရက် သုံးရက်လောက်ကမှ မင်း အဆင့်တက်ထားတာ ဖြစ်လိမ့်မယ်။ မင်းမှာ ကံကြမ္မာ သလင်းကျောက် ဘယ်လောက်ပဲရှိရှိ အချိန်တိုလေးအတွင်းမှာ ငွေအဆင့် (၂) ကို ရောက်သွားနိုင်မှာ မဟုတ်ဘူး။ ပြောချင်တာက မင်းဆင့်ခေါ်နိုင်တဲ့ အသန်မာဆုံး မွန်းစတားက

ရွှေအဆင့် (၃)ပဲ ဖြစ်လိမ့်မယ်။ ခု ငါက ရွှေအဆင့် (၃) ဖြစ်နေပြီကွ။”

ဗလတောင့်သော အမျိုးသားသည် ယုံကြည်ချက် အားကောင်းပုံ ရသော်လည်း လင်းဟွမ်ကို မတိုက်ခိုက်ခဲ့ပေ။ လင်းဟွမ် ဆင့်ခေါ်မည့် မွန်းစတားကို ကြောက်နေပုံရသည်။

“ဒါဆို မင်းက ငါ့ကို သတ်ဖို့လာတာလား ဒါမှမဟုတ် လူသစ် စုဆောင်းဖို့လား”

လင်းဟွမ်က မေးလိုက်သည်။

"ဟုတ်တယ် အဲဒါကြောင့် လာတာပဲ။ ငါတို့ ဒိဋ္ဌိတွေက အမြဲတမ်း ငြိမ်းချမ်းရေး မြတ်နိုးတဲ့ လူတွေပါ။"

ဗလတောင့်သော လူငယ်က ရယ်မောလိုက်သည်။

"မင်းရဲ့ စုဆောင်းတဲ့ ကမ်းလှမ်းမှုကို ငါက ငြင်းလိုက်ပယ်ရင် မင်း ငါ့ကို သေချာပေါက် သတ်မှာမဟုတ်လား။ ဒါက ဒိဋ္ဌိအဖွဲ့အစည်း အမြဲတမ်း လုပ်နေတာတဲ့ အရာ မဟုတ်ဘူးလား။ အဲဒါကို ငြိမ်းချမ်းရေးလို့ မင်းက ထင်နေတာလား။"

လင်းဟွမ်က ရွဲ့စောင်းသော လေသံဖြင့် ပြောလိုက်သည်။

"မဟုတ်ဘူး၊ ငါတို့က အဲဒီလိုမလုပ်ဘူး။ ငါတို့ကို ငြင်းပယ်တဲ့ လူတွေကို ဖမ်းပြီး ငါတို့ထဲက တစ်ယောက် ဖြစ်လာတဲ့အထိ သူ့ကို ပညာပေးတယ်။"

ထိုလူက ခေါင်းခါရင်း ရယ်မောလိုက်သည်။

"ဘာလဲ မင်းက ဦးနှောက်ဆေးတာကို ဆိုလိုတာလား။ မင်းက ကျန်တဲ့လူတွေနဲ့ တကယ်ကို မတူဘူး..."

လင်းဟွမ်သည် ဆွံ့အနေသည်။

"ဘာဖြစ်လို့ ငါ့ကိုရွေးတာလဲ"

"ဒါက မင်းတစ်ယောက်တည်း မဟုတ်ဘူး။ တတိယမြောက် အကဲဖြတ်မှုကို အောင်မြင်တဲ့ လူတိုင်းက ငါတို့ရဲ့ ပစ်မှတ်တွေပဲ။ မင်းက (၃၆) ယောက်မြောက်လူပဲ။ အစီအစဉ်အရ ငါ့ရဲ့ အဖော်တွေက မွန်းမတည့်ခင် ပစ်မှတ်အားလုံးကို ဖမ်းနိုင်လိမ့်မယ်လို့ ငါ ယုံကြည်တယ်။ ဒါကြောင့် မုဆိုးအဖွဲ့အစည်းက ဘာမှရလိုက်မှာ မဟုတ်ပါဘူး"

ထိုလူက ရယ်မောလိုက်သည်။

"ဒါဆို မုဆိုးအဖွဲ့အစည်းက ငါတို့ကို ပျိုးထောင်ပြီး ဒိဋ္ဌိတွေကို ရိတ်သိမ်းသွားတာပဲ"

နောက်ဆုံးတွင် လင်းဟွမ်သည် ထိုလူ၏ တွေးခေါ်ပုံကို နားလည်သွားသည်။

"ဒါပေမဲ့ တတိယမြောက် အကဲဖြတ်မှုကို အောင်မြင်လာတဲ့လူက (၅၀၀) ထက် မနည်းဘူး။ ငါတို့က အားလုံးကို ဖမ်းဖို့ဆိုရင် မင်းရဲ့ အဖွဲ့အစည်းက လူ နည်းနည်းလေးရယ်"

ထိုလူ၏ လေသံသည် ရုတ်တရက် လေးနက်လာပြီး

"ကောင်လေး၊ မင်းက မေးခွန်းတွေ များလွန်းတယ်"

ထိုလူသည် ရုတ်တရက် ပြေးတက်လာပြီး လက်သည်းများပါသော လက်ဖြင့် လင်းဟွမ်ကို တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

"အာဏာရှင်"

အာဏာရှင်သည် လင်းဟွမ်၏ ရှေ့တွင် ပေါ်လာပြီး ထိုလူကို လက်သီးနှင့် ထိုးလိုက်သည်။

"သွားစမ်း"

ထိုလူက အော်ဟစ်ပြီး အာဏာရှင်ကို လက်သီးနှင့် ပြင်းပြင်းထန်ထန် ပြန် ထိုးလိုက်သည်။

လက်သီး နှစ်ခု တွေ့ဆုံသွားသောအခါ ပြင်းထန်သော လှိုင်းလုံးကြီး ထွက်ပေါ်လာပြီး နေရာအနှံ့ ဖုန်မှုန့်များ တထောင်းထောင်း ပျံ့လွင့်သွားသည်။

အာဏာရှင်၏ နောက်တွင် ရပ်နေသော လင်းဟွမ်ပင် ပါးစပ်နှင့်နှာခေါင်းကို အင်္ကျီဖြင့် အုပ်လိုက်ရသည်။

ထို့နောက် ပေါက်ကွဲသံတစ်ခု ကြားလိုက်ရပြီး ထိုလှူသည် သစ်ပင် (၁၀) ပင် အဝေးအထိ လွင့်ထွက်ပြီး မြေပေါ်သို့ လဲကျသွားသော်လည်း အာဏာရှင်က ထိုနေရာတွင် မားမားမတ်မတ် မတ်ရပ်ပြီး ကျန်ခဲ့သည်။

လင်းဟွမ်သည် အာဏာရှင်၏ လက်သီးက မည်မျှအစွမ်းထက်ကြောင်း မြင်လိုက်ပြီး အံ့အား သင့်သွားသည်။ ဤကဲ့သို့ လက်သီးဖြင့် အထိုးခံလိုက်ရပါက လွင့်ထွက်ပြီး သစ်ပင်နှင့်

ထိမှန်ကာ သေဆုံးသွားမည့် အကြောင်းကို ကောင်းကောင်း သိနေသည်။

သို့သော် ထိုလူသည် သူ့ထက် အဆင့်မြင့်သောကြောင့် ဤမျှ အလွယ်တကူ မသေနိုင်ပေ။

"အာဏာရှင်၊ သူသေသွားပြီးလား သွားကြည့်စမ်း။ သူ့ကိုမသတ်နဲ့၊ ငါ သူ့ကို မေးကြည့်ရအုံးမယ်။"

လင်းဟွမ်က အာဏာရှင်ကို ပြောလိုက်သည်။

အာဏာရှင်က ခေါင်းညိတ်ပြီး ထိုလူထံ လျှောက်သွားသည်။ ခဏအကြာ အာဏာရှင်က ထိုလူကိုထမ်းပြီး ပြန်ရောက်လာသည်။

ထိုလူ၏ အပေါ်တွင် ဝတ်ဆင်ထားသော ရွှေရောင်ချပ်ဝတ် တန်ဆာသည် ပြိုကွဲနေပြီး သေလုနီးပါး ဖြစ်နေသည်။ ထိုအကာအကွယ် အလွှာကြောင့်သာ မဟုတ်ပါက ချက်ချင်း သေဆုံးသွားလိမ့်မည်။

သို့သော်လည်း အသက်ရှည်လိမ့်မည် မဟုတ်ပေ။

"မင်းက ငွေအဆင့် (၁) မဟုတ်ဘူး..."

ထိုလူက လင်းဟွမ်ကို မုန်းတီးစွာ စိုက်ကြည့်လိုက်သည်။

"ငါကလည်း ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး။ မင်းဘာသာမင်း ယူဆနေတာပဲ"

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"ထိန်းချုပ်သူ တစ်ယောက်က သန္ဓေ နှစ်ကြိမ် ပြောင်းထားတဲ့ မွန်းစတား တစ်ကောင်ကို ဆင့်ခေါ်နိုင်ရင် ပါရမီရှင် ဖြစ်နေပြီ... မင်းက သေဖို့ ထိုက်တန်နေပြီကွ"

ထိုလူသည် ထိုသို့ပြောနေရင်း သွေးတစ်ချက် အန်ထွက်သွားသည်။

အစောပိုင်းတုန်းက အာဏာရှင်၏ လက်ချက်ကြောင့် သူ၏ ကိုယ်တွင်းအင်္ဂါ ပျက်စီးသွားကြောင်း ထင်ရှားနေသည်။ အသက် မရှင်နိုင်တော့ပေ။

လင်းဟွမ်က ဆောင့်ကြောင့် ထိုင်လိုက်ပြီး

“မင်းကို မေးစရာ ရှိတယ်။”

“မင်းကို ဘာမှ မပြောပြဘူး။ အချိန်ဖြုန်း မနေနဲ့”

ထိုလူက လင်းဟွမ်ကို ကြည့်ရမည့်အစား အဝေးကို လှမ်းကြည့်နေသည်။

"မင်းမှာ ပြောစရာ မရှိဘူးလား။"

လင်းဟွမ် ရုပ်ဆိုးလူရှင်တော်ကို ဆင့်ခေါ်ပြီး ပြောလိုက်သည်။

"ဒီလူရှင်တော်က ဒက်စီမြို့မှာ ပေါ်ခဲ့တာ မဟုတ်လား"

ထိုလူသည် ဒက်စီမြို့တွင် ပေါ်ခဲ့သော ရုပ်ဆိုး လူရှင်တော်၏ အသွင်အပြင်ကို သိနေပြီး

လင်းဟွမ်နှင့်အတူ တွေ့လိုက်ရသောကြောင့် တုန်လှုပ်သွားသည်။

"မင်းက ဘယ်သူလဲ"

"လူရှင်တော်၊ သူ့ကို ထိန်းချုပ်လိုက်။"

လင်းဟွမ်သည် ထိုလူက လူရှင်တော်ကို သိနေလိမ့်မည်ဟု မမျှော်လင့် ထားသောကြောင့် မျက်မှောင် ကြုတ်သွားသည်။

လူရှင်တော်က သူ၏လက်ထဲတွင် မျက်နှာဖုံး တစ်ခု ဖွဲ့စည်းလိုက်သည်။ မျက်နှာဖုံး

ဝတ်ဆင်ပြီးနောက် လူရှင်တော်၏ မျက်နှာသည် ထိုလူ၏မျက်နှာ ဖြစ်သွားသည်။

"အကဲဖြတ်တဲ့ နေရာမှာလူ ရှိသေးလား။ ဘယ်နှစ်ယောက် ကျူးကျော်လာတာလဲ။"

လင်းဟွမ်သည် သူ့စိတ်ထဲတွင် ရှိနေသော မေးခွန်းကို မေးလိုက်သည်။

"အဖွဲ့ခွဲ (၇) မှာ ပြုလုပ်နေတဲ့ အကဲဖြတ်မှုနေရာ (၁၈၀) ရှိတဲ့အထဲမှာ (၆၃) ခုကို ငါတို့ ကျူးကျော်ထားတယ်"

"မင်းတို့ရဲ့ ရည်ရွယ်ချက်က ဘာလဲ၊ ပါရမီရှင်တွေအားလုံးကို ခေါ်ထုတ်သွားဖို့ ဆိုတာ တကယ်ပဲလား"

လင်းဟွမ်က ထပ်မေးလိုက်သည်။

"ဟုတ်တယ်၊ သူတို့ကို ငါတို့အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေ ဖြစ်လာအောင် ပြုစု ပျိုးထောင်ပေးဖို့ပဲ"

"မင်းတို့က အကဲဖြတ်မှုထဲကို ဘယ်လို ထိုးဖောက် ဝင်ရောက်လာတာလဲ"

လင်းဟွမ်သည် ဤမေးခွန်း၏ အဖြေကို ခန့်မှန်းခဲ့သော်လည်း မသေချာ မရေရာပေ။

"အကဲဖြတ်တဲ့ နေရာမှာ ငါတို့ရဲ ကိုယ်ရေးကိုယ်တာ အထောက်အထားအတွက် ကူညီပေးတဲ့ သူလျှိုတွေ ရှိတယ်။ ငါတို့ရဲ့ အော်ရာတွေကို အင်မော်တယ်အဆင့် သာလွန် လူသားတစ်ယောက်က ချိတ်ပိတ် ပေးထားတယ်။ ငါတို့ရဲ့ အထောက်အထားကို ဖော်ပြနိုင်တဲ့ အခြားအမှတ်အသားတွေကိုလည်း ဖုံးအုပ်ပေးတဲ့ ကျွမ်းကျင်သူတွေ အများကြီး ရှိတယ်"

"ဒီနေရာမှာ မင်းတို့လူ ဘယ်နှစ်ယောက်ရှိလဲ၊ သူတို့ရဲ့ အရည်အချင်းတွေကရော ဘာတွေလဲ။"

လင်းဟွမ်က ဆက်မေးလိုက်သည်။

"ငါတို့ အားလုံးပေါင်း (၁၁) ယောက် ရှိတယ်။ သန့်ရှင်းမီးလျံအဆင့် သာလွန်လူသား တစ်ယောက်နဲ့ ရွှေအဆင့် (၃) မုဆိုး (၁၀) ယောက် ပါဝင်တယ်။

လင်းဟွမ်သည် ဤအဖြေကြောင့် ထိတ်လန့်သွားသည်။ သန့်ရှင်းမီးလျံအဆင့် သာလွန်လူသား ပါဝင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ အကဲဖြတ်မှု၏ အကြီးအကဲများသည် ရွှေအဆင့်သာ

ဖြစ်ပြီး ရွှေမှုဆိုး ဦးဆောင်စာရင်း၏ နံပါတ် (၄) နေရာတွင် ရှိနေသော မူလန်ပင် သန့်ရှင်း မီးလုံအဆင့်သာလွန် လူသားကို တိုက်ခိုက် နိုင်လိမ့်မည် မဟုတ်ပေ။

"တခြား နေရာတွေလဲ အတူတူပဲလား။"

"ဟုတ်တယ်၊ ရွှေအဆင့် (၃) မှုဆိုး (၁၀) ယောက်ကနေ (၁၂) ယောက်ကို သန့်ရှင်း မီးလုံအဆင့် မန်နေဂျာတစ်ယောက်က အမြဲတမ်း ဦးဆောင်တယ်"

လင်းဟွမ်သည် သူပြောသည်ကို ကြားပြီးနောက် မုဆိုးအဖွဲ့အစည်း ဘက်မှ ရှုံးနိမ့်နေမှာ သေချာနေသည်။

"မင်းတို့က ဖြေဆိုသူတွေကို ဖမ်းပြီး ဘယ်နေရာမှာ ထားတာလဲ။"

လင်းဟွမ်က ထိုအကြောင်းကို တွေးတော နေမိသည်။

"အမှောင် အတုအယောင် အကျဉ်းထောင်ထဲမှာ ဖမ်းချုပ်ထားတယ်။ အမှောင် အတုအယောင် အကျဉ်းထောင်က တစ်ခါသုံး ကြယ်ငါးပွင့်အဆင့်

ခေတ်ကြွင်းတစ်ခုပဲ။ ဒါက သတိလစ်သွားတဲ့ သက်ရှိတွေကို ဖမ်းယူနိုင်ပေမဲ့ အဲဒီသက်ရှိတွေကို လွှတ်ပေးလိုက်တာနဲ့ ပျောက်ကွယ်သွားမယ်။ ဒီတာဝန်ကို လုပ်တဲ့အချိန်မှာ ငါတို့အားလုံးမှာ တစ်ယောက်တစ်ခုစီ ရှိတယ်”

ထိုလူ၏ ရှင်းပြချက်အရ လင်းဟွမ်သည် တစ်ယောက်ယောက်ကို သတိလစ်အောင် ပြုလုပ်ပြီးမှ ထိုအမှောင်ထု အတုအယောင် အကျဉ်းထောင် ထဲတွင် ထား၍ရကြောင်း သိလိုက်ရသည်။ ထို့နောက် ထိုအမျိုးသား၏ ခါးတွင်

အနက်ရောင် လှောင်အိမ်တစ်ခု ချိတ်ဆွဲထားကြောင်း သတိထား လိုက်မိသည်။ ဒါကို ထူးဆန်းသော အသုံးအဆောင် ပစ္စည်းတစ်ခုဟု ထင်နေခဲ့မိသည်။

လင်းဟွမ်သည် လှောင်အိမ်ကို ကောက်ကိုင်လိုက်ပြီး

"ဒါက မင်းပြောနေတဲ့ အကျဉ်းထောင်လား၊ အဲဒီမှာ ရှိနေတဲ့လူတွေကို ဘယ်လို လွှတ်ပေးရမှာလဲ"

"ဟုတ်တယ်၊ လှောင်အိမ်ထဲမှာ ခရုပတ်ပုံစံ ကံကြမ္မာ ပတ်လမ်းပုံစံ ရှိတယ်။ မင်းလုပ်ရမှာက

မင်းရဲ့ ကံကြမ္မာစွမ်းအားကို ထည့်ပြီး အဲဒီပုံစံအတိုင်း သုံးကြိမ်တိုင်တိုင် လှည့်ပေးဖို့ပဲ”

“မင်းတို့ တာဝန်ပြီးသွားတဲ့အခါ အကဲဖြတ်တဲ့ နေရာက ဘယ်လို ထွက်သွားမှာလဲ”

လင်းဟွမ်သည် အဖြေကို ခန့်မှန်းနိုင်သော်လည်း ပိုသိချင်နေသည်။

“ခေါင်းဆောင်က ငါတို့နဲ့ တွေ့ဆုံပြီးတာနဲ့ တစ်ခါသုံး နေရာကူးပြောင်းခြင်း ပေါ်တယ် အသုံးပြုလိမ့်မယ်”

ထိုလူသည် နောက်တစ်ကြိမ် သွေးအန်ပြီး ချောင်းဆိုးလာသည်။

လင်းဟွမ်သည် ဘေးတွင် ရှိနေသော လူရှင်တော်ကို ကြည့်လိုက်ရာ လူရှင်တော်က ခေါင်းခါပြသည်။ လင်းဟွမ်တွင် ထပ်မေးနိုင်သော နည်းလမ်း မရှိတော့ပေ။

ထိုလူသည် ပြင်းပြင်းထန်ထန် ချောင်းဆိုးပြီးနောက် သွေးတစ်ချက် အန်ထွက်ကာ သေဆုံးသွားသည်။ ရုပ်ဆိုးလူရှင်တော်၏ မျက်နှာပေါ်က မျက်နှာဖုံးလည်း ပျောက်ကွယ်သွားသည်။

"အင်း၊ သူတို့ရဲ့ ဆုံမှတ်ကို ရခါနီးမှကွာ"

လင်းဟွမ်သည် သက်ပြင်းချရင်း ခေါင်းခါလိုက်သည်။

## အခန်း(၁၇၇) - စီမံခန့်ခွဲမှုအဖွဲ့ကို အစီရင်ခံခြင်း။

လင်းဟွမ်သည် အကဲဖြတ်မှုတွင် ပါဝင်သော အချိန်၌ ဤကဲ့သို့ အဖြစ်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားပေ။

ဒိဋ္ဌိများသည် မြေအောက် အဖွဲ့အစည်းများထဲတွင် သြဇာအရှိဆုံး အဖွဲ့အစည်း များထဲမှတစ်ခု ဖြစ်သည်။ ဤတာဝန်အတွက် သာလွန်လူသား (၆၀) ကျော်နှင့် ရွှေအဆင့် (၃) မှုဆိုး (၆၀၀) ကျော် စေလွှတ်ခဲ့သည်။ ဒါသည် ရှုံးသွပ်သွားနိုင်သည်။

မုဆိုးအဖွဲ့အစည်းကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ရာနှင့်ချီနေပြီ ဖြစ်သော်လည်း ဤကဲ့သို့ အဖြစ်အပျက်မျိုး တစ်ခါမှ မကြုံဖူးပေ။ ဒိဗ္ဗိများကလည်း ဤကဲ့သို့ လုပ်လိမ့်မည်ဟု မည်သူမျှ မမျှော်လင့် ထားကြပေ။

“ကြည့်ရတာတော့ ဦးဆောင် စာစစ်မှူးဆီကို အကြောင်းကြားဖို့ လိုနေပြီ၊ ဒါမှလည်း သူမက စီမံခန့်ခွဲသူတွေဆီ ဆက်သွယ်ပြီး သာလွန်လူသားတွေကို တတ်နိုင်သမျှ ဒီနေရာကို အမြန်ဆုံး ပို့နိုင်လိမ့်မယ်”

လင်းဟွမ်သည် ဗလတောင့်သော လူငယ်၏ အလောင်းကို သိမ်းဆည်းပြီးနောက် အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်ကာ အကဲဖြတ်သောနေရာသို့ ဦးတည်သွားလိုက်သည်။

မိနစ် အနည်းငယ်ကြာပြီးနောက် လင်းဟွမ်သည် အကဲဖြတ်သည့် နေရာကို ရောက်ရှိလာသည်။

ဦးဆောင်စစ်ဆေးသူ မူလန်သည် လင်းဟွမ်ကို မြင်လိုက်လျှင် မျက်မှောင် ကြုတ်သွားသည်။

လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန် ပေါ်မှ ခုန်ဆင်းကာ မွန်းစတားကို ပြန်သိမ်းပြီးနောက် မူလန်ထံ လျှောက်သွားလိုက်သည်။

"ဖြေဆိုသူက အကဲဖြတ်မှု ပြီးမြောက်အောင်မြင်ပြီးမှ ဒီနေရာကို ပြန်လာနိုင်တယ်။ မင်းက စည်းကမ်းတွေကို ချိုးဖောက်နေတာပဲ"

ဝန်ထမ်း တစ်ယောက်က လင်းဟွမ်ကို ပြောလိုက်သည်။

လင်းဟွမ်က ဗလတောင့်သော လူငယ်၏ အလောင်းကို ထုတ်ယူပြီး ဦးဆောင် စစ်ဆေးသူ မူလန်ကို ကြည့်လိုက်ကာ

"ငါ့နာမည်က လင်းဟွမ်၊ ဖြေဆိုသူတွေထဲက တစ်ယောက်ပဲ။ ဒီလူက ဒိဋ္ဌိတွေထဲက သူလျှိုပဲ။ ငါတို့အကဲဖြတ်မှုမှာ စိမ့်ဝင်နေတဲ့ ရွှေအဆင့် (၃) မှဆိုး (၁၀) ယောက်နဲ့ သာလွန်တစ်ယောက် ရှိနေတယ်။ အဲဒါက ငါတို့ တစ်နေရာတည်းမှာ မဟုတ်ဘူး။ အဖွဲ့ခွဲ (၇) ရဲ့ အကဲဖြတ်တဲ့ နေရာ (၆၃) ခုလုံးမှာ ဖြစ်နေတယ်"

လင်းဟွမ်၏ စကားကို ကြားလိုက်လျှင် လူတိုင်း တုန်လှုပ်သွားကြသည်။

"ဒီအကြောင်းကို မင်း ဘယ်လိုသိတာလဲ"

မူလန်က သံသယစိတ်နှင့် မေးလိုက်သည်။

"မသေခင် ဒီလူကို မေးကြည့်ခဲ့တာပဲ"

လင်းဟွမ်က အမှောင်ထု အတုအယောင် အကျဉ်းထောင်ကို ထုတ်ယူလိုက်သည်။

"ဒါက သူတို့ရဲ့ ရည်ရွယ်ချက်ပဲ။ ဖြေဆိုသူတွေကို ခေါ်သွားပြီး ဦးနှောက်ဆေးလိမ့်မယ်။ ဒါကြောင့် ဖြေဆိုသူတွေကို ဒီခေတ်ကြွင်းထဲမှာ သိမ်းထားတယ်"

မူလန်သည် ခြေလှမ်း တစ်လှမ်းတည်းနှင့် လင်းဟွမ်၏ ဘေးတွင် ဖြတ်ခနဲ ပေါ်လာပြီး

"ဒါက ဒိဋ္ဌိတွေ ပိုင်တဲ့ ခေတ်ကြွင်းလား"

သူမသည် တစ်ချက် ကြည့်လိုက်ရုံဖြင့် သိသွားသည်။

"မင်းက လုပ်နိုင်တယ်။ ငါ့မှာက ဒီလူတွေကို လွှတ်ပေးဖို့အတွက် လုံလောက်တဲ့ ကံကြမ္မာစွမ်းအား မရှိဘူး။"

ထို့နောက် လင်းဟွမ်သည် လက်သီးအရွယ် အနက်ရောင် လှောင်အိမ်ကို မူလန်ထံ ပေးလိုက်သည်။

"အဲဒါရဲ့ လမ်းကြောင်း ပုံစံအတိုင်းလိုက်ပြီး ကံကြမ္မာစွမ်းအားကို သုံးကြိမ် လှည့်ပေးလိုက်။"

"မင်း ပြောတာတွေ အမှန်တွေဆိုတာ ငါက ဘယ်လိုသိမှာလဲ၊ ဒိဋ္ဌိတွေက သူတို့ရဲ့တာဝန်နဲ့ ပတ်သက်ရင် ဘယ်တော့မှ ထုတ်မပြောဘူး"

"ငါ့မှာ နည်းလမ်းရှိတယ်၊ ငါရထားတဲ့ အချက်အလက်တွေက အမှန်တွေ ဆိုတာ သေချာတယ်။"

လင်းဟွမ်က သူမကို ရေးတေးတေး ပြောလိုက်သည်။

မူလန်သည် လူတိုင်းတွင် လျှို့ဝှက်ချက်ကိုယ်စီ ရှိသောကြောင့် မမေးတော့ပေ။ လင်းဟွမ်က

သူ့လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားခြင်းမှာ သာမန်သာဖြစ်သည်။

လင်းဟွမ်၏ ပြောသည့်အတိုင်း လိုက်နာပြီး ပြုလုပ်လိုက်ရာ အမှောင်ထု အတုအယောင် အကျဉ်းထောင်ကို ဖွင့်နိုင်ခဲ့သည်။

အထဲတွင် ဖမ်းထားသော ဖြေဆိုသူအားလုံးကို လွှတ်ပေးခဲ့သည်။ ထိုနောက် ခတ်ကြွင်းသည် တစ်ခါတည်း ပျောက်ကွယ်သွားသည်။

ဖြေဆိုသူများသည် သူတို့ရှေ့တွင် မူလန် ပေါ်လာသည်ကို မြင်လိုက်သောအခါ သူမအနား

ချဉ်းကပ်သွားပြီး တစ်ယောက်တစ်ခွန်း စကား ပြောကြတော့သည်။

"ဖြစ်ပျက် ခဲ့တာတွေကို ရှင်းပြဖို့ တစ်ယောက်တည်း ပြောပါ။ ကျန်တဲ့လူတွေက မနှောက်ယှက်နဲ့"

မူလန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ ဖြေဆိုသူ အားလုံး နှုတ်ဆိတ်သွားကြသည်။ လင်းကျိုးလော်က လူအုပ်ထဲမှ တိုးထွက်လာသည်။

သူပြောခဲ့သော အဖြစ်အပျက် အပြည့်အစုံသည် လင်းဟွမ် ပြောခဲ့သည့်စကားများနှင့် ကိုက်ညီနေသည်။

"ကောင်းပြီ၊ ငါ မှတ်ထားလိုက်မယ်။ အကဲဖြတ်မှုကို ခေတ္တရပ်ဆိုင်းထားတဲ့ အကြောင်း ဝန်ထမ်းတွေဆီ သတင်းပို့လိုက်ပါ။ ပြီးတော့ ဝန်ထမ်းတွေနဲ့ အတူတူ နေကြပါ။ လျှောက်သွားတာမျိုး မလုပ်စေနဲ့"

မူလန်က ဝန်ထမ်းများကို အကျဉ်းချုံးပြီး ပြောလိုက်သည်။

“အုပ်ချုပ်ရေးအဖွဲ့ကို တတ်နိုင်သမျှ အမြန်ဆုံး သတင်းပို့ပါ။ သူတို့မှာ သာလွန်အဆင့် ခေါင်းဆောင် ရှိနေတယ်၊ ငါတို့က သူတို့ကို တိုက်ခိုက်လို့မရဘူး။ နောက်ပြီးတော့ တာဝန်ကို နေ့လည်ခင်းမတိုင်းခင် ပြီးအောင် လုပ်ကြလိမ့်မယ်။ အဲဒါပြီးတာနဲ့ သူတို့က နေရာကူးပြောင်းခြင်း ပေါ်တယ်ကို အသုံးပြုပြီး ချက်ချင်း ထွက်သွားလိမ့်မယ်။ ဖြေဆိုသူအားလုံးကို ကယ်တင်ချင်ရင်၊ ငါတို့တွေ မြန်မြန်လုပ်မှ ရလိမ့်မယ်”

လင်းဟွမ်သည် အချက်အလက်ကို အတည်ပြုပြီးသည်နှင့် ချက်ချင်း ပြောလိုက်သည်။

မူလန်က စိတ်ရှုပ်ထွေးနေသော အမူအရာဖြင့် သူ့ကို လှမ်းကြည့်လိုက်သည်။ ထို့နောက် လင်းဟွမ် ပြောသမျှ သတင်းပို့ပြီးနောက် ဖုန်းချလိုက်ပြီး စိုးရိမ် နေပုံရ၏။

"သာလွန် လူသားတစ်ယောက်က ဒီနေရာကို ရောက်လာပြီး စစ်ဆေးမှု လုပ်ဖို့အတွက် နာရီဝက်လောက် အချိန်ယူရလိမ့်မယ်။ သူတို့ရဲ့ ဌာနချုပ်ကလည်း သတင်းဆိုး တစ်ခုရှိ

နေတယ်ဆိုတာ သိမှာပဲ။ နာရီဝက်တိုင်း သူတို့ရဲ့ လူတွေဆီက တိုးတက်မှု ဖြစ်စဥ်အကြောင်း မကြားရရင် ခေါင်းဆောင်က တစ်ခုခု ဖြစ်သွားတာကို သိသွားလိမ့်မယ်”

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။

ဒိဋ္ဌိခေါင်းဆောင်က သူတို့ တာဝန်တွင် တစ်ခုခု လွဲချော်သွားကြောင်း သိလိုက်သည်နှင့် ကျန်သည့်လူများကိုခေါ်ပြီး စောစောစီးစီး ထွက်ခွာသွားလိမ့်မည်။ ဤကဲ့သို့ ဖြစ်သွားပါက ဖြေဆိုသူများကို ပြန်ရရန် ခက်ခဲသွားလိမ့်မည်။

လင်းဟွမ်သည် အချိန်တစ်ခု ကြာအောင် တိတ်ဆိတ် သွားပြီးနောက် နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"ဒီလိုဆိုရင် ငါတို့က ပိုမြန်အောင် လှုပ်ရှားရမယ်။ သာလွန်အဆင့် ခေါင်းဆောင်ကို ငါတို့က မတိုက်ခိုက်နိုင်ရင် ကျန်တဲ့လူတွေကို အရင်သတ်ပြီး ဖြေဆိုသူတွေကို ကယ်တင်ရမယ်"

"အဲဒီ ရွှေအဆင့် (၃) မုဆိုးတွေကို မင်းက တကယ်ပဲ တိုက်ခိုက်နိုင်လို့လား"

မူလန်က မေးလိုက်သည်။

လင်းဟွမ်က သူ့၏စွမ်းရည် အစစ်အမှန်ကို ထုတ်ဖော် ပြသခဲ့မည်ဆိုလျှင် မူလန်က မေးနေစရာ မလိုပေ။

“သာလွန်အဆင့် အောက်က မုဆိုးတွေကို တိုက်ခိုက်ဖို့က ပြဿနာမရှိဘူး”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ။ ဒါဆိုလည်း လူစုခွဲရအောင်။”

မူလန်က ခေါင်းညိတ်ပြီး ဝန်ထမ်းတစ်ယောက်ကို လှည့်ကြည့်ကာ အမိန့်ပေးလိုက်သည်။

"ကျွန်းပေါ်မှာ ရှိနေတဲ့ ဖြေဆိုသူတွေရဲ့ တည်နေရာကို ရယူလိုက်ပါ"

"အကဲဖြတ်မှု မလုပ်ခင် ဒိဋ္ဌိတွေက သူတို့ရဲ့ အင်ပါယာ နှလုံးသားလက်စွပ်ကို အပြောင်းအလဲ လုပ်ထားမယ်လို့ မထင်ဘူးလား။ ဒီလိုဆိုရင် ငါတို့က ရှာဖွေနိုင်ပါအုံးမလား"

လင်းဟွမ်က မေးလိုက်သည်။

"အဲဒီလို လုပ်တာလည်း ကိစ္စမရှိဘူး။ ဒီအကဲဖြတ်တဲ့ ကာလမှာ ဦးဆောင်စစ်ဆေးသူက သူတို့ရဲ့ တည်နေရာတွေကို ဖော်ထုတ်နိုင်စွမ်း

ရှိတယ်။ သူတို့ရဲ့ အင်ပါယာ နှလုံးသားလက်စွပ်ကို မစွန့်ပစ်သရွေ့ သူတို့ရဲ့ သိုလှောင်လက်စွပ်ထဲ ထည့်ထားလည်း ခြေရာခံနိုင်တယ်”

မူလန်က ရှင်းပြလိုက်သည်။

ဝန်ထမ်းများသည် ဖြေဆိုသူ အားလုံး၏ တည်နေရာများ ပါရှိသော မြေပုံတစ်ခုကို အမြန် ရလိုက်သည်။ မြေပုံပေါ်တွင် အဝါရောင် အစက် (၁၀၀) ကျော်သာ ကျန်တော့သည်။ သူတို့ရှာဖွေရန် ရည်ရွယ်ထားသော ဖြေဆိုသူများ၏ ကိုသြဒိနိတ်များ ဖြစ်သည်။ မူလန်သည် မျက်မှောင်ကြုတ်လိုက်ကာ

ကိုဩဒိနိတ် တည်နေရာများကို ကြည့်ရှုရန် သူမ၏ အထောက်အထားကို စကင်န်ဖတ်လိုက်သည်။

မြေပုံက ပြန်လည် ဆန်းသစ်သွားသည်။

မြေပုံပေါ်တွင် အနီရောင် အစက်နှစ်စက် ပေါ်လာသည်။ အနီရောင် အစက်များသည် သိုလှောင်ခန်းထဲတွင် သိမ်းဆည်းထားသော အင်ပါယာ နှလုံးသား လက်စွပ်များ၏ တည်နေရာများ ဖြစ်သည်။

လင်းဟွမ်သည် မျက်မှောင်ကြုတ်သွားသည်။ သူ၏ ယခင် အင်ပါယာနှလုံးသား လက်စွပ်ကို

မဖယ်ရှားရသေးဘဲ သူနှင့်အတူထားပါက အန္တရာယ်ရှိနိုင်သေးသည်။ အကယ်၍ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက တူညီသောနည်းလမ်းကို အသုံးပြု၍ သူ့ကိုရှာဖွေခဲ့ပါက ပြဿနာ ဖြစ်လာနိုင်သည်။

"လင်းဟွမ်၊ မင်းရဲ့လက်စွပ်ထဲကို သူတို့ရဲ့ အဆက်အသွယ် အချက်အလက် အသေးစိတ် ထည့်ပေးလိုက်ပါ။ မင်းဆီကို မြေပုံတစ်ခု ပို့ပေးလိုက်မယ်။"

မူလန်က အခြား ဝန်ထမ်းနှစ်ယောက်ကို အကျဉ်းချုံး ပြောလိုက်သည်။

"မင်းရဲ့မြေပုံကို အချိန်တိုင်း အသက် သွင်းထားပေးပါ။ ငါတို့ ထွက်သွားပြီးလို့ မင်းပိတ်ချင်ရင် ငါ့ရဲ့ ခွင့်ပြုချက်ရမှပဲ မင်း ပိတ်လို့ရမယ်။ အဲ့ဒီလို မဟုတ်ဘူးရင် လင်းဟွမ်က အနီရောင် အစက်တွေကို မြင်နိုင်မှာ မဟုတ်တော့ဘူး။"

ဝန်ထမ်းက ခေါင်းညိတ်လိုက်သည်။

လင်းဟွမ်သည် သူမ၏အဆက်အသွယ် နံပါတ်ကို ကွင်းထဲသို့ ရိုက်ထည့်လိုက်ကာ မြေပုံကို ရယူ လိုက်သည်။

"ငါက အရှေ့ဘက်ကနေ စရှာမယ်။ မင်းက အနောက်ဘက်ကိုသွား။"

မူလန်က လင်းဟွမ်ကို ထိုကဲ့သို့ ပြောပြီးနောက် သူမ၏ အတောင်လေးခု ကွန်ဒိုနာနဂါးကြီးဖြင့် ထွက်ခွာသွားသည်။

လင်းဟွမ်က အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်ပြီး အနောက်ဘက်သို့ ဦးတည် ထွက်ခွာသွားသည်။

## အခန်း(၁၇၈) - မင်းမှာ မျက်လုံးလှလှလေးတွေ ရှိနေတယ်။

လင်းဟွမ်သည် သူ၏ ပထမဆုံး အနီရောင် အစက်၏ တည်နေရာကို ရှာတွေ့လိုက်သည်။ အနီရောင် အစက်သည် လျှင်မြန်စွာ ရွေ့လျား နေသော်လည်း အလက်ဇန္ဒြားလင်းယုန်ထက် ပို၍ မြန်ဆန်အောင် သွားရန် မဖြစ်နိုင်ပေ။

အလက်ဇန္ဒြား လင်းယုန်သည် ထိုလူထံ လျှင်မြန်စွာ ပျံသန်းသွားသည်။ လင်းဟွမ်သည်

အလက်ဇန်းဒါး လင်းယုန်ကို ပြန်သိမ်းပြီးနောက် ထိုလူ၏လမ်းကို ပိတ်ဆို့လိုက်သည်။

"ဟား....ဟား.....။ ငါ့ဆီကို တစ်ယောက်တည်း လာတာလား ကောင်လေး"

ထိုလူက လင်းဟွမ်ကို စိုက်ကြည့်ပြီး လှောင်ပြောင်လိုက်သည်။

လင်းဟွမ်က ထိုလူကို အကဲခတ်နေသည်။

အရပ် မရှည်သော်လည်း အသားဖြူပြီးပိန်ကာ အသက် (၂၈) ဝန်းကျင်ခန့် ရှိသည်။

“မင်းက  ဒိဋ္ဌိထဲက တစ်ယောက်လား”

ထိုလူသည် လင်းဟွမ်၏စကားကို ကြားလိုက်လျှင် မျက်လုံးပြူးသွားသည်။

“မင်းက ဘယ်သူလဲ”

“ထင်တာပဲ”

ထိုလူက မေးခွန်းကို ရှောင်လွှဲလိုက်သော်လည်း လင်းဟွမ်သည် သူ၏ အထောက်အထားကို အတည်ပြု နိုင်လိုက်သည်။ လက်ကို

ဆန့်ထုတ်လိုက်ပြီး အာဏာရှင်ကို ဆင့်ခေါ်ကာ သတ်ပစ်ရန် အမိန့်ပေးလိုက်သည်။

ထိုလူသည် အာဏာရှင်ကို မြင်လိုက်သောအခါ ချက်ချင်း သတိကြီးသွားသည်။ ထိုလူ၏ ရွှေလက်စွပ်သည် ဓားတို (၂) လက်အဖြစ် ပြောင်းလဲသွားသည်။

အာဏာရှင်သည် အမိန့်ကိုရရှိသည်နှင့် ရှေ့သို့ ပြေးတက်သွားပြီး ထိုလူကို ထိုးနှက် တိုက်ခိုက် လိုက်သည်။

နောက်ထပ် အခိုက်အတန့်တွင် အာဏာရှင်က သူ၏ ထိုးနှက်ချက်များကို တိုးမြှင့်လိုက်ရာ ကောင်းကင်ပေါ်မှပင် ကျယ်လောင်သော အသံများကို ကြားနေရသည်။

ထိုလူသည် တိုက်ခိုက်မှုများကို ရှောင်တိမ်းနိုင်ခြင်း မရှိပေ။ လက်ကိုမြှောက်ပြီး ဓားတို (၂) ချောင်းကို ရင်ဘတ်ပေါ်တွင် ကန့်လန့်ဖြတ် တင်လိုက်သည်။

ဘုန်း.........

ထိုလူသည် ကျယ်လောင်သော အသံကြီးနှင့် အတူ လွင့်ထွက်သွားသလို လက်ထဲမှ ဓားတို (၂) ချောင်းလည်း လွင့်ထွက်သွားသည်။ ထို့နောက် သစ်ပင်ကြီးများနှင့် တိုက်မိပြီး သေဆုံးသွားသည်။

“ရှားပါးအဆင့် စွမ်းရည်ကတ် - စီးဆင်းခြင်းတစ်ရာ ဓါးသွားကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

လင်းဟွမ်သည် ရှောင်ဖိန့်ထံမှ အကြောင်း ကြားချက် ထွက်ပေါ်လာသဖြင့် အနားကိုပင်

သွားကြည့်စရာ မလိုဘဲ သေဆုံးကြောင်း အတည်ပြုလိုက်သည်။

လင်းဟွမ်သည် ယခုလေးတင်မှ ရရှိခဲ့သော စွမ်းရည်ကတ်အသစ်ကို မစစ်ဆေးနိုင်ပေ။ ထိုလူ၏ အလောင်းကို သိမ်းဆည်းရန် အာဏာရှင်ကို အမိန့်ပေးလိုက်ပြီး လွင့်ထွက်သွားသော ဓားတို (၂)ချောင်းကို သွားကောက်လိုက်သည်။ ဓါးများ၏ လုပ်ဆောင်ချက်များသည် ကောင်းမွန် နေသေးသည်။

လင်းဟွမ်သည် အလောင်းကို သိမ်းဆည်းပြီးနောက် သူ၏ အင်ပါယာ နှလုံးသားလက်စွပ်ကို ထုတ်ကာ ခဏမျှ စိုက်ကြည့်သည်။ ထို့နောက် အာဏာရှင်၏ခြေရင်းကို ပစ်ချလိုက်ပြီး

"ဖျက်ဆီးလိုက်"

ထို့နောက် အာဏာရှင်က လက်စွပ်ကို တက်နင်းရာ အပိုင်းပိုင်း ကွဲသွားသည်။

လင်းဟွမ်သည် အာဏာရှင်ကို ပြန်သိမ်းပြီးနောက် အလက်ဇန္ဒြား လင်းယုန်ကို နောက်တစ်ကြိမ်

ဆင့်ခေါ်ကာ အနီးဆုံးတွင်ရှိနေသော ဒုတိယမြောက် အနီရောင် အမှတ်ထံ သွားလိုက်သည်။

...

အဖွဲ့ခွဲ (၇)၊ မုဆိုးအဖွဲ့အစည်း ဌာနချုပ်.......

မူလန်၏ သတင်း အချက်အလက်များသည် အကဲဖြတ်မှု၏ အမှုဆောင်အရာရှိ ရှထိုက်ယုထံ လျင်မြန်စွာ ရောက်ရှိလာခဲ့သည်။ ထို့နောက် အခြားအမှုဆောင် အရာရှိများကို စုစည်းလိုက်သည်။

အစည်းအဝေး အခန်းထဲတွင် အမှုဆောင်အရာရှိ (၁၁) ယောက် ရှိနေသည်။

"လူအိုကြီး ရှ၊ ဘာဖြစ်လို့ အရေးပေါ် အစည်းအဝေး ခေါ်လိုက်တာလဲ။ အထူး လေ့ကျင့်ရေးအကြောင်း ထပ်ပြော အုံးမလို့လား"

အမှုဆောင် အရာရှိတစ်ဦးက စနောက် လိုက်သည်။

"မဟုတ်ဘူး။ အထူး လေ့ကျင့်ရေးနဲ့ ဘာမှ မဆိုင်ဘူး။ အကဲဖြတ်တဲ့ နေရာတွေကို ဒိဠ်တွေက တိုက်ခိုက်နေပြီလို့ ဦးဆောင် စာစစ်သူ

တစ်ယောက်က တင်ပြလာတယ်။ ဖြေဆိုသူ တစ်ယောက်က ဒိဠ်ဠိတွေ ကျူးကျော် ဝင်ရောက်လာကို သဲလွန်စ တွေ့ခဲ့တယ်လို့ ပြောတယ်”

“ဌာနခွဲ (၇) အကဲဖြတ်မှု စစ်ဆေးတဲ့ နေရာ (၆၁)ခုလုံးမှာ ငါတို့ဆီက အကဲဖြတ်မှု အောင်မြင်ပြီးသား ဖြေဆိုသူတွေကို ရှာဖွေ နေတယ်လို့ ပြောတယ်။ နောက်ပြီးတော့ သူတို့ကို ဦးနှောက်ဆေးပြီး ဒိဠ်ဠိရဲ့ အဖွဲ့ဝင်အသစ်တွေ ဖြစ်လာအောင် လေ့ကျင့်ပေးလိမ့်မယ်။ အကဲဖြတ်မှု

နေရာတစ်ခုစီတိုင်းကို သန့်ရှင်း မီးလျံအဆင့် သာလွန်လူသားတစ်ယောက် ဦးဆောင်ပြီး ကျန်တဲ့ (၁၀) ယောက်က ရွှေအဆင့် (၃) မှုဆိုးတွေပဲ”

ရှထိုက်ယုသည် သူရရှိထားသော သတင်း အချက်အလက်များကို ပြန်လည် တင်ပြလိုက်သည်။

“ဒါက ကောလဟာလ တစ်ခုလို့ပဲ ငါတော့ ထင်တယ်။ ဒိဋ္ဌိတွေက ဒီနှစ်ပေါင်း တစ်လျှောက်လုံး နိမ့်ကျစွာ နေထိုင်ခဲ့တယ်။ သူတို့က ဒီလို ရူတ်တရက် ထလုပ်မှာလား။ နောက်ပြီးတော့ အဖွဲ့ခွဲ (၇)မှာ အကဲဖြတ်မှု စစ်ဆေးနေတဲ့ နေရာပေါင်း (၁၈၀)

ကျော်ရှိနေတယ်။ အဲ့ဒီထဲက (၆၃) ခုကို ခိုးဝင်မယ်ဆိုရင် ပြောချင်တာက ငါတို့အကဲဖြတ်တဲ့ နေရာရဲ့ သုံးပုံ တစ်ပုံကို ခိုးဝင်မယ်လို့ ပြောနေတာပဲ။ ဒါက တကယ်ပဲ ဖြစ်နိုင်မယ်လို့ မင်းထင်လား"

အစောပိုင်းက ရှထိုက်ယုကို စနောက်ခဲ့သော အမှုဆောင်အရာရှိက ချက်ချင်း ခေါင်းရမ်းလိုက်ပြီး မဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

"ထိုက်ယု၊ သူမပြောတာက ဒိဌိတွေဆိုတာ သေချာလို့လား"

အဘိုးအို တစ်ယောက်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"သေချာတယ်"

ရှာထိုက်ယုက ခေါင်းငြိမ့်လိုက်သည်။

"လီလော ဘာလို့ ဘာမှမမေးတာလဲ"

"လွန်ခဲ့တဲ့ ရက်ပိုင်းက မစ္စတာဖူးက ငါ့ဆီ ဖုန်းခေါ်ခဲ့တယ်။ အကဲဖြတ်မှုအကြောင်း ဆွေးနွေးခဲ့တယ်။ သူက ငါ့ကို ဒီဌာ ဒါမှမဟုတ် တခြားအဖွဲ့အစည်းတွေကိုလည်း ဂရုစိုက်ဖို့ သတိ

ပေးခဲ့တယ်။ ငါက ဒါကို သမန်ကာလျှံကာ သတိပေးချက်လို့ပဲ ထင်ပြီး သိပ် အလေးမထားခဲ့ဘူး”

ထိုအချိန်ကို ရောက်ခါမှ အဘိုးအိုသည် လွန်ခဲ့သော ရက်ပိုင်းက အကြောင်းကို ပြန်ပြောပြလိုက်သည်။

“လီလော၊ သူက ပြည်ထောင်စု အစိုးရအဖွဲ့က မစ္စတာဖူးလား”

ရှထိုက်ယုက ချက်ချင်းမေးလိုက်ပြီး လူတိုင်းက လှမ်းကြည့်ကြသည်။

"သူကလွဲရင် တခြားမစ္စတာဖူးက အဖွဲ့ခွဲ (၇) မှာ ရှိသေးလို့လား။

လီလောက ရှထိုက်ယုကို တစ်ချက်ကြည့်ပြီး ပြန်ပြောလိုက်သည်။

"မစ္စတာဖူးက သတိပေးတာနဲ့ အမှန်ဖြစ်ပါ့မလား။ ဒီအကြောင်း မင်းဆီကို ဘယ်သူက တင်ပြတာလဲ"

လူလတ်ပိုင်း အမျိုးသမီးက မေးလိုက်သည်။

"ငါတို့ရဲ့ အမျိုးသမီး ဦးဆောင် စာစစ်မှူး တစ်ယောက်က တင်ပြခဲ့တာပဲ။ သူမက ဘယ်လူလဲ ဆိုတာ ငါလည်းမသိဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းတို့ကို ဆင့်ခေါ်လိုက်တာပဲ"

"ဒီအကြောင်း ပြောခဲ့တဲ့ ဖုန်းပြောဆိုမှုကို နားထောင် ကြည့်ရအောင်"

လီလောက အကြံပြုလိုက်သည်။

ရှာထိုက်ယုက ခေါင်းငြိမ့်လိုက်ပြီး အသံ သွင်းထားသော ဖိုင်ကို ဖွင့်ပြလိုက်သည်။

အသံကို နားထောင်ပြီးနောက် လူလတ်ပိုင်း အမျိုးသမီးက ပြောလိုက်သည်။

“ငါ ထင်တာမမှားရင် ဒါက မူလန်ရဲ့အသံပဲ။ ငါသူမကို တွေ့ဖူးတယ်။ တော်တော်လေး တော်တယ်။ သက်သေ မရှိဘဲနဲ့ သတင်း မပို့နိုင်ဘူး”

“မူလန်၊ ဒီကောင်မလေးက ရွှေမုဆိုး ဦးဆောင်စာရင်းမှာ အဆင့် (၄) ရှိနေတဲ့ မိန်းကလေးလား”

အမှုဆောင်အရာရှိ တော်တော်များများသည် ယခင်ကတည်းက သူမနာမည်ကို ကြားဖူးကြသည်။

"ဟုတ်တယ်။ သူမပဲ ဖြစ်လိမ့်မယ်။ ရှု ကျေးဇူးပြုပြီး ထပ်ပြီး အတည်ပြုပေးပါ"

အမျိုးသမီးက ရှထိုက်ယုကို ပြောလိုက်သည်။

ခဏအကြာ ရှထိုက်ယုက ခေါင်းငြိမ့်လိုက်ပြီး

"အချက်အလက်က မူလန်ဆီက ပေးတယ်ဆိုတာ အတည်ပြုတယ်"

"ဒါဆိုရင် တစ်ခုခု ဖြစ်နေပြီ"

လီလောနှင့် အခြား အမှုဆောင်အရာရှိများ၏ မျက်နှာပေါ်တွင် လေးလံသော အမူအရာများ ပေါ်လာကြသည်။

"အခုအချိန်မှာ ငါတို့က ဒိုင်မေးရှင်း ပိတ်ဆို့မှု မလုပ်နိုင်သေးဘူး။ ဒီလိုမှမဟုတ်ရင် ဒိဋ္ဌတွေက သတိထားမိပြီး သန့်ရှင်း မီးလျှံအဆင့် သာလွန်လူသား မရောက်သွားခင် နေရာ ကူးပြောင်းခြင်း ပေါ်တယ်ကို အသုံးပြုပြီး ထွက်သွားလိမ့်မယ်"

“ဖြေဆိုသူတွေ ကြားထဲမှာ ဒိဋ္ဌိတွေရှိနေတဲ့ အကြောင်းကို တရာဝင် ကြေငြာလို့ မရဘူး။ သူတို့ကို အချိန်ဆွဲထားနိုင်မယ့် နည်းလမ်းတွေ ရှာဖွေထားဖို့ ဦးဆောင် စစ်ဆေးမှုတွေဆီ အကြောင်းကြားလိုက်။ သန့်ရှင်းမီးလျှံအဆင့် ဒိဋ္ဌိ ခေါင်းဆောင်ကို အသိမခံဘဲ လူတို့ကို ကယ်နိုင်ရင် အကောင်းဆုံးပဲ”

“ငါတို့က အကဲဖြတ်မှုကို ရပ်တန့်လိုက်လို့ မရဘူး။ ဆက်လုပ် နေရမယ်။ ဒီလိုမှမဟုတ်ရင် ဒိဋ္ဌိတွေက ငါတို့ သိသွားမှန်း သိသွားလိမ့်မယ်”

“အခုလောလောဆယ်တော့ အကဲဖြတ်မှု နေရာတွေနဲ့ အနီးဆုံးမှာ ရှိနေတဲ့ သန့်ရှင်း မီးလျှံအဆင့် မုဆိုးတွေကို အနီးဆုံး အကဲဖြတ်မှု နေရာတွေဆီ သွားခိုင်းရမယ်။ သူတို့ရောက်တာနဲ့ တစ်ပြိုင်နက် ကြားဖြတ်ပိတ်ဆို့မှု အစီအစဉ် စတင်မယ်”

အမှုဆောင်အရာရှိ (၁၂) ဦးသည် အဖြေတစ်ခု အမြန်ထုတ်ပြီး အကဲဖြတ်မှု ပြုလုပ်နေသော အခြားနေရာများကို ချက်ချင်း အကြောင်း ကြားခဲ့သည်။

...

လင်းဟွမ်သည် နာရီဝက် မပြည့်ခင် အချိန်လေးမှာပင် ဒိဋ္ဌ (၃) ယောက်ကို ဆက်တိုက် သတ်ဖြတ်ခဲ့သည်။

လင်းဟွမ်သည် စတုတ္ထမြောက် အနီစက်နှင့် နီးကပ်လာသည်နှင့်အမျှ ရန်သူက မိန်းကလေး တစ်ယောက် ဖြစ်နေကြောင်း သိလိုက်ရသည်။ အကန့်အသတ်မဲ့ အမြင်အာရုံကို အသက်သွင်းပြီး အကိုင်းအခက်၊ သစ်ရွက်များ ကြားမှ

ချောင်းကြည့်လိုက်ရာ သူမကို ဘေးဘက်မှ မြင်လိုက်ပြီး အံ့အောသွားသည်။

“သူမကလည်း ဒိဋ္ဌိတစ်ယောက် ဖြစ်နေတာလား”

လင်းဟွမ်က ရှားယုကို မြင်လိုက်ရခြင်းပင်။

လင်းဟွမ်သည် သူ၏ ရှာဖွေတွေ့ရှိမှုကြောင့် အံ့အောသင့်နေစဉ် သူမကလည်း လင်းဟွမ် ချောင်းကြည့်နေသည်ကို ခံစားမိပြီး သူ ရှိရာဘက်သို့ လှည့်ကြည်လိုက်လာသည်။

ထို့နောက် ရုတ်တရက် ပြုံးလိုက်ပြီး ပျောက်ကွယ်သွားသည်။

"မင်း ငါ့ကို ရှာနေတာလား"

လင်းဟွမ်၏ နောက်ဘက်မှ အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

လင်းဟွမ်သည် သူပင် သတိမထားလိုက်မိဘဲ ရှားယုက သူ့အနောက် ရောက်နေသဖြင့် အံ့အောသင့်သွားသည်။ သူမသည် သူနှင့် ၁၀ မီတာပင် မဝေးချေ။ သို့သော် လင်းဟွမ်၏ အာရုံခံစက်ဝိုင်းက သူမကို တုံ့ပြန်နိုင်ခြင်း မရှိခဲ့ပေ။

ဤအချက်ကြောင့် ရှားယု၏ တိုက်ခိုက်ရေးအစွမ်းသည် သန့်ရှင်းမီးလျှံ အဆင့်ကို ရောက်ရှိနေကြောင်း ဖော်ပြနေသည်။ သူမသည် ဒိဌ္ဌတို့၏ စစ်ဆင်ရေးကို ဦးဆောင်နေသော သာလွန်အဆင့် ခေါင်းဆောင် ဖြစ်လိမ့်မည်။

“အို ငါ ဒီအတိုင်း ဖြတ်သွားတာပဲ။ ဒီနားမှာ လူတစ်ယောက် တွေ့လိုက်လို့ ကြည့်လိုက်မိတာ မင်းမှန်း မသိလိုက်ဘူး”

လင်းဟွမ်သည် စိတ်ထဲတွင် တုန်လှုပ်နေသော်လည်း မျက်နှာတွင် အမူအရာ မဖော်ပြခဲ့ပေ။

"ကဲ ငါက မွန်းစတားတွေကို ဆက်ပြီး အမဲလိုက်အုံးမယ်။ မင်းဘာသာမင်း ဆက်ကစားနေလို့ ရတယ်"

"လင်းဟွမ်၊ မင်းက မုဆိုးအဖွဲ့အစည်းကို အရမ်း သဘောကျတာလား။ မုဆိုးအဖွဲ့အစည်းတွေက လူတိုင်းကို တန်းတူ၊ရည်တူ ဆက်ဆံပြီး အထူးလေ့ကျင့်ရေးမှာ ပါဝင်တဲ့ ထူးချွန်တဲ့လူတွေကို

အခွင့်အရေး ပေးတယ်။ လေ့ကျင့်ရေး အရင်းအမြစ်တွေကတော့ မွန်းစတားတွေ လိုက်ရှာတာ ဒီလိုမှမဟုတ်ရင် မင်းရဲ့ လက် (၂) ဖက်နဲ့ပဲ တာဝန်တစ်ခုကို အောင်မြင်အောင် လုပ်ရမယ်”

“အထူးလေ့ကျင့်ရေးမှာ နေရာတစ်ခု ရဖို့ ဘယ်တော့မှ မတွေးနဲ့။ နှစ်စဥ်နှစ်တိုင်း အဖွဲ့ခွဲ (၇) မှာ အထူးလေ့ကျင့်ရေးအတွက် နေရာက အကန့်အသတ်နဲ့ပဲ ရှိတယ်။ အများအားဖြင့်

သူတို့ထက် တစ်ဆင့်မြင့်ရန်သူတွေကို သတ်နိုင်တဲ့ ပါရမီရှင်တွေကိုပဲ နေရာ ပေးလေ့ရှိတယ်”

တတိယမြောက် အကဲဖြတ်မှုတွင် လင်းဟွမ်က ငွေအဆင့် (၃) မွန်းစတား တစ်ကောင်ကို သတ်ဖြတ်ခဲ့ကြောင်း ရှားယုက မသိခဲ့ပေ။ သူမသိခဲ့လျှင် ဤကဲ့သို့စကားကို ပြောလိမ့်မည် မဟုတ်ပေ။

“မင်းက ဘယ်အဖွဲ့အစည်းကပဲ ဖြစ်ဖြစ် ငါက လက်တွဲဖို့ စိတ်မဝင်စားဘူးလို့ ပြောခဲ့ပြီးပြီ။ အဲ့ဒီအတွက် အချိန်ဖြုန်း နေစရာအကြောင်း မရှိဘူး။

အပြင်မှာ အရည်အချင်း ရှိတဲ့လူတွေ အများကြီးရှိတယ်လို့ ငါ ယုံကြည်တယ်။ မင်း တခြားလူတွေကို သွားရှာလို့ရတယ်”

လင်းဟွမ်က ထိုကဲ့သို့ပြောပြီး ထွက်သွားရန် လုပ်လိုက်စဥ် သူမက ပြောလိုက်သည်။

“လူ တော်တော်များများကို ငါတွေ့ပြီးပြီ။ အများစုက ငါနဲ့ပူးပေါင်းဖို့ သဘောတူကြတယ်”

ရှားယုသည် လင်းဟွမ်၏ စကားကို ကြားလိုက်လျှင် ရယ်ပြီး ပြန်ပြောလိုက်သည်။

"အိုး ဂုဏ်ပြုပါတယ်"

ထို့နောက် လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်လိုက်သည်။

"မင်းက ငါ့ကို ဘယ်အဖွဲ့အစည်းကလဲလို့ မေးဖူးတယ် မဟုတ်လား။ အခု မသိချင်တော့ဘူးလား"

ရှားယုက ချိုသာစွာ ပြုံးပြီးမေးလိုက်သည်။

"ဒုက္ခတွေကို တတ်နိုင်သလောက် ရှောင်တာ အကောင်းဆုံးပဲ။ ငါ စိတ်မဝင်စားတော့ဘူး"

လင်းဟွမ်က ခေါင်းယမ်းပြီး အလက်ဇန္ဒြား လင်းယုန်ပေါ် တက်သွားသည်။

"ငါတို့ အဖွဲ့အစည်းထဲဝင်ဖို့ မင်းကို အတင်းအကြပ် တောင်းဆိုရင် ဘာဖြစ်မလဲ"

ရှားယုက ခေါင်းမော့ပြီး ပြောလိုက်သည်။

လင်းဟွမ်က အလက်ဇန္ဒြား လင်းယုန်၏ နောက်ကျောကို လက်နှင့်ပုတ်လိုက်သည်။

လင်းယုန်က အတောင်ပံများကို ဖြန့်လိုက်ပြီး တခဏလေး အတွင်းမှာပင် ကောင်းကင်ပေါ်သို့ ပျံတက်သွားသည်။

လင်းဟွမ်သည် သူ၏ညံ့ဖျင်းသော သရုပ်ဆောင်စွမ်းရည်ကြောင့် စိတ်သက်သာရာ ရသွားသည်။ လွတ်မြောက်သွားပြီဟု တွေးလိုက်ပြီး ရင်ထဲမှ အလုံးကြီး ကျသွားစဉ် လက်တစ်ဖက်က သူ့ပခုံးကို ရုတ်တရက် လာပုတ်သည်။

လင်းဟွမ် ကြောက်လန့်သွားသည်။ နောက်ပြန်လှည့်ကြည့်လိုက်ရာ အလက်ဇန္ဒြား လင်းယုန်

ပေါ်တွင် တည်တည်ငြိမ်ငြိမ် ရပ်နေသော ရှားယုကို တွေ့လိုက်ရသည်။

"မင်းက ငါ့ကို အရမ်း မုန်းနေတာလား"

ရှားယုက ရင်ဘက်ရှေ့တွင် လက်ပိုက်ထားပြီး ပြောလိုက်သည်။

(ဘာသာပြန်သူ မှတ်ချက်။ ရင်ဘက်ပြားတာကို တင်စားထားပါတယ်)

"မင်း ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

လင်းဟွမ် ကြောင်သွားသည်။

"မင်း တက်သွားတုန်းက မင်းနောက်က ကပ်လိုက်ခဲ့တာပဲ"

ရှားယုက ဂုဏ်ယူစွာ ပြောလိုက်သည်။

"ငါ့ဆီက ဘာလိုချင်တာလဲ"

လင်းဟွမ်သည် ကူကယ်ရာမဲ့နေသည်။

"မင်းက ငါနဲ့ လက်တွဲမယ်လို့ ကတိပေးရင် မင်းကို မနှောင့်ယှက်တော့ဘူး"

ရှားယုက လက်မလျှော့ပေ။

"မင်း ငါ့ဆီက ဘာကြိုက်လို့လဲ။ တခြား တစ်ယောက်ကို ပြောင်းလိုက်ပါလား"

"မင်းမှာ မျက်လုံး လှလှလေးတွေ ရှိတယ်။ အဲ့ဒါငါ့ဆီကို ပေးနိုင်ရင် ငါ လက်လျှော့ဖို့ စဥ်းစားမယ်"

ရှားယု၏ ကျိုးကြောင်း မဆီလျော်သော စကားကြောင့် လင်းဟွမ်တစ်ယောက် ဆွံ့အ သွားသည်။

ထိုစဥ် လင်းဟွမ်၏ အင်ပါယာ နှလုံးသား လက်စွပ်မှ ဆက်သွယ်ချက်တစ်ခု ပေါ်လာပြီး

ဖုန်းသံ ထမြည်လာသည်။ အမည်မသိ နံပါတ်တစ်ခုပင်။

"အမ်။ မင်းရဲ့အင်ပါယာ နှလုံးသားလက်စွပ်က ဖုန်းသံမြည်နေတယ်။ ဖုန်းမကိုင်ဘူးလား"

ရှားယုက မေးလိုက်သည်။

"မကိုင်ဘူး။ ဒါက အရောင်းသမားတွေ ဖုန်းဆက်တာ ဖြစ်လိမ့်မယ်"

လင်းဟွမ်က မူလန်၏ ဖုန်းနံပါတ် ဖြစ်နိုင်သောကြောင့် ခေါင်းခါပြီး

ပြန်ပြောလိုက်သည်။ ရှားယုက သူ့နောက်တွင် ရှိနေသောကြောင့် သူသာ ဖုန်းကိုင်လိုက်လျှင် သိသွားလိမ့်မည်။

လင်းဟွမ်သည် ဖုန်းကို တိုက်ရိုက် ပိတ်လိုက်သည်။

လင်းဟွမ်သည် ဤကိစ္စကို မည်ကဲ့သို့ ဖြေရှင်းရင် ကောင်းမလဲဟု နည်းလမ်း ရှာနေခဲ့သည်။ ခဏအကြာ ဆက်သွယ်ရေး မျက်နှာပြင်က ထပ်ပေါ်လာပြန်သည်။

“ဖုန်းနံပါတ်က အတူတူပဲ၊ မင်း ဖုန်း ဖြေသင့်တယ်”

ရှားယုက ပြောလိုက်သည်။

“မဖြေဘူး”

လင်းဟွမ်က ဖုန်းချရန်လုပ်လိုက်စဉ် ရှားယုက သူ့ထက် ပိုမြန်ပြီး ဗီဒီယိုဖုန်း ခေါ်ဆိုမှုကို လက်ခံလိုက်သည်။ သူတို့နှစ်ယောက်၏ ရှေ့တွင် မူလန်၏ မျက်နှာက ချက်ချင်း ပေါ်လာသည်။

ထို့နောက် သူမက

“လင်းဟွမ် မင်းက အနီရောင်အမှတ်ရဲ့ ကိုဩဒိနိတ်နဲ့ ဘာလို့ တစ်ထပ်တည်း ဖြစ်နေတာလဲ။ နောက်ပြီးတော့ မင်းတို့ (၂) ယောက်စလုံးက တူညီတဲ့အရှိန်နဲ့ ဦးတည်ရာ တစ်ခုတည်း ပျံသန်းနေကြတယ်”

## အခန်း(၁၇၉) - မူလန်နှင့် ရှားယုတို့ တိုက်ခိုက်ခြင်း။

မူလန်သည် စကားပြောပြီးသည့် အချိန်မှ လင်းဟွမ်၏ နောက်တွင် မိန်းကလေးတစ်ယောက် ရှိနေကြောင်း သတိထားလိုက်မိသည်။ မူလန်သည် ကိုယ်ကိုရှေ့ကိုင်းပြီး ဆက်သွယ်ရေး မျက်နှာပြင်ကို သံသယစိတ်ဖြင့် အနီးကပ် စိုက်ကြည့်လိုက်သည်။

"တောက်စ်... ငါတော့သေပြီ"

လင်းဟွမ်သည် ရုတ်တရုတ် မျက်နှာပျက်သွားပြီး ဆက်သွယ်ရေး မျက်နှာပြင်ကို အမြန် ပိတ်လိုက်သည်။ ထို့နောက် အလက်ဇန္ဒြား လင်းယုန်နှင့် စိတ်ခြင်း ဆက်သွယ်လိုက်သည်။

အလက်ဇန္ဒြား လင်းယုန်သည် လေထဲတွင် တစ်ကိုယ်လုံးကို တုန်ခါကာ ဂျွမ်းပစ်ပြီး ရှားယုကို ဖယ်ချရန် ကြိုးစားလိုက်သည်။ သို့သော်လည်း ရှားယု၏ ခြေထောက်များသည် လင်းယုန်၏ နောက်ကျောပေါ်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသလို စွဲမြဲနေသည်။

အလက်ဇန္ဒြား လင်းယုန်က လေထဲတွင် ခေါက်ထိုးပျံနေမည် ဆိုလျှင်ပင် သူမ၏ ခြေထောက်များက လင်းယုန်၏ ခန္ဓာကိုယ်မှ ပြုတ်ထွက်သွားမည် မဟုတ်ပေ။

လင်းဟွမ်ကမူ လင်းယုန်၏ ခန္ဓာကိုယ်ကို တင်းတင်းကြပ်ကြပ် ဖက်ထားရပြီး ပြုတ်ကျ လုနီးပါး ဖြစ်နေကာ ၄က် အမွေးများကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရသည်။

"ဒါဆိုရင် မင်းက ငါ့ရဲ့အထောက်အထားကို တကယ် သိနေတာလား။ မင်းက ငါ့ကို မသိသလို ဟန်ဆောင်နေတာပဲ"

ရှားယုသည် လင်းဟွမ်သည် ခံစားချက်ကင်းမဲ့သော မျက်နှာနှင့် စိုက်ကြည့်နေသည်။

"မဟုတ်ဘူး ငါသိတယ်"

လင်းဟွမ်သည် မရှောင်ဖယ် နိုင်မှန်း သိလိုက်သည်နှင့် အမှန်အတိုင်း ပြောလိုက်သည်။

"ဒီဌ အဖွဲ့အစည်းအဖွဲ့ဝင်ရဲ့ တည်နေရာကို ပြနေတဲ့ မြေပုံပေါ်က အနီရောင် အစက်တွေကို ငါတို့လိုက်ကြည့်နေတယ်"

"မင်းက ငါတို့အကြောင်း ဘယ်လောက်အထိ သိလဲ"

ရှားယု၏ မျက်နှာသည် အလွန် တင်းမာလာသည်။

"အားလုံး နီးပါးပဲ"

လင်းဟွမ်သည် ဖုံးကွယ်နိုင်မည့် အခြေအနေ မရှိတော့ကြောင်း ခံစားလိုက်ရသည်။

"ဟိုအမျိုးသမီးက မုဆိုး အဖွဲ့အစည်းကို အကြောင်း ကြားပြီးပြီလား"

ရှားယုက ထပ်မေးလိုက်သည်။

ရှားယုသည် လင်းဟွမ်က ဆက်သွယ်ရေး မျက်နှာပြင်ကို ချက်ချင်း ပိတ်လိုက်သော်လည်း မူလန် သိနေကြောင်း သိလိုက်သည်။

"ဟုတ်တယ် မင်းမှန်တယ်။ စစ်ဆင်ရေးကို ဖော်ထုတ်လိုက်ပြီ။ မုဆိုးအဖွဲ့အစည်း ဒီအခွင့်အရေးကိုယူပြီး ဖြေရှင်းဖို့ ကြိုးစားနေတယ်၊ သာလွန်လူသားကိုလည်း လွှတ်လိုက်ပြီ"

လင်းဟွမ်က ခေါင်းငြိမ့်လိုက်ပြီး

"ဒီလို ဆိုမှတော့လည်း ငါ မင်းကိုပဲ ခေါ်သွားတော့မယ်"

ရှားယုသည် ဆုံးဖြတ်ချက် ချပြီးနောက် လင်းဟွမ်ကို ဖမ်းရန် လက် (၂) ဖက် ဆန့်ထုတ်လိုက်သည်။ သို့သော်လည်း သူမ

မဖမ်းနိုင်ခင် လင်းဟွမ်က အလက်ဇန္ဒြားလင်းယုန်ကို ပြန်သိမ်းလိုက်သည်။

ထို့ကြောင့် သူတို့ (၂) ယောက်လုံး လေထဲကို ပြုတ်ကျသွားသဖြင့် ရှားယု၏ တိုက်ခိုက်မှု လွဲချော်သွားသည်။ မြေပေါ်သို့ ရောက်ခါနီးတွင် အလက်ဇန္ဒြား လင်းယုန်ကို နောက်တစ်ကြိမ် ဆင့်ခေါ်ပြီး ကောင်းကင်ပေါ်သို့ ပျံတက်သွားသည်။

အလက်ဇန္ဒြား လင်းယုန် ကောင်းကင်သို့ ပျံတက်သွားသော်လည်း အချိန်တိုလေး အတွင်းမှာပင် ရှားယုက နောက်တစ်ကြိမ် ပြန်မီလာသည်။

ရှားယုက ပြုံးနေပြီး အေးစက်သော အမူအရာနှင့် စိုက်ကြည့်နေသည်။ လင်းဟွမ်သည် သူမ၏အသံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

"မင်းက ငါ့ကို ခုခံဖို့ ကြိုးစားလေလေ မင်းကို ခေါ်သွားဖို့ ငါ့ဆုံးဖြတ်ချက်က ပိုပြီး ခိုင်မာလာလေလေပဲဆိုတာ မင်းသိလား"

"မင်းဟာ ရှူးနေတဲ့ မိန်းမပဲ"

လင်းဟွမ်က သူမကို အေးစက်စွာ ကြိမ်းမောင်းလိုက်ပြီး အလက်ဇန္ဒြား လင်းယုန်ကို ညွှန်ကြားလိုက်သည်။

"အောက်ကို ဆင်း"

အလက်ဇန္ဒြား လင်းယုန်သည် အတောင်များ ဖြန့်ကာ မြေကြီးသို့ ဆင်းသက်သွားသည်။

ရှားယု၏ အသံကို နောက်တစ်ကြိမ် ထပ်ကြားလိုက် ရသည်။

"မင်း လွတ်စရာအကြောင်း မရှိဘူး"

လင်းဟွမ်သည် သူမ၏လက်မှ လွတ်အောင် ထွက်မပြေးနိုင်သဖြင့် ကိုယ့်ကိုယ်ကို မုန်းတီး နေသည်။

အလက်ဇန္ဒြား လင်းယုန်သည် မြေပေါ်သို့ မရောက်ခင် အတောင်ပံများကို ဖြန့်ပြီး ကောင်းကင်ပေါ်သို့ နောက်တစ်ကြိမ် ပျံတက်သွားသည်။

"အရှိန် လျှော့"

လင်းဟွမ်သည် မနီးမဝေးတွင် သစ်ပင်တစ်ပင်ကို မြင်လိုက်သည်။ ခြေထောက် (၂) ချောင်းကို အားပြု၍ကာ သစ်ပင်ပေါ်သို့ ခုန်ချလိုက်သည်။ ထို့နောက် သစ်ကိုင်းခွကြားကို ခုန်ကျော်ပြီး ထွက်ပြေးသွားသည်။

"တောထဲကို ဝင်ပြေးရုံနဲ့ လွတ်မယ်လို့ ထင်နေတာလား"

ရှားယု၏အသံကို နောက်တစ်ကြိမ် ကြားလိုက်ရပြန်သည်။ အရှေ့တွင် ရှင်းလင်းနေသော နေရာကို မြင်လိုက်လျှင် သစ်ပင် အကိုင်းအခက်များကို ခုန်ကျော်ပြီး ထိုနေရာသို့ ခုန်ဆင်းလိုက်သည်။ ထို့နောက် မတ်တပ်ရပ်လိုက်သည်။

"ဘာလဲ ထပ် မပြေးတော့ဘူးလား"

ရှားယုသည် မြေပြင်ပေါ်တွင် ထောင်ချောက်များ ရှိနေမည်ကို စိုးရိမ်သောကြောင့် မြေပြင်ပေါ်အထိ မဆင်းဘဲ လေထဲတွင် ပျံဝဲနေသည်။

"အလက်ဇန္ဒြား လင်းယုန်က မင်းထက် ပိုမြန်အောင် မပျံနိုင်သလို တောထဲမှာလည်း မင်းလက်က လွတ်အောင် မပြေးနိုင်ဘူး၊ ဆက်ပြေးနေရင်လည်း အင်းအား ဖြုန်းတီးတာပဲ ဖြစ်နေလိမ့်မယ်"

လင်းဟွမ်က ပခုံးတွန့်ပြီး ပြောလိုက်သည်။

"ဒါဆို မင်းက လက်လျှော့ပြီး ငါနဲ့ လိုက်လာမလို့လား"

ရှားယုက ပြုံးလိုက်သည်။ လင်းဟွမ်နောက်သို့ လိုက်နေရင်း လင်းဟွမ်ကို ပိုပြီး စိတ်ဝင်စားလာသည်။

"အဲ့ဒီလိုတော့ မဟုတ်ဘူး။ လွယ်လွယ်နဲ့ အဖမ်းခံမှာ မဟုတ်ဘူး"

လင်းဟွမ်သည် ခေါင်းခါလိုက်ပြီး

"မင်းလက်က လွတ်အောင် မပြေးနိုင်မှတော့ မင်းနဲ့ တိုက်ခိုက်ကြတာပေါ့"

"ငါနဲ့ တိုက်ခိုက်မယ် ဟုတ်လား"

လင်းဟွမ်၏စကားကို ကြားလိုက်လျှင် ရှားယုက ရယ်မောလိုက်သည်။

"ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်ကိုရော မင်းသိလား"

"မင်းက သန့်ရှင်းမီးလျံအဆင့် သာလွန် လူသားဆိုတာ ငါသိတယ်"

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

“ဟုတ်တယ်။ မင်း ပြောတာမှန်တယ်။ ဒါပေမယ့် ငါက သန့်ရှင်းမီးလျှံ အဆင့် (၁) မဟုတ်ဘူး။ အဲ့ဒီအစား သန့်ရှင်းမီးလျှံ အဆင့် (၃) ကို ရောက်တော့မယ်။ ရွှေအဆင့် (၃) သန္ဓေပြောင်း မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်ရုံနဲ့ မင်းကိုယ်မင်း ကာကွယ်နိုင်မှာ မဟုတ်ဘူး”

ရှားယုသည် သူ မ၏ အစစ်အမှန် တိုက်ပွဲအဆင့်ကို ပြောနေသည့်အချိန်တွင် တောက်ပစွာ ပြုံးနေသည်။

လင်းဟွမ်သည် သန့်ရှင်းမီးလျှံ အဆင့်တွင် အရောင် (၅) မျိုးရှိကြောင်း အစကတည်းက သိထားသည်။ ကံကြမ္မာမီးလျှံ အရောင်ပြောင်းလဲမှု တစ်ခုခြင်းစီသည် လူတစ်ယောက်၏ ခွန်အားကို သိသိသာသာ တိုးတက်သွားစေသည်။

သန့်ရှင်း မီးလျှံအဆင့် (၃) ရှိသူများက သန့်ရှင်းမီးလျှံ အဆင့် (၁) ရှိသူများကို ချက်ချင်း သတ်ပစ်နိုင်သည်။

သန့်ရှင်းမီးလျှံ အဆင့် (၂) ရှိသူများပင် သန့်ရှင်းမီးလျှံ အဆင့် (၁) ရှိသူများထက် များစွာ အားကောင်းသည်။

ရှားယုသည် ရွှေအဆင့် (၃) သန္ဓေပြောင်း မွန်းစတား တစ်ကောင်ကို ချက်ချင်း သတ်ပစ်နိုင်သည်ဟု ပြောခြင်းသည် ချဲ့ကား ပြောဆိုခြင်း မဟုတ်ပေ။

လင်းဟွမ်သည် သူမကို အချိန်အနည်းငယ် ဆွဲနိုင်ရန် အာဏာရှင်ကို ဆင့်ခေါ်ဖို့

ကြံ့ရွယ်ထားသည်။ သို့သော် ရှားယု၏စကားကို ကြားပြီးနောက် ခေတ္တမျှ တုံ့ဆိုင်းသွားသည်။

ထို့စဉ် ကျယ်လောင်သော အော်မြည်သံကြီး တစ်ခု ထွက်ပေါ်လာပြီး ၄က်ကြီးတစ်ကောင်က သူတို့ထံ ပျံသန်းလာသည်။

"မူလန် လား"

လင်းဟွမ်သည် အတောင် (၄) ခု ကွန်ဒိုနာ နဂါးကြီးကို ချက်ချင်း မှတ်မိသွားသည်။

ရှားယုလည်း ခေါင်းမော့ပြီး အတောင် (၄) ခု ကွန်ဒိုနာနဂါးကြီးကို ကြည့်လိုက်သည်။

ဒီမွန်းစတားက ဘယ်သူပိုင်တဲ့ မွန်းစတားလဲ ဆိုသည်ကို သူမက သေချာပေါက် သိနေသည်။

အတောင် (၄) ခုကွန်ဒို နဂါးကြီးသည် အတောင်ပံများခပ်ရင်း မြေပြင်ပေါ်သို့ ဆင်းသက်လာသောကြောင့် ဖုန်များ တထောင်းထောင်း ထသွားသည်။

မူလန်က အတောင် (၄) ခု ကွန်ဒိုနာ နဂါးကြီးပေါ်မှ ခုန်ဆင်းပြီး နဂါးကြီးကို

ပြန်သိမ်းလိုက်သည်။ ထို့နောက် လင်းဟွမ်ကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"မင်း အဆင်ပြေရဲ့လား"

"မင်းကြောင့် အသတ်ခံရတော့ မလို့ဘဲ"

လင်းဟွမ်၏စကားသည် အမှန်ပင်။ သူမကြောင့်သာ မဟုတ်ခဲ့လျှင် အချိန်အနည်းငယ် ဆွဲရန် ကြိုးစားနိုင်ပြီး လေထဲ၌ ရှိနေနိုင်သေးသည်။ ဤကဲ့သို့ အသက်ကို ဖက်နှင့်ထုပ်ပြီး လွတ်အောင် ထွက်ပြေးနေရမည် မဟုတ်ပေ။

"ငါ တောင်းပန်ပါတယ်။ ပထမတုန်းက မင်းနောက်မှာ သူမ ရှိနေတာ သတိ မထားလိုက်မိဘူး။ သူမက ခန္ဓာကိုယ်ကို ငုံ့ချလိုက်တဲ့အချိန်မှပဲ မင်းနောက်မှာ လူတစ်ယောက် ရှိနေမှန်း ငါသိလိုက်တယ်"

မူလန်က လင်းဟွမ်ကို တောင်းပန်လိုက်သည်။

"မင်္ဂလာပါ စာစစ်မှူး၊ နေကောင်းလား"

ရှားယုက မူလန်ကို ပြုံးပြီး နှုတ်ဆက်လိုက်သည်။

"မင်းက ဒီဌီ ခေါင်းဆောင်လား"

မူလန်သည် ရှားယုကိုမြင်သော်လည်း တကယ် မမှတ်မိသောကြောင့် မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

"မင်း မှန်တယ်"

ရှားယုက မူလန်ကို စိုက်ကြည့်လိုက်ပြီး

"မူလန်၊ မူတော်ဝင်မိသားစုရဲ့ သမီးတော်လား။ အသက် (၁၇) နှစ်မှာ ရွှေအဆင့် (၃) ။ အခုလက်ရှိ မင်းက ရွှေမုဆိုးဦးဆောင်စာရင်းမှာ အဆင့် (၄) ရှိနေတယ်။ မင်းကိုယ်တိုင် ငါ့ဆီ လာခဲ့တယ်ဆိုတာ

ငါမယုံနိုင်သေးဘူး။ မင်းကိုဖမ်းမိရင် ဒီတာဝန်က ကျရှုံးတယ်လို့ ယူဆမှာ မဟုတ်ဘူး”

“ဒါဆိုလည်း မင်းလုပ်နိုင်မလား ဆိုတာ ကြည့်လိုက်ရအောင်”

မူလန်သည် သာလွန်အဆင့်နှင့် ရင်ဆိုင်နေရသော်လည်း သူမ မျက်နှာပေါ်တွင် ကြောက်ရွံ့သည့် အရိပ်အယောင် လုံးဝမရှိပေ။ သူမလက်ထဲတွင် အပြာရောင် ခေတ်ကြွင်းဓါးတစ်ချောင်းကို ကိုင်ထားသည်။

"မင်းက ပင်လယ်ကျက်သရေဓါး ခေတ်ကြွင်းကို ကိုင်ထားတာပဲ။ မင်းမိသားစုက မင်းအတွက် အများကြီး ရင်းနှီး မြှုပ်နှံထားတာကို။ ငါက သာလွန်လူသား တစ်ယောက်ဆိုတာ မင်းက ကောင်းကောင်း သိနေပေမယ့် ငါ့ကို ကြောက်တောင် မကြောက်ဘူး"

ရှားယုက မူလန်လက်ထဲမှ ဓါးကို တစ်ချက် လှမ်းကြည့်ပြီး ချက်ချင်း ဖော်ထုတ်လိုက်သည်။

"ဒီဓါးကို အသုံးပြုပြီး သန့်ရှင်းမီးလျံအဆင့် သာလွန်လူသား (၃) ယောက်ကို ငါသတ်ပြီးပြီ"

မူလန်က အေးစက်စွာ ပြောလိုက်သည်။

"ဒါက ခားကောင်းတစ်လက်ပါ။ ဒါပေမယ့် အဲ့ဒီခားက မင်း ရွှေအဆင့် (၃) ပဲ ရှိနေတယ်ဆိုတဲ့ အချက်ကို မပြောင်းလဲပေးနိုင်ဘူး။ မင်း ခါတ်ကြွင်းက ဘယ်လောက်ပဲ အစွမ်းထက်ထက် မင်းက အဲ့ဒါကို အပြည့်အဝ အသုံးချနိုင်မှာ မဟုတ်ဘူး"

ရှားယုက ပြုံးပြီး ပြောလိုက်သည်။ သူမ လက်ထဲတွင် အနက်ရောင် တံစဥ့်ကြီးတစ်ခု ပေါ်လာသည်။

လင်းပှမ်သည် မရဏတံစဉ့်နှင့် တူနေသော လက်နက်ကြီးကို မြင်လိုက်လျှင် သက်ပြင်း ချလိုက်သည်။

တံစဉ့်၏ အရွယ်အစားသည် ရှားယု၏ ခန္ဓာကိုယ် အရွယ်အစားနှင့် လုံးဝ မလိုက်ဖက်ပေ။ ရှားယုသည် အရပ် (၁.၆) မီတာခန့်သာမြင့်ပြီး သူမလက်ထဲမှ လက်နက်၏ အရှည်သည် (၂) မီတာခန့် ရှိနေသည်။

"သန့်ရှင်းမီးလျံ သာလွန် လူသားတစ်ယောက်က သူတို့ ကိုင်ဆောင်တဲ့လက်နက် ဓါတ်ကြွင်းတစ်ခုရဲ့

အစစ်အမှန် ခွန်အားက ဘာလဲဆိုတာ မင်းကို ငါပြမယ်”

ရှားယုသည် စကားဆုံးသွားသည်နှင့် တံစဉ့်ကြီးကို ခါယမ်းပြီး ဓါးကို လှမ်းခုတ်လိုက်သည်။ သူမက တံစဉ့်ကြီးကို သက်တောင့် သက်သာ အသုံးပြုနေသည်။ တံစဉ့် ဝှေ့ရမ်းလိုက်လျှင် အနက်ရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး လေထုကို ဖြတ်သန်းကာ ပျံသန်းလာသည်။ လေထုပင် ပုံပျက်သွားသည်။

အနက်ရောင် အလင်းတန်းသည် ဖြည်းညင်းစွာ ရွေ့လျားနေပုံ ရသော်လည်း မူလနေရာ၏ရှေ့တွင် ဖျတ်ခနဲ ပေါ်လာသောကြောင့် ထိုသို့ မဖြစ်နိုင်ကြောင်း စိတ်ထဲမှ ပြောလိုက်မိသည်။

ရှားယူသည် ငွေအဆင့်မှုဆိုးသာ ဖြစ်သော လင်းဟွမ်ကို တိုက်ခိုက်ပါက အချိန်မရွေး သတ်နိုင်လိမ့်မည်ဟု ယူဆထားသောကြောင့် လင်းဟွမ်ကို တိုက်ပွဲထဲမှ ဖယ်ထုတ်ထားပုံရှိသည်။

ထို့အပြင် မူမိသားစု၏ သမီးတော်ကို အနိုင်ယူရန် (၂) မိနစ်ခန့်သာ လိုအပ်သောကြောင့် လင်းဟွမ်

ထွက်ပြေး သွားမည်ကို စိုးရိမ်းနေခြင်း မရှိပေ။ ဤကိစ္စပြီးမှ လင်းဟွမ်ကို အေးအေးဆေးဆေး လိုက်ဖမ်းနိုင်သည်။

မူလန်ကမူ ထိုကဲ့သို့ မဖြစ်နိုင်ပေ။

မူလန်သည် ရှားယု၏တိုက်ခိုက်မှုကို လုံးဝ မရှောင်ဘဲ သူမလက်ထဲက ဓါးနှင့် တွေဝေခြင်းမရှိ ပြန်ခုတ်လိုက်သည်။

သူမ၏ဓါးသည် အပြာရောင် အလင်းတန်း တစ်ခုအဖြစ် ဖျတ်ခနဲ လက်သွားပြီး

ကောင်းကင်ကိုဖြတ်သန်းလာသော ကြယ်တံခွန် တစ်ခုလား ရှားယုထံ တိုးဝင်သွားသည်။

မကြာခင် သူမ၏ခါးဖျားက ရှားယု၏ တံစဥ်းကြီးကို ထိမှန်သွားသည်။

လက်နက် (၂) ခု အချင်းချင်း ထိမှန် သွားသည်နှင့် ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ လက်နက်များ ထိခိုက်မိသောအခါ ကြားရလေ့ ရှိသော အသံမျိုးမဟုတ်ဘဲ ကြီးမားသော စွမ်းရည်

(၂) ခု ထိပ်တိုက်တွေ့ဆုံပြီး ပေါက်ကွဲထွက်လာသော အသံကြီးနှင့် တူနေသည်။

ထိုအချိန်လေးမှာပင် အနက်ရောင် တံစဥ့်မှ အလင်းရောင်များ ပျောက်ကွယ်သွားသည်။

မူလန်၏ခန္ဓာကိုယ်က တစ်ချက် ယိမ်းသွားပြီး အပြာရောင် အလင်းတန်းတစ်ခုက ရှားယုထံ တိုးဝင်သွားသည်။

ရှားယု၏ မျက်လုံးသူငယ်အိမ်များ သေးသွားပြီး သူမ၏အမူအရာက လေးနက်လာသည်။

သူမ၏တံစဉ်ကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်လျှင် တံစဉ်ကြီး၏ တစ်စိတ်တစ်ပိုင်းက ပျောက်ကွယ်သွားသည်။ ပြန်ပေါ်လာသောအခါ မူလန်၏ ခါးနှင့် ထိနေသည်။

ထို့နောက် ကျယ်လောင်သော ပေါက်ကွဲသံကြီး နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်သည်။

လေထဲတွင် လွင့်မြောနေသော မူလန်သည် (၁၀)မီတာ အကွာအဝေးအထိ လွင့်ထွက်သွားသည်။

“မင်းက ငါ့ကိုစိန်ခေါ်ရဲတာ ဆန်းတော့ မဆန်းဘူး။ မင်းမိသားစုက မင်းကို အင်မော်တယ် လမ်းစဉ် ဓါးကျင့်စဉ်ကို သင်ပေးထားတာပဲ”

ရှားယုလည်း မီတာအနည်းငယ် နောက်ပြန်ဆုတ်သွားသည်။

“ငါကလည်း မင်းဆီမှာ အဲဒါကို တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ထားမိဘူး။ သေမင်းဝင်္ဂဆင်းရဲ ကျင့်စဉ်က ဒိဗ္ဗ သူတော်စင်တွေကိုပဲ သင်ပေးတယ်လို့ ငါ ကြားထားတယ်။ မင်းက သန့်ရှင်းမီးလျံ အဆင့် (၂) ရောက်နေတာ

ဆန်းတော့မဆန်းပါဘူး။ ငယ်ငယ်လေးပဲ ရှိသေးတယ်။ မင်းသာ ဒီခါးကျင့်စဉ်ကို မသုံးရင် သူငယ်ပြန်နေတဲ့ အဘွားကြီးတစ်ယောက်လို့ ငါ ထင်မိလိမ့်မယ်”

မူလန်သည် တိုက်ခိုက်ပြီးသောအခါ ရှားယု၏ အထောက်အထားကို အတည်ပြုနိုင်ခဲ့သည်။

“မင်းမှာ ငါ့ကို အဘွားကြီးလို့ ခေါ်ဖို့ အရည်အချင်း မရှိဘူး။ မင်းက ငါ့ကို ဒီလို ခေါ်စရာမလိုဘူး”

ရှားယုသည် ဒေါသ ပေါက်ကွဲသွားသည်။

"မင်းက ထွားနေတယ်လို့ ဝန်ခံတာလား"

မူလန်က ခေါင်းကို ရည်ရွယ်ချက်ရှိရှိမော့ပြီး ပြောလိုက်သည်။

"စောက်ကျိုးနည်း အဘွားကြီး"

ရှားယုသည် ဤကိစ္စနှင့် ပတ်သက်၍ ဆတ်ဆတ်ထိ မခံ ဖြစ်နေပုံရသည်။ ထို့နောက် သူမလက်ထဲမှ တံစဥ့်ကြီးကို ဝှေ့ယမ်းလိုက်ရာ နောက်တစ်ကြိမ် ပျောက်သွားပြန်သည်။

မူလန်သည် ဓါးကိုမြေပြင်ကြီးပေါ်ကို ဆတ်ခနဲ ထိုးချလိုက်ပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ ထို့နောက် မူလန်သည် လေထဲသို့ခုန်တက်ကာ မဝေးသော သစ်ပင်တစ်ပင်ပေါ်သို့ ပြန်ဆုတ်သွားသည်။ သူမသည် ပင်စည်ပေါ်သို့ ရောက်သည်နှင့် သူမခန္ဓာကိုယ်သည် ရုတ်တရက် ပျောက်ကွယ်သွားသည်။

ပြန်ပေါ်လာသည့် အချိန်တွင် သူမ၏ဓါးနှင့် ရှားယု၏ တံစဥ့်သည် အချင်းချင်း ထိမှန်သွားသည်။

"မင်းက ငါ့ရဲ့တိုက်ခိုက်မှုကို အလွယ်တကူ ကာကွယ်နိုင်တာ ဆန်းတော့မဆန်းဘူး။ မင်းက ကြယ်(၄) ပွင့် ကာကွယ်ရေး ပစ္စည်းဖြစ်တဲ့ တော်လှန်ရေး သံချပ်ကာ ဝတ်ဆင်ထားတာကို"

ရှားယုသည် သူမ၏တိုက်ခိုက်မှုများက မူလန်ကို မထိခိုက်မိကြောင်း သတိထားလိုက်မိသည်။

"အခုအချိန် မင်း နောက်ပြန်ဆုတ်သွားရင် နောက်မကျသေးဘူး။ မင်းရဲ့အဖော်တွေကို ငါတို့ သတ်လိုက်ပြီ။ မင်းက ငါ့ကိုဆက်ပြီး တိုက်ခိုက်ဖို့ တွန်းအားပေးနေမယ်ဆိုရင် သာလွန်လူသားအဖွဲ့တွေ

ရောက်လာတဲ့ အချိန်ကျရင် မင်းထွက်ပြေးနိုင်မှာ မဟုတ်ဘူး”

မူလန်သည် သူမ၏ပြိုင်ဘက်ကို အနိုင် မယူနိုင်ကြောင်း သိနေပြီး သူမ၏တိုက်ခိုက်မှုများက ရန်သူအပေါ်တွင် ထိရောက်မှု မရှိခဲ့ပေ။

“ဟွန့် ငါက မင်းကိုမဖမ်းနိုင်ရင်၊ သူ့ကို ဖမ်းသွားလိုက်မယ်”

ရှားယုသည် လက်ဝှေ့ရမ်းကာ လင်းဟွမ်ထံ ခုန်ဆင်းသွားသည်။

# အခန်း(၁၈၀) - ငါ့ကို နည်းနည်းလောက်တော့ လေးစားဦး။

လင်းဟွမ်သည် မမျှော်လင့် ထားသော အဖြစ်အပျက်မျိုးကို ရှောင်ရှားနိုင်ရန် သူမတို့ နှစ်ယောက် တိုက်ခိုက်နေစဉ် တစ်ချိန်လုံး သတိထားနေခဲ့သည်။

မျှော်လင့်ထားသည့် အတိုင်းပင် ရှားယုသည် သူမ၏ တိုက်ခိုက်မှုများက အသုံးမဝင်ကြောင်း

သိလိုက်သည် သူမ၏ပစ်မှတ်ကို လင်းဟွမ်ထံ နောက်တစ်ကြိမ် ပြောင်းလိုက်သည်။

ရှားယုက သူ့ထံဝင်လာသည်ကို မြင်လိုက်လျှင် သူမ မတိုက်ခိုက်ခင် လင်းဟွမ်က အမိန့်ပေးလိုက်သည်။

"အာဏာရှင်"

နောက်ထပ် အခိုက်အတန့်တွင် အာဏာရှင် ပေါ်လာပြီး လင်းဟွမ်အရှေ့တွင် ကာထား လိုက်သည်။ အာဏာရှင်၏ ကြီးမားသော ခန္ဓာကိုယ်က လင်းဟွမ်ကို လုံးဝ

ကာကွယ်ပေးထားသည်။ ရှားယုသည် လင်းဟွမ်၏ ခန္ဓာကိုယ်ကို တစ်စက်မှ မမြင်နိုင်ပေ။

"ဟွန့်"

ရှားယုက အာဏာရှင် ပေါ်လာသည်ကို မြင်လိုက်လျှင် နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။ လင်းဟွမ်ကို လှမ်းဖမ်းရန် ရည်ရွယ်ထားသော လက်ကို လှန်တင်ပြီး အာဏာရှင်၏ရင်ဘတ်သို့ လက်ဝါးနှင့် ရိုက်ချလိုက်သည်။

သူမသည် ရွှေအဆင့်သုံး မွန်းစတား တစ်ကောင်က ဤကဲ့သို့ တိုက်ခိုက်မှုမျိုးတွင် အသက်ရှင်ရန် မဖြစ်နိုင်ဘူးဟု ထင်နေခဲ့သည်။

အာဏာရှင်၏ လက်ဖဝါးရိုက်ချက် ထိမှန်သွားပြီး ခြေလှမ်း အနည်းငယ် နောက်ဆုတ်သွားသည်။ သို့သော် အာဏာရှင်၏ ရင်ဘတ်ပေါ်တွင် ပင့်ကူမျှင်ကဲ့သို့ အက်ကွဲကြောင်းများ ပေါ်လာသည်။ အာဏာရှင်၏ ခန္ဓာကိုယ်ပေါ်မှ ပြင်းထန်သော စွမ်းအားလှိုင်းကြီး ပေါ်လာပြီး ရှားယုကို

ထိမှန်သွားကာ သူမလည်း ခြေလှမ်းအနည်းငယ် နောက်ပြန် ဆုတ်သွားသည်။

ရှားယုသည် အာဏာရှင်ကို အလန့်တကြား ကြည့်လိုက်သည်။ ရင်ဘတ်ပေါ်ရှိ ပင့်ကူအိမ်နှင့် တူသော အက်ကွဲကြောင်းများသည် လျှင်မြန်စွာ ပျောက်ကွယ်လာသည်။ ခဏကြာသောအခါ အက်ကွဲကြောင်းများ လုံးဝ ကင်းစင်သွားသည်။

“ဒါက အထင်ကြီးစရာကောင်းတဲ့ ခံစစ်စွမ်းရည်နဲ့ ကိုယ့်ကိုယ်ကို ပြန်လည် ကုသနိုင်စွမ်းရှိတဲ့ သန္ဓေနှစ်ဆင့်ပြောင်း မွန်းစတားတစ်ကောင်ပဲ”

ရှားယု၏ မျက်လုံးများက ချက်ချင်း အရောင်တောက်သွားသည်။

မူလန်ပင် အာဏာရှင်သည် ရှားယု၏ တိုက်ခိုက်မှုကို ခံရပြီးနောက် အသက်ရှင်လိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် အံ့သြသင့်သွားသည်။

မူလန်သည် ရှားယုနှင့် တိုက်ခိုက်ခဲ့သောကြောင့် သူမက မည်မျှ အစွမ်းထက်ကြောင်း သိနေသည်။ သူမသည် တံစဉ်ကို အသုံးမပြုဘဲ လက်ကိုသာ အသုံးပြုပြီး တိုက်ခိုက်ခဲ့သော်လည်း ရွှေအဆင့်

မွန်းစတား တစ်ကောင်က ဤကဲ့သို့ တိုက်ခိုက်မှုမျိုးကို ခုခံ ကာကွယ်နိုင်စွမ်း မရှိသင့်ပေ။

သို့သော်လည်း အဏ္ဏာရှင်သည် ခြေလှမ်း အနည်းငယ် နောက်ပြန်ဆုတ်ရုံ ဆုတ်သွားရသည့် အချက်မှလွဲ၍ အာဏာရှင် ကိုယ်ပေါ်ရှိ ဒဏ်ရာများသည် အလိုလို ပျောက်ကင်းသွားသည်။ သူမသည် အာဏာရှင်က သန္ဓေနှစ်ဆင့်ပြောင်း မွန်းစတား တစ်ကောင်ဖြစ်ကြောင်း ချက်ချင်း သိလိုက်သည်။

"သူရဲ့ခံစစ်နဲ့ ကိုယ်ကိုကိုယ် ကုသနိုင်စွမ်းက တကယ် ကြောက်စရာ ကောင်းတယ်"

မူလန်သည် အာဏာရှင်၏ စွမ်းရည်ကြောင့် အံ့အော မှင်တက်နေသည်။

"လင်းဟွမ် မင်းက ငါ့ကို တကယ်ပဲ အံ့အောသွားစေတယ်"

ရှားယုက ပြုံးလိုက်ပြီ

"ဒီ သတ္တဝါကြီးရဲ့ ခံနိုင်ရည်ကို စမ်းသပ် ကြည့်လိုက်ရအောင်"

သူမသည် စကားဆုံးသည်နှင့် သူမ၏ ကြီးမားသော တံစဉ်ကြီးကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်သည်။ ထိုစဉ် အပြာရောင် အလင်းတန်းတစ်ခုသည် ကောင်းကင်ကို ဖြတ်သန်းပြီး ရှားယုထံ လျင်မြန်စွာ တိုးဝင်လာသည်။

ရှားယုက မျက်မှောင်ကြုတ်ပြီး ထိုတိုက်ခိုက်မှုကို ကာကွယ်လိုက်သည်။

အနက်ရောင် တံစဉ်ကြီးသည် လေထုကို ဖြတ်သန်းပြီး မူလန်၏ ခန္ဓာကိုယ်ထံ တိုးဝင်သွားသည်။

အနက်ရောင် တံစဉ်ကြီးနှင့် အပြာရောင် ခေါးရှည်သည် နောက်တစ်ကြိမ် ထိမှန်သွား ပြန်သည်။

အနက်ရောင်နှင့် ရွှေရောင် ကံကြမ္မာစွမ်းအားတို့ အချင်းချင်း ထိပ်တိုက်တွေ့ဆုံသောအခါ စူးရှသော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ လျှပ်စီး မိုးကြိုးများ ပစ်နေသောအသံနှင့် ဆင်တူနေသည်။

ခဏကြာသောအခါ ကံကြမ္မာ စွမ်းအားများ၏ သက်ရောက်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိသွားကာ ပေါက်ကွဲသွားသည်။

မူလန်သည် နောက်ပြန်ဆုတ်ကာ မြေပြင်ပေါ်သို့ ဆင်းသက်လိုက်သည်။

သူမကိုယ်ပေါ်ရှိ ကံကြမ္မာ စွမ်းအားအားလုံးကို သူမ ခန္ဓာကိုယ်အား ကာကွယ်နိုင်ရန် ချပ်ဝတ်တန်ဆာထဲသို့ ထည့်သွင်းလိုက်သည်။

"မူမိသားစုရဲ့ သမီးတော် မင်းလက်မလျှော့ဘူး ဆိုတာ သေချာလား"

ရှားယုက မူလန်ကို အေးစက်စွာ စိုက်ကြည့်နေသည်။

"လင်းဟွမ်က မုဆိုးအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်ပဲ သူ့ကိုခေါ်သွားခွင့် မပေးနိုင်ဘူး။ နောက်ပြီးတော့ မင်းလို သာလွန်အဆင့် တစ်ယောက်က ငွေအဆင့်မှာရှိတဲ့လူကို အနိုင်ကျင့်ဖို့ ကြိုးစားနေရင် မင်းမှာ ဘာအရည်အချင်း ရှိတော့မှာလဲ"

မူလန်သည် ဆုတ်ခွာရန် ရည်ရွယ်ချက်မရှိဘဲ အာဏာရှင်ရှေ့တွင် ပိတ်ရပ်လိုက်သည်။

"ငါက သူ့ကို အနိုင်ကျင့်နေတယ် ဟုတ်လား။ မုဆိုးအဖွဲ့အစည်းက သူ့ကို အကောင်းဆုံး လေ့ကျင့်မှုတွေ မပေးနိုင်ဘူးလို့ ငါခံစားရတယ်။

ဒါကြောင့် သူ့ကို ကောင်းကောင်းမွန်မွန် လေ့ကျင့်ပေးနိုင်အောင် ဒိဋ္ဌိအဖွဲ့ထဲသွင်းဖို့ ငါ ဆုံးဖြတ်လိုက်တာပဲ သူက ဒိဋ္ဌိ အဖွဲ့နဲ့ဆိုရင် တောက်ပလာလိမ့်မယ်လို့ ငါ ယုံကြည်တယ်။ နောက်ပြီးတော့ သူက အကဲဖြတ်မှုကိုတောင် မအောင်မြင်သေးပါဘူး။ ဒါကြောင့် သူ့ကို မုဆိုးအဖွဲ့အစည်းရဲ့ ပုံမှန် အဖွဲ့ဝင်တစ်ယောက်လို့တောင် ယူဆလို့ မရသေးဘူး”

ရှားယုက အာဏာရှင် ရှိသည့်ဘက်သို့ လှမ်းကြည့်ပြီး ပြောလိုက်သည်။

"သူက ပုံမှန်အဖွဲ့ဝင် မဟုတ်သေးဘူး ဒါပေမယ့် ငါ့ရဲ့ကြီးကြပ်မှုအောက်မှာ ရှိနေတဲ့ ဖြေဆိုသူ တစ်ယောက်ပဲ။ စာစစ်မှူး တစ်ယောက်အနေနဲ့ သူ့ကို ခေါ်သွားခွင့် မပေးနိုင်ဘူး။ "

"နောက်ပြီးတော့ မုဆိုးအဖွဲ့အစည်းက အရည်အချင်းရှိတဲ့ မုဆိုးတွေကို သေချာပေါက် လေ့ကျင့်ပေးလိမ့်မယ်။ မင်း စိတ်ပူစရာ မလိုဘူး။ လင်းဟွမ်းက မုဆိုးအဖွဲ့အစည်းမှာ ကောင်းကောင်း အလုပ် လုပ်နိုင်မယ်လို့ ငါယုံကြည်တယ်"

မူလန်က ပြောလိုက်သည်။

"ဒါဆိုရင် မင်းက ငါ့လမ်းကြောင်းကို အတင်းအကြပ် တားမှာလား"

ရှားယု၏ မျက်နှာ အမူအရာသည် အေးစက်လာသည်။

"ဟုတ်တယ်၊ မင်း မှန်တယ်"

မူလန်သည် ရှားယု၏ တိုက်ခိုက်မှုကြောင့် နောက်ဆုတ်ရန် ရည်ရွယ်ချက် မရှိပေ။

"ကောင်းပြီလေ။ ငါက ထိန်းချုန်ထားသေးတယ်။ မင်းက ငါ့ကို အတင်း ဖိအားပေးနေတော့လည်း ငါ့အကြောင်း ပြရသေးတာပေါ့"

ရှားယုသည် သူမ၏ လက်နက်ကို ပြန်သိမ်းလိုက်ပြီး လေထဲတွင် ရှုပ်ထွေးသော အင်းကွက်များကို ရေးဆွဲလိုက်သည်။

မူလန်သည် ချက်ခြင်း မျက်နှာပျက်သွားပြီး လင်းဟွမ်ဘက် လှည့်အော်လိုက်သည်။

"ထွက်သွား။ မြန်မြန် ထွက်သွား"

"နောက်ကျသွားပြီ"

လင်းဟွမ်သည် ခေါင်းမော့ကာ ကောင်းကင်ကို ကြောက်လန့်တကြား စိုက်ကြည့်နေသည်။

တစ်ခုခု မပေါ်လာသေးခင် အစွမ်းထက်သော အော်ရာတစ်ခုက လေထဲတွင် ပျံ့နှံ့လာပြီး နတ်ဆိုးလေး ကျွန်းပေါ်ရှိ လေထုသည် ကြောက်စရာကောင်းသော အငွေ့အသက်များ လွှမ်းခြုံလာသည်။ မရေ မတွက်နိုင်သော လေးဘက်သွား မွန်းစတားများသည် ကြောက်လန့်တကြား ထွက်ပြေး နေကြပြီး

ဘုရင်တစ်ပါး၏ ရှေ့သို့ ရောက်နေသကဲ့သို့ တစ်ကိုယ်လုံး တုန်ရင်နေကြသည်။

အာဏာရှင်သည် မြေပေါ်တွင် ဝပ် မနေခဲ့သော်လည်း သူ၏ခန္ဓာကိုယ်သည် အနည်းငယ် တုန်ခါနေသည်။

သူတို့ ကြည့်လိုက်ရာ ရွှေစင်ဖြင့် ပြုလုပ်ထားသော တံစဉ်ကြီးတစ်ခုသည် ရှားယု ရှေ့တွင် ပေါ်လာသည်။

“မဟာခေတ်ကြွင်း ကောင်းကင် နတ်ဘုရား သတ်ဖြတ်သူ တံစဉ်”

မူလန်၏မျက်နှာသည် ချက်ချင်း ဖြူဖျော့သွားပြီး စကားလုံးများ ထွက်ကျလာသည်။

“ဒါက အဆိုးစွန်ဆုံး ခေတ်ကြွင်းဖြစ်တဲ့ နတ်ဘုရားသတ်ဖြတ်သူ တံစဉ်ပဲ။ ဒီဌာအဖွဲ့မှာတောင် သူတော်စင်နဲ့ ခေါင်းဆောင် သုံးယောက်ပဲ ဒီခေတ်ကြွင်းကို အသက်သွင်းပိုင်ခွင့် ရှိတယ်”

ရှားယုက မူလန်ကိုငုံ့ကြည့်ပြီး ပြုံးပြုံးလေး ပြောလိုက်သည်။

"ဒီတံစဉ်က ငါ့ကိုစွမ်းအားတွေ ပေးစွမ်းနိုင်တယ်ဆိုတဲ့ အကြောင်းကို ကြားဖူးတယ် မဟုတ်လား"

"ဒါကြီးက အရာရာကို ဖြတ်တောက်ပစ်လိမ့်မယ်"

မူလန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဟုတ်တယ် ဒါက အရာအားလုံးကို ဖြတ်တောက်ပစ်လိမ့်မယ် မင်းလက်ထဲမှာ ရှိနေတဲ့ ကြယ်ငါးပွင့် ပင်လယ် ကျက်သရေဓါးပဲ ဖြစ်ဖြစ်၊ ကြယ်လေးပွင့် တော်လှန်ရေး သံချပ်ကာပဲ ဖြစ်ဖြစ် အားလုံးကို အပိုင်းပိုင်းဖြစ်အောင် ချေမွလိမ့်မယ်"

ရှားယုသည် ယခင်ကထက် ပိုကြီးသော တံစဉ်ကြီးကို ဆွဲကိုင်ပြီး မူလန်ထံ ညွှန်ပြလိုက်သည်။

ရှားယု၏စကားကို ကြားပြီးနောက် လင်းဟွမ် မျက်နှာပျက်သွားသည်။ ဤကမ္ဘာပေါ်တွင် ဤကဲ့သို့ ကြောက်စရာကောင်းသော လက်နက်တစ်ခု ရှိနေကြောင်း သူ မည်သည့်အချိန်ကမှ မသိခဲ့ပေ။

ရှားယုသည် စကားဆုံးသွားသည်နှင့် လက်ထဲမှ တံစဉ်ကြီးကို ဝှေ့ယမ်းလိုက်သည်။

မူလန့်၏ ရှေ့တွင် ရွှေရောင်များ တောက်ပလာသည်။ မူလန်သည် ထိုတိုက်ခိုက်မှုကို ခုခံနိုင်ခြင်း မရှိသလို ရှောင်တိမ်းရန် အချိန်လည်း မရှိခဲ့ပေ။ ထို့နောက် ရွှေရောင်အသွားသည် သူမ ခန္ဓာကိုယ်ကို ထိမှန်သွားသည်။

"ငါ သေပြီလား"

မူလန်းသည် ခေါင်းငုံ့ကာ သူမ၏ဒဏ်ရာများကို ကြည့်လိုက်သည်။ ထို့နောက် ချပ်ဝတ်တန်ဆာများ ကွဲအက်လာသည်ကို မြင်ရသော်လည်း ဒဏ်ရာ လုံးဝ မရခဲ့ပေ။

“စိတ်မပူနဲ့ မင်းရဲ့ တော်လှန်ရေး ချပ်ဝတ်တန်ဆာကို ငါ ဖျက်ဆီးလိုက်ပြီ။ မင်းကို သတ်တာ ထက်စာရင် အရှင် ဖမ်းရတာ ပိုကောင်းတယ်။ မင်းက ရွှေမုဆိုး ဦးဆောင်သူ စာရင်းမှာ အဆင့်လေးရှိနေတဲ့ မုဆိုးတစ်ယောက်ပဲ။”

“ မင်းက မုဆိုးအဖွဲ့အစည်းရဲ့ အားရုံစူးစိုက်မှုလဲ ဖြစ်တယ်။ မင်းကိုသတ်လိုက်ရင် ဖြုန်းတီးသလို ဖြစ်သွားမှာပေါ့။ ဒီဌာအဖွဲ့အစည်းက မင်းကို လိုအပ်တယ်။ မင်းက သန့်ရှင်းမီးလျံ သာလွန်လူသား

အဆင့်ကို တက်လှမ်းသွားရင် မင်းရဲ့အစွမ်းအစကလဲ အားနည်းမှာ မဟုတ်ဘူး”

ရှားယု၏အသံသည် အထက် စီးဆန်နေသည်။

လင်းဟွမ်သည် ဤအခြေအနေကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို စဉ်းစားရင်း မျက်မှောင်ကြုတ်နေသည်။ ပြိုင်ဘက်၏ လက်နက်သည် ကြောက်စရာ ကောင်းလွန်းသည်။ သူမက လက်တစ်ချက် ဝှေ့ယမ်းရုံဖြင့် ဆင့်ခေါ်သည့် မွန်းစတားများကို သတ်ဖြတ်နိုင်သည်။

သူသာ ပိုင်နှင့် ချောကလက်လေးကို ဆင့်ခေါ်လိုက်လျှင် သေချာပေါက် သေသွားလိမ့်မည်။ သူလည်း အန္တရာယ် ရှိနေအုံးမည်။

အခြားတစ်ဖက်တွင်မူ မူလန်သည် နတ်ဘုရား သတ်ဖြတ်သူ တံစဉ်က အလွန် အန္တရာယ်များသော လက်နက် ဖြစ်နေသောကြောင့် ထိတ်လန့် စိုးရိမ်နေသည်။

ထိုအရာသည် အရာအားလုံးကို ဖြတ်တောက် နိုင်ရုံသာမက မမြင်နိုင်သော တိုက်ခိုက်မှုများလည်း ပြုလုပ်နိုင်သည်။ သူမက ထွက်ပြေးချင်လျှင်ပင်

ဤကဲ့သို့ အခြေအနေမျိုးတွင် လွတ်မြောက်နိုင်စရာအကြောင်း မရှိပေ။

"မူမိသားစုရဲ့ သမီးတော် မင်းရဲ့ ပင်လယ်ကျောက်သရေခါးကြီးကို အခုပဲ နှုတ်ဆက်လိုက်တော့"

ရှားယုက စပ်ဖြဲဖြဲ အမူအရာနှင့် ပြောလိုက်သည်။

ရွှေရောင် အလင်းတစ်ခု ဖြတ်ခနဲ လက်သွားပြီး မူလန်၏လက်ထဲမှ ပင်လယ် ကျောက်သရေခါးကြီးကို ထိမှန်သွားသည်။

ခရမ်းရောင် အလင်းတန်းများ ရုတ်တရက် ပေါ်လာပြီး ရွှေရောင် တောက်ပနေသော တံစဉ်ကြီးကို ထိမှန်သွားသည်။

မမျှော်လင့်ထားသော တိုက်ခိုက်မှုကြောင့် ရွှေရောင် အလင်းတန်းများ ပျောက်ကွယ်သွားသည်။

ထို့နောက် မူလန်၏ဘေးတွင် အရိပ်တစ်ခု ဖြတ်ခနဲပေါ်လာသည်။

ဒါသည် နှုတ်ခမ်း ဘယ်ဘက်ခြမ်းတွင် အမာရွတ်ရှိပြီး မျက်ခုံးထူသော လူလတ်ပိုင်း အမျိုးသားတစ်ယောက် ဖြစ်သည်။

လင်းဟွမ်သည် ဤလူက ဒက်စီမြို့တွင် ရုပ်ဆိုးလူ့ရှင်တော်နှင့် တိုက်ခိုက်ခဲ့သည့် သာလွန်လူသားဖြစ်ကြောင်း ချက်ချင်း သိလိုက်သည်။

"ဦးလေး ကျန်းနန်"

မူလန်သည် သူ့ကို မြင်လိုက်သည့် အခိုက်အတန့်၌ မမျှော်လင့်ထားသဖြင့် အံ့သြသင့်သွားသည်။

"မင်းက ကျန်းနန်လား"

ရှားယုသည် သူ့နာမည်ကို ယခင်ကတည်းက ကြားဖူးပုံရသည်။

“မင်းက ငါ့ကိုသိနေလို့ အံ့ဩမိတယ်”

ကျန်းနန်က ပြုံးလိုက်ပြီး လေထဲတွင် ပျံသန်းနေသော မိန်းကလေးကို လှမ်းကြည့် လိုက်သည်။

“ဒါပေါ့ အဖွဲ့ခွဲ (၇) မှာ အမှုဆောင်အရာရှိ ရာထူးအတွက် အမည်သွင်း ခံထားရတဲ့နာမည်ကို ဘယ်လိုလုပ်ပြီး မသိဘဲနေမှာလဲ”

ရှားယုသည် သူမ၏ ပြိုင်ဘက်က အင်မော်တယ်အဆင့်သို့ တက်လှမ်းတော့မည့် သာလွန်လူသား တစ်ယောက် ဖြစ်နေကြောင်း သိနေသဖြင့် ကြောက်လန့်တကြား ပြောလိုက်သည်။

သူသည် အင်မော်တယ် အဆင့်သို့ တက်လှမ်းပြီးသည်နှင့် မုဆိုး အဖွဲ့အစည်း၏ အမှုဆောင်အရာရှိ တစ်ယောက် ဖြစ်လာလိမ့်မည်။ ထိုနေရာသည် အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့် အာဏာများ ပါဝင်နေသည်။

"အမျိုးသမီး သူတော်စင် ကျေးဇူးပြုပြီး သူတို့ကို ဒုက္ခ မပေးပါနဲ့တော့"

ထိုလူက ရှားယုကိုကြည့်ပြီး အပြုံးကလေးနှင့် ပြောလိုက်သည်။

ဒါသည် နှစ်ဘက်လုံးကို မျက်နှာ ကယ်တင်နိုင်မည့် နည်းလမ်းတစ်ခုပင်။

ဒိဌိများက ရှားယုကို လေးစားကြသည်။ သူမသာအဖမ်း ခံရပါက ဒိဌိအဖွဲ့နှင့် မုဆိုး အဖွဲ့များကြားတွင် တိုက်ပွဲကြီးတစ်ခု ဖြစ်ပွား လာနိုင်သည်။ ထို့နောက် အဖွဲ့ခွဲ (၁) မှ အဖွဲ့ခွဲ

(၁၂)အထိ နယ်မြေတစ်ခုလုံး ဖရိုဖရဲ ဖြစ်သွားလိမ့်မည်။

ရွားယုသည် ကျန်းနန်က ဤနေရာတွင် ရောက်နေပြီ ဖြစ်သောကြောင့် မည်သူ့ကိုမှ မဖမ်းနိုင်တော့ကြောင်း သိနေသည်။

ပြိုင်ဘက်က သူမကို အရှက်မရစေရန် ကြိုးစားနေကြောင်း သိနေပြီး

'မင်း အခု ရပ်ပြီး ထွက်သွားသင့်ပြီး'

ဟု စိတ်ထဲမှ ပြောကာ အရိပ်အမွတ်ပေးနေကြောင်း နားလည်နေသည်။

သူမ၏ တာဝန်သည် ကျရှုံးခဲ့ပြီ ဖြစ်သဖြင့် အရှည်၊အရှည် ဆက်လုပ်လျှင်လည်း အသုံးမဝင်တော့ပေ။

"မစ္စတာကျန်းနန် မင်းရဲ့ ကမ်းလှမ်းမှုကြောင့် ငါလွတ်ပေးလိုက်မယ်"

ရှားယုက လင်းဟွမ်နှင့်မူလန်ထံ လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။

"ငါတို့မှာ အချိန်တွေ ကျန်ပါသေးတယ်။ ငါ သူတို့ကို မုဆိုးအဖွဲ့အစည်းမှာ အရင်ဆုံး နေခွင့်ပေးလိုက်မယ် နောက်မှ အခွင့်အရေးရှာပြီး သူတို့ကို ဒိဠ္ဌိအဖွဲ့ဆီ ခေါ်သွားလိုက်မယ်"

သူမက ကျန်းနန်စကားကို နားထောင်လိုက်ပြီး ဟန်ဆောင် ခြိမ်းခြောက်နေကြောင်း သိနေကြသည်။

ရှားယုသည် သူ၏ ရွှေရောင်တံစဉ်ကို သိမ်းလိုက်ပြီး သူတို့၏ သုံးယောက် ရှေ့တွင် နေရာကူးပြောင်းခြင်း ပေါ်တယ်တစ်ခုကို

ဆင့်ခေါ်ကာ လမ်းလျှောက် ဝင်သွားသည်။ တံခါးမပိတ်ခင် သူတို့ကို လက်ပြခဲ့သေးသည်။

လင်းဟွမ်က အာဏာရှင်ကို ပြန်သိမ်းလိုက်သည်။

ကျန်းနန်သည် လင်းဟွမ်ကို ကြည့်ပြီး လေးလေးနက်နက် စဉ်းစားနေပုံရသည်။ ထို့နောက် သူတို့ နှစ်ယောက်လုံးကို ပြောလိုက်သည်။

“အကဲဖြတ်တဲ့နေရာကို အရင်ဆုံး ပြန်ကြမယ်။ ဘာဖြစ်လဲဆိုတာ ပြောပြပါ”

သူတို့ နှစ်ယောက်ကို အကဲဖြတ်နေရာသို့ ပြန်ခေါ်လာပြီးနောက် ဖြေဆိုသူများကို အနက်ရောင် အတုအယောင် အကျဉ်းထောင်ထဲမှ ပြန်လွှတ် ပေးလိုက်သည်။

ထို့နောက် ကျန်းနန်က အဖြစ်အပျက်များကို စတင် မေးမြန်းလိုက်သည်။ လင်းဟွမ်နှင့် မူလန်တို့က သူတို့သိသမျှ အရာအားလုံးကို ပြောပြခဲ့သည်။

ကျန်းနန်က သူတို့၏စကားကို နားထောင် ပြီးနောက် ခေါင်းငြိမ့်လိုက်သည်။

"ဒါကို အထက်လူကြီးတွေဆီ အစီအရင် ခံလိုက်မယ်။ အကဲဖြတ်မှုကို ခေတ္တ ရပ်ထားဖို့ လိုတယ်။ အကဲဖြတ်မှု ဆက် လုပ်၊မလုပ်ကို တရားဝင် ထုတ်ပြန်ချက် စောင့်ရလိမ့်မယ်။ ဒီကာလအတွင်း မင်းတို့က ကျွန်းပေါ်မှာ နေနိုင်တယ်"

ကျန်းနန်က အဖြေတစ်ခုကို လျင်မြန်စွာ ထုတ်ပေးလိုက်သည်။

မူလန်နှင့် ကျန်သည့် ဖြေဆိုသူများသည် ကန့်ကွက်ခြင်း မရှိကြပေ။ ထို့ကြောင့် သူတို့သည်

သူတို့၏ ကိုယ်ပိုင်တဲများကို စတင် တည်ဆောက်လိုက်ကြသည်။

## အခန်း(၁၈၁) – အကဲဖြတ်မှု ပြီးဆုံးခြင်း။

ကျန်းနန်သည် ကိစ္စအချို့ကို စီစဉ်ပြီးနောက် လင်းဟွမ်နှင့် မူလန်တို့ သတ်ဖြတ်ခဲ့သော ဒိဋ္ဌိ အဖွဲ့ဝင်များ၏ အလောင်း ဆယ်လောင်းကို ဌာနချုပ်သို့ ယူဆောင်သွားသည်။

လူတိုင်းသည် အခင်းဖြစ်ပွားပြီး ကတည်းက တဲများဆောက်ပြီး အနားယူခဲ့ကြသည်။

နောက်တစ်နေ့မနက်တွင် လင်းဟွမ်သည် နတ်ဆိုးလေးကျွန်း အလယ်သို့ ဦးတည် ထွက်သွားသည်။ နှစ်ဆကတ်ကို အသက် သွင်းပြီးနောက် အာဏာရှင်၏ အကူအညီဖြင့် ရွှေအဆင့် မွန်းစတားများကို သတ်ဖြတ်ခဲ့သည်။

တစ်နာရီခန့် ကြာပြီးနောက် အဆင့်ကျော် သတ်ဖြတ်ခြင်း ဆုလာဘ်ကတ် (၂၀) ကို ရယူနိုင် ရုံသာမက ပြီးပြည့်စုံသော ရွှေအဆင့် မွန်းစတား ကတ်နှစ်ခုကိုပင် စုဆောင်းနိုင်ခဲ့သည်။ ဒါသည် မသေနိုင်သော မျိုးစိတ်ဖြစ်ပြီး ရွှေသံချပ်ကာ

အရိုးစုများ ဖြစ်သည်။ အရေးပေါ် အခြေအနေအတွက် အစားထိုးနိုင်ရန် သိမ်းဆည်း ထားချင်သောကြောင့် ကတ်အပိုင်းအစများကို ကတ်အဖြစ် ပေါင်းစပ်ရန် ဆုံးဖြတ်ခဲ့သည်။

လင်းဟွမ်သည် အကဲဖြတ်သည့် နေရာသို့ မပြန်ခင် ရှောင်ဖိန်ကို ကတ်များအားလုံး စာရင်း ပြုစုရန် ညွှန်ကြားလိုက်သည်။

"မင်းမှာ မွန်းစတားကတ် (၁၄) ကတ် ရှိတယ်။ အောက်မှာ ဖော်ပြလိုက်တယ်"

"မော်ကွန်းအဆင့် မွန်းစတား ကတ်တွေက - ချောကလက်လေး၊ ပိုင်၊ အာဏာရှင်၊ ရုပ်ဆိုး လူရွှင်တော်၊ အဝါရောင် ပန်းနွယ်နတ်ဆိုး (သွေးရဲရဲလေး)"

"ရှားပါးအဆင့် မွန်းစတား ကတ်တွေက - မျက်လုံးတစ်ဖက် ဓါးမိစ္ဆာ၊ အလက်ဇန္ဒြား လင်းယုန်"

"ပုံမှန်အဆင့် မွန်းစတား ကတ်တွေက - ရွှေရောင်သံချပ်ကာ အရိုးစု၊ စွဲဆောင်မှု အားကောင်းတဲ့ ကင်းမြီးကောက် ၊ နွား နတ်ဆိုး၊

ခြသေ့် ဦးခေါင်း မှင်စာ၊ အစိမ်းရောင် ဝံပုလွေ၊ မျက်လုံးတစ်ဖက် မျောက်ဝံ၊ တစ္ဆေ။

"မင်းမှာရှိတဲ့ စွမ်းရည်ကတ် (၂၁) ခုကို အောက်မှာ ဖော်ပြပေးလိုက်တယ်"

"စွမ်းရည်ကတ် - မဟာလူသား ခွန်အား (ရှားပါး)"

"ကံကြမ္မာမျိုးစေ့ကတ် - ရှားပါးလက် (ရှားပါး)၊ ကံကြမ္မာ အစားထိုးခြင်း (ရှားပါး)၊ အာရုံခံ စက်ဝိုင်း (ရှားပါး)"

"တိုက်ခိုက်ရေး စွမ်းရည် ကတ် - မဟာခါးကျမ်း (မော်ကွန်း)၊ တောမီးခါး (မော်ကွန်း)၊ ကြမ်းတမ်း နည်းစနစ် (မော်ကွန်း)၊ မိုးကြိုးခါး (ရှားပါး)၊ တောင်တန်းခါး (ရှားပါး)၊ စီးကြောင်းတစ်ရာ ခါး (ရှားပါး)၊ နှင်းတစ္ဆေ ခြေလှမ်း (ရှားပါး)၊ တိမ်ခြေလှမ်း(ရှားပါး)"

"မွန်းစတား စွမ်းရည်ကတ် - သွေးဝိညာဉ်၊ ကြီးမားသော ခွန်အား (အလယ်အလတ်)၊ အဆင့်မြင့် လှည့်စားခြင်း၊ မဟာ အကြမ်းခံမှု၊ မော်မျက်လုံး အတားအဆီး (အလယ်အလတ်)၊ အကြွင်းမဲ့ ခုခံရေး

(လက်သင် အဆင့်)၊ သွေးမုဆိုး (လက်သင်အဆင့်)၊ အကန့်အသတ်မဲ့ အမြင်အာရုံ (လက်သင်အဆင့်)၊ တတိယမျက်လုံး (လက်သင်အဆင့်)၊ ထိန်းချုပ်မှု မျက်နှာဖုံး”

“မင်းမှာ အဆင့်ကျော် သတ်ဖြတ်ထားတဲ့အတွက် ဆုလာဘ်ကတ် (၂၀) ရှိတယ်”

“အဆင့်တက်ကတ် (၃) ကတ်၊ တစ်ခါသုံး စွမ်းရည်ကတ် (၃) ကတ်၊ နှစ်ဆကတ် (၃) ကတ်၊ ပစ္စည်းအသုံးအဆောင် ကတ် (၃) ကတ်၊ ယာယီ အသွင်ပြောင်းကတ် (၂) ကတ်၊ ယာယီဆင့်ခေါ်ခွင့်

ကတ် (၁) ကတ်၊ ကုသရေးကတ် (၁) ကတ်၊ စွမ်းရည်ပေါင်းစည်းခြင်းကတ် (၁) ကတ်၊ ရတနာကတ် (၁) ကတ်၊ တာဝန်ကတ် (၁) ကတ်၊ စိန်ခေါ်မှုကတ် (၁) ကတ်၊ ပို့ဆောင်ရေးကတ် (၁) ကတ်”

“လုပ်ဆောင်ချက် ကတ် (၄၀) ကို အောက်မှာ ဖော်ပြလိုက်တယ်”

“အသွင်ပြောင်း ကတ် (၇) ကတ်၊ အဆင့်တက် ကတ် (၅) ကတ်၊ ကုသရေးကတ် (၅) ကတ်၊ ရတနာကတ် (၅) ကတ်၊ နှစ်ဆကတ် (၄) ကတ်၊

အသုံးဆောင် ပစ္စည်းကတ် (၃) ကတ်၊ တစ်ကြိမ်သုံး စွမ်းရည်ကတ် (၃) ကတ်၊ တာဝန်ကတ် (၂) ကတ်၊ ခြွင်းချက်မဲ့ကတ် (၂) ကတ်၊ စွမ်းရည် ပေါင်းစည်းခြင်း ကတ် (၁) ကတ်၊ ယာယီ ဆင့်ခေါ်ခြင်းကတ် (၁) ကတ်၊ ပို့ဆောင်ရေးကတ် (၁) ကတ်၊ စိန်ခေါ်မှုကတ် (၁) ကတ်၊ အသေးစား ဖျက်ဆီးရေးကတ် (၁) ကတ်”

လင်းဟွမ်သည် သူတစ်ခါမှ မမြင်ဖူးသော လုပ်ဆောင်ချက်ကတ် (၂) ကတ်ကို မြင်လိုက်လျှင် အသေးစိတ် ရှင်းလင်းချက်များကို ဖတ်ကြည့် လိုက်သည်။

"တစ်ကြိမ်သုံး စွမ်းရည်ကတ်"

"ဒါက မင်းအရှေ့မှာ အသုံးပြုနေတဲ့ စွမ်းရည်တွေ၊ မွန်းစတားနဲ့ လူသားတို့ရဲ့ စွမ်းရည်တွေကို ချိပ်ပိတ်ပြီး ကတ်အဖြစ် ပြန်လည်အသက်သွင်းကာ စွမ်းရည်တွေကို ထုတ်ယ သုံးစွဲနိုင်တယ်"

"မှတ်ချက် (၁) - မင်းရဲ့စွမ်းရည်ကို ကန့်သတ်ထားတယ်။ အခုလက်ရှိ မင်း ချိတ်ပိတ်နိုင်တဲ့ အမြင့်ဆုံးစွမ်းရည်က သန့်ရှင်းမီးလျံ အဆင့်ပဲ"

"မှတ်ချက် (၂) - ဒီကတ်က တစ်ခါသုံးကတ် ဖြစ်တယ်။ စွမ်းရည်ကို တစ်ခါ

အသက်သွင်းလိုက်တာနဲ့ ကတ်က ပျောက်ကွယ်သွားလိမ့်မယ်”

........

“ယာယီ ဆင့်ခေါ်ခြင်းကတ်”

“စတင် အသုံးပြုလိုက်တာနဲ့ မွန်းစတား တစ်ကောင်ကို ကျပန်း ဆင့်ခေါ်နိုင်တယ်။ ဆင့်ခေါ်လိုက်တဲ့ မွန်းစတားက တစ်နာရီပဲ ခံမယ်”

"မှတ်ချက် (၁) - ကျပန်း မွန်းစတားရဲ့ တိုက်ခိုက်ရေးအစွမ်းက အသုံးပြုသူ ပိုင်ဆိုင်တဲ့ အမြင့်ဆုံးမွန်းစတားထက် တစ်ဆင့် ပိုမြင့်မယ်"

"မှတ်ချက် (၂) - အသုံးပြုသူ ပိုင်ဆိုင်တဲ့ မွန်းစတားနဲ့ ဆက်စပ်နေတဲ့ မွန်းစတားကိုပဲ ဆင့်ခေါ်နိုင်မယ့် အခွင့်အရေး ပိုများတယ်"

"မှတ်ချက် (၃) - ကုန်ဆုံးနိုင်တဲ့ ကတ်ဖြစ်ပြီး တစ်ကြိမ်ပဲ အသုံးပြုလို့ ရတယ်"

……

"ပို့ဆောင်ရေး ကတ်"

"ပို့ဆောင်ရေးကတ် (၃) ကတ် - အသက်သွင်းလိုက်တာနဲ့ သတ်မှတ်ထားတဲ့ တည်နေရာကို တစ်ကြိမ် ပို့ပေးနိုင်တယ်"

"မှတ်ချက် (၁) - ကတ်ကို အသက်သွင်းပြီးတာနဲ့ (၁၀) စက္ကန့် စောင့်ဆိုင်းရမယ်"

"မှတ်ချက် (၂) - လှုပ်ရှားနေတဲ့ အချိန်၊ ရွေ့လျားနေတဲ့ အချိန်မှာ အသုံးမပြုနိုင်ဘူး"

"မှတ်ချက် (၃) - တည်နေရာက မင်း အရင်ရောက်ဖူးတဲ့နေရာ ဖြစ်ရမယ်"

"ကုန်ဆုံးနိုင်တဲ့ ကတ်ဖြစ်ပြီး ကတ်တစ်ခုကို (၃) ကြိမ်အထိ အသုံးပြုနိုင်တယ်။ ၃ကြိမ် သုံးပြီးတာနဲ့ ကတ်က ပျောက်ကွယ်သွားလိမ့်မယ်"

.........

"စိန်ခေါ်ခြင်းကတ်"

"ကတ်ကို အသက်သွင်းလိုက်တာနဲ့ မင်းကို စိန်ခေါ်တဲ့ ဒိုင်မေးရှင်းတစ်ခုထဲကို

ပို့ဆောင်ပေးလိမ့်မယ်။ စိန်ခေါ်တဲ့နေရာမှာ ကျပန်း မွန်းစတား တစ်ကောင် ရှိနေမယ်။ အသုံးပြုသူက မွန်းစတားကို သတ်လိုက်တာနဲ့ သတ်ခဲ့တဲ့ မွန်းစတားကတ်ကို ရရှိမယ်”

“မှတ်ချက် (၁) - စိန်ခေါ်မှု ဒိုင်မေးရှင်းထဲမှာ ပေါ်လာမယ့် မွန်းစတားက အသုံးပြုသူနဲ့ တိုက်ခိုက်ရေးအစွမ်း တူလိမ့်မယ်။ မွန်းစတား မျိုးစိတ်တွေနဲ့ ရှားပါးမှုအဆင့်တွေကို ကျပန်း ရွေးချယ်ပေးမယ်”

“မှတ်ချက် (၂) - အသုံးပြုသူက စိန်ခေါ်မှု ဒိုင်မေးရှင်းထဲမှာ ကိုယ်ပိုင်ခွန်အားကို အသုံးပြုပြီး တိုက်ခိုက်ရမယ်။ မွန်းစတားကတ် ဒါမှမဟုတ် အခြားလုပ်ဆောင်ချက်တွေကို အသုံးပြုခွင့် မရှိဘူး”

“မှတ်ချက် (၃) - အသုံးပြုသူက မွန်းစတား တစ်ကောင်ကို ရှုံးလိုက်တာနဲ့ မွန်းစတားကတ်တစ်ခု ပျောက်ကွယ်သွားလိမ့်မယ်။ အများဆုံး စိန်ခေါ်နိုင်တဲ့ အရေအတွက်က ၃ကြိမ်။ အသုံးပြုသူက သုံးကြိမ် စိန်ခေါ်ပြီးတာနဲ့ စိန်ခေါ်ခြင်းကတ်က ပျောက်ကွယ် သွားလိမ့်မယ်”

“အသုံးပြုသူက စိန်ခေါ်မှု ဒိုင်မေးရှင်းထဲမှာ သေဆုံးသွားရင် အမှန်တကယ် သေဆုံးလိမ့်မယ်။ ဒါကြောင့် အသုံးပြုသူ စိန်ခေါ်နိုင်တဲ့ အတိုင်းအတာထက် ကျော်လွန်သွားရင် ကျောခိုင်းဖို့ အကြံပေးချင်တယ်”

.....

လင်းဟွမ်သည် ကတ်အသစ် များကို ကြည့်ပြီးနောက် လက်တွေ့အသုံးဝင်သည့်ကတ်များ ဖြစ်နေသဖြင့် စိတ်အခြေအနေ ကောင်းမွန်လာသည်။

ထုံးစံအတိုင်း လင်းဟွမ်သည် အသုံးအဆောင် ပစ္စည်းကတ် (၃) ကတ်ကို အသက်သွင်းလိုက်သည်။

လင်းဟွမ်သည် အသုံးအဆောင် ပစ္စည်းကတ်များကို ရရှိသည့်အခါတိုင်း မဆိုင်းမတွ အသက်သွင်းခဲ့သည် ချည်းသာ။ သို့သော် သူ့တွင်လက်နက်များက ရှိနေပြီသား ဖြစ်သောကြောင့် အသုံးမဝင်ခဲ့ပေ။ ဒီတစ်ကြိမ်တွင် လက်နက်နှစ်ခုနှင့် ဆေးပုလင်းတစ်လုံး ရရှိခဲ့သည်။

လင်းဟွမ်သည် အစိမ်းရောင် ဆေးပုလင်းကို ကြည့်လိုက်သည်။

"ရှူးသွပ်ခြင်း ဆေးရည် - မွန်းစတားအတွက်သာ အသုံးပြုနိုင်တယ်။ သားရဲကို ထိုးပြီးနောက် သားရဲက ရှူးသွပ်သွားလိမ့်မယ်။ အဲ့ဒီ သားရဲရဲ့ ခုခံမှုနဲ့ တိုက်ခိုက်မှုအရှိန်က ဆယ်ဆ တိုးလာမယ်။ အကျိုးသက်ရောက်မှုက တစ်နာရီ ကြာမြင့်လိမ့်မယ်"

မှတ်ချက် (၁) - ဆေးထိုးပြီးတာနဲ့ ဆင့်ခေါ်ထားတဲ့ သားရဲက လုံးဝ ရှူးသွပ်သွားလိမ့်မယ်။ သခင် အပါအဝင် မည်းမည်းမြင်သမျှ အရာတိုင်းကို တိုက်ခိုက်လိမ့်မယ်"

"မှတ်ချက် (၂) - အကျိုးသက်ရောက်မှု ပြယ်ပျက်သွားတာနဲ့ ဆင့်ခေါ်ထားတဲ့ မွန်းစတားက နာရီ တစ်ရာကြာအောင် ပင်ပန်းနွမ်းနယ် နေပြီး နှစ်နှစ ခြိုက်ခြိုက် အိပ်မောကျသွားလိမ့်မယ်"

"ငါ ဆေးရည်တစ်ပုလင်း ရပြီ.."

လင်းဟွမ်သည် ကျန်သည့်ကတ်များကို ကြည့်ရင်း မျက်ခုံးပင့်လိုက်သည်။

"အို.. ငါ့မှာ စွမ်းရည်ပေါင်းစည်းခြင်းကတ် ရှိတယ်.. စွမ်းရည်ပေါင်းစည်းခြင်းကတ်ကို အသက်သွင်းမယ်.."

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

“အိုး၊ ငါ့မှာ စွမ်းရည် ပေါင်းစည်ခြင်းကတ် ရှိနေတာပဲ”

“စွမ်းရည် ပေါင်းစည်းခြင်း ကတ်ကို အသက်သွင်းမယ်”

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

“စွမ်းရည် ပေါင်းစည်ခြင်းကတ်ကို အသက်သွင်းနေပါတယ်။ အောက်မှာ ဖော်ပြထားတဲ့ အတွဲထဲက ရွေးချယ်ပေးပါ..”

"(၁) ခေါးကျွမ်းကျင်မှုများကို ပေါင်းစပ်ခြင်း - မဟာခေါ်းကျမ်း၊ တောမီးခေါ်း၊ မိုးကြိုးခေါ်း၊ တောင်တန်းခေါ်း၊ စီးကြောင်းတစ်ရာ ခေါ်းသွား"

"(၂) လှုပ်ရှားမှု စွမ်းရည် ပေါင်းစပ်ခြင်း - နှင်းတစ္ဆေခြေလှမ်း၊ တိမ်ခြေလှမ်း"

"(၃) အမြင် စွမ်းရည်များ ပေါင်းစပ်ခြင်း - မှော်မျက်လုံး အတားအဆီး၊ အကန့်အသတ်မဲ့ အမြင်အာရုံ၊ တတိယမျက်လုံး"

"ကျေးဇူးပြုပြီး တစ်ခု ရွေးချယ်ပေးပါ.."

"တတိယ တစ်ခုကို ရွေးမယ်"

လင်းဟွမ်သည် သူ့တွင် စီမံခန့်ခွဲနိုင်သော မွန်းစတား စွမ်းရည်ကတ်ကို ဆယ်နေရာသာ ကန့်သတ်ထားသဖြင့် တွေဝေခြင်း မရှိဘဲ ဆုံးဖြတ်လိုက်သည်။ မွန်းစတား စွမ်းရည်များကို ပေါင်းစပ်ခြင်းဖြင့် မွန်းစတားစွမ်းရည်များကို ပိုမို ရယူနိုင်ရန် နေရာလွတ်များ ရှိလာလိမ့်မည်။

"မွန်းစတား စွမ်းရည်ကတ်များကို ပေါင်းစည်း နေပါတယ်။ မွန်းစတားစွမ်းရည်ကတ် - မှော်မျက်လုံး

အတားအဆီး၊ အကန့်အသက်မဲ့ အမြင်အာရုံနဲ့ တတိယမျက်လုံးတို့ကို သုံးစွဲနေပါတယ်”

“စွမ်းရည်ကတ် အသစ် ဖန်တီးနေပါတယ်။ စွမ်းရည်ကတ်အသစ် မြင်ကွင်းစုံကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ မြင်ကွင်းစုံက အမြင်စွမ်းရည်များကို ပေါင်းစပ်ထားပြီး အမြင်အာရုံ စွမ်းရည်များကို အလိုလို တိုးမြှင့်ပေးနိုင်တယ်”

“မှတ်ချက် - ယခုလက်ရှိတွင် အခြေခံ လုပ်ဆောင်ချက်အနေနဲ့ မှော်မျက်လုံး အတားအဆီး၊

အကန့်အသတ်မဲ့ အမြင်အာရုံ၊ တတိယမျက်လုံးနဲ့ ပုံရိပ်ယောင်တို့ ပါဝင်လာပါတယ်”

“မူရင်းစွမ်းရည် (၃) ခုအပြင် ကတ်တွေကို ပေါင်းစပ်ပြီးတဲ့နောက် ပုံရိပ်ယောင်ဆိုတဲ့ အပို စွမ်းရည်တစ်ခု ထွက်လာခဲ့သေးတယ်။ ဒါဆိုရင် အချိန်ကြာလာတာနဲ့အမျှ စွမ်းရည်အသစ်တွေ ပိုများလာနိုင်တယ်”

လင်းဟွမ်သည် စွမ်းရည် အသစ်ကို ကြည့်ပြီးနောက် ပြုံးလိုက်သည်။

ထို့နောက် မွန်းစတား စွမ်းရည်ကတ်များကို ကြည့်ရှုလိုက်ရာ မူလတွင် စွမ်းရည်ကတ်နေရာ (၁၀)မှာ (၈) ခုအထိ လျော့ကျသွားပြီး နေရာလွတ်နှစ်ခု ကျန်နေသေးသည်။ သို့သော် လင်းဟွမ်သည် စွမ်းရည်များကို ထုတ်ယူရန် အလျင်လိုခြင်း မရှိပေ။ ထို့နောက် အလက်ဇန္ဒြား လင်းယုန်ကိုစီးပြီး အကဲဖြတ်သည့် နေရာသို့ ပြန်လာခဲ့သည်။

မူလန်သည် လင်းဟွမ်က အာဏာရှင်ကြောင့် ဘေးကင်းနိုင်မှန်း သိနေသဖြင့် ဘယ်သွားလဲ

ဆိုသည်ကို မမေးခဲ့ပေ။ သာလွန် လူသားတစ်ယောက်နှင့် မဆုံသရွေ့ အန္တရာယ်ကင်း ဘေးရှင်း နေလိမ့်မည်။

လင်းပွမ်သည် ကျန်သည့် လူများအတိုင်း သတင်းအသစ်ကို စောင့်ဆိုင်းနေစဉ် နတ်ဆိုးလေး ကျွန်းပေါ်တွင် တဲတစ်ခု တည်ဆောက်လိုက်သည်။ လေးရက်မြောက်နေ့တွင် သတင်းများ ထွက်ပေါ် လာသည်။

မူလန်၏ အချိန်မီ သတင်းပေးပို့ခြင်းကြောင့် မုဆိုးအဖွဲ့အစည်း၏ ပျက်စီး ဆုံးရှုံးမှုသည်

လျော့နည်းသွားခဲ့သည်။ အကဲဖြတ်မှုနေရာ (၆၃) ခုတွင် ကျူးကျော်ခဲ့သော်လည်း ဝပ်ကျင်း (၁၁)မှ ဒိဋ္ဌိအားလုံးကို လုံး၀ ဖမ်းဆီးနိုင်ခဲ့သည်

အကဲဖြတ်နေရာ (၃၇) တွင် ဖြေဆိုသူများ၏ တစ်စိတ်တစ်ပိုင်းသည် အဖမ်း ခံလိုက်ရပြီး ကျန်သည့်နေရာ (၁၅) နေရာတွင် ဖြေဆိုသူ အားလုံးကို ကယ်တင်နိုင်ခဲ့သည်။

အကဲဖြတ်နေရာ (၆၃) ခုတွင် ဖြေဆိုသူ အရေအတွက်၏ ၃၀ ရာခိုင်နှုန်း နီးပါးခန့် အဖမ်းခံလိုက်ရသောကြောင့် အဖမ်းခံလိုက်ရသော

ဖြေဆိုသူ အရေအတွက်သည် (၁၂,၈၀၀) ကျော်သွားသည်။

ကျူးကျော်မှုကြောင့် အကဲဖြတ်မှုနေရာ (၆၃) ခုလုံးကို ယာယီ ရပ်ဆိုင်း ထားသည်။ မုဆိုး အဖွဲ့အစည်း ရုံးချုပ်မှ ဤအကဲဖြတ်မှုနေရာ (၆၃) ခုလုံးတွင် ဖြေဆိုခဲ့သော လူအားလုံးကို နောက်တစ်ကြိမ် အကဲဖြတ်စရာ မလိုဘဲ မုဆိုးများအဖြစ် ခန့်အပ်ကြောင်း တရားဝင် ကြေငြာခဲ့သည်။

မူလန်က ဤသတင်းကို ကြေငြာ နေသောအခါ လင်းဟွမ် ရှိနေသော အကဲဖြတ် နေရာမှ ဖြေဆိုသူများသည် ထအော်ပြီး အောင်ပွဲ ခံလိုက်ကြသည်။ သို့သော်လည်း လင်းဟွမ်က ထိုကိစ္စကို ဂရုမစိုက်ပေ။ သူ့အတွက် အကဲဖြတ်မှု ဆိုင်းငံ့ခြင်း၊ မဆိုင်းငံ့ခြင်းက ကွာခြားချက် မရှိပေ။

ပျော်စရာ ကောင်းသော အရာတစ်ခုမှာ နှစ်သစ်အမီ အိမ်ပြန် နိုင်ခြင်းပင်။ အကဲဖြတ်မှု ပြီးသွားသည်နှင့် မုဆိုးအဖွဲ့အစည်းမှ နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ကို စေလွှတ်ပြီး

ဖြေဆိုသူအားလုံးကို ပိုင်ရှမ်မြို့ ဝပ်ကျင်းအမှတ် (၇) ဘီ (၂၄) သို့ ပြန်လည် ခေါ်ဆောင်လာခဲ့သည်။

မူလန်က မှတ်ပုံတင်ရန် ဖြေဆိုသူ (၄၈၄) ဦးကို ပြန်ခေါ်လာခဲ့သည်။

ပိုင်ရှမ်းမြို့၊ မုဆိုးအဖွဲ့ခွဲမှ လူများသည် မူလန် ခေါ်ဆောင်လာသော ဖြေဆိုသူများကို စောင့်ကြည့် နေကြသည်။

"ဒီနှစ် အောင်မြင်မှုနှုန်းက အရမ်း များနေတာလား။ ပုံမှန်ဆိုရင် လူ (၃၀၀) ထက်တောင် နည်းနေသေးတယ်""

လူတစ်ယောက်က ဇဝေဇဝါ ပြောလိုက်သည်။

"ဟုတ်တယ်.. ဒီပြိုင်ပွဲမှာ ဖြေဆိုသူ ၁၂၀၀၀ ကျော်ရှိတယ်.. ဒီတစ်ခေါက် အောင်မြင်နှုန်းက ၄ ရာခိုင်နှုန်းရှိနေတယ်.. အများအားဖြင့် ၂ ရာခိုင်နှုန်းပဲ ရှိတာပါ.."

"ဒီတစ်ကြိမ် အကဲဖြတ်မှုက ပိုလွယ်တာများ ဖြစ်နေမလား.."

မုဆိုးအဖွဲ့အစည်းသည် အကဲဖြတ်နေရာ ကျူးလွန်ခံရသည့် သတင်းကို ထုတ်ပြန်ခြင်း မရှိသဖြင့်

လူပေါင်းများစွာသည် မြင့်မားသော အောင်မြင်နှုန်းကြောင့် ဆွေးနွေး နေကြသည်။

လင်းဟွမ်တို့အဖွဲ့သည် လူများသော်လည်း မှတ်ပုံတင်သည့် အချိန်တွင် ကြာမြင့်ခြင်း မရှိပေ။ မုဆိုးအဖွဲ့သည် သူတို့၏ ကိုယ်ရေးကိုယ်တာ အသေးစိတ် အချက်အလက်များကို မှတ်တမ်း တင်ထားခဲ့သည်။

သူတို့ လုပ်ရမည့်အရာမှာ အသစ် အသစ်သော အကြောင်းအရာများကို တင်ပေးရန်သာ ဖြစ်သည်။ ထို့ကြောင့် ၁၀ စက္ကန့်ပင် မကြာခဲ့ချေ။ မှတ်ပုံတင်

ပေးသော ကောင်တာ (၃) ခုရှိနေသဖြင့် လျင်မြန်စွာ ဆောင်ရွက် နိုင်ခဲ့သည်။

လင်းဟွမ်သည် တန်းစီရန် (၁ဂ) မိနစ်ပင် မကြာခဲ့ပေ။ သူ့နာမည်ကို စာရင်း သွင်းသည့်လူက လှမ်းခေါ်သောကြောင့် သွားလိုက်သည်။

"ဇွန်လမှာ စာရင်းသွင်းတုန်းက မင်းက သံအဆင့်တောင် မရောက်သေးဘူး။ အခု ဒီဇင်ဘာလမှာ မင်းရဲ့ တိုက်ခိုက်ရေး အဆင့်က ငွေအဆင့် (၁) ဖြစ်နေပြီ။ ပြောချင်တာက ငွေအဆင့် တက်လှမ်းဖို့ ဖလပဲ အချိန် ယူခဲ့ရတယ် ဟုတ်လား.."

ထိုလူသည် မယုံကြည်နိုင် ဖြစ်နေသည်။ သူမ မသိခဲ့သည်မှာ လင်းဟွမ်က စမ်းသပ်မှုအတွင်းတွင် သူ့ခွန်အားကို ထိန်ချုန် ထားခဲ့သေးသည်။ ထိုလူ ပြောခဲ့သော စကားကို ခန်းမ ထဲရှိ လူအားလုံး ကြားလိုက်ကြပြီး လင်းဟွမ်ကို လှည့်ကြည့် လာကြသည်။

သာမန် လူတစ်ယောက်မှ ငွေအဆင့်ကို (၆) လအတွင်း တက်လှမ်းခြင်းသည် ကြောက်စရာ ကောင်းလွန်းသည်။

အဆင့်မြင့် ကံကြမ္မာ စွမ်းရည် ကျင့်စဉ် လေ့ကျင့်ခဲ့ကြသော ပါရမီရှင်များပင် သံအဆင့် ကံကြမ္မာ စွမ်းအားကို ဖြည့်သွင်းပြီး ကံကြမ္မာ စက်ဝိုင်း တစ်ခုကို ကံကြမ္မာ စွမ်းအား ပြည့်စွားစေရန် အနည်းဆုံး တစ်လ အချိန်ယူရမည်။ စက်ဝိုင်း (၃) ခုအတွက် ဆိုလျှင် အနည်းဆုံး (၃) လ အချိန် ယူရမည်။ ထို့အပြင် ကံကြမ္မာ စွမ်းအား တည်ငြိမ်စေရန် အနည်းဆုံး နှစ်လခန့် အချိန် ယူရသည်။ ထို့ကြောင့် ကြေးအဆင့် (၁) သို့ အဆင့် တက်ရန် (၆)လ နီးပါး ကြာမြင့်လိမ့်မည်။

ကြေးအဆင့်သို့ ရောက်သောအခါ သူတို့၏ ကံကြမ္မာစွမ်းအား ဖြည့်သွင်းမှု အမြန်နှုန်းသည် သံအဆင့်ကို မရောက်ခင် အချိန်ကထက် (၃) ဆ နှေးကွေးသွားမည်။ ကံကြမ္မာ တည်ငြိမ် သွားစေရန် အနည်းဆုံး နှစ်လ ထပ်စောင့် ရအုံးမည်။ ထို့ကြောင့် ကံကြမ္မာစွမ်းအား စက်ဝိုင်း (၃) ခုကို ဖြည့်သွင်းရန် အနည်းဆုံး (၉) လ ကြာလိမ့်မည်။ ထို့အပြင် ကြေးအဆင့်တွင် အဆင့်တစ်ဆင့် တက်ရောက်တိုင်း အနည်းဆုံး (၆) လ အချိန်ယူရမည်။ ဒါသည် အဆင့်မြင့် ကံကြမ္မာ စွမ်းရည် ကျင့်စဉ်များကို လေ့ကျင့် ထားကြသော လူများ ဖြစ်သည်။

လူအနည်းစုက တစ်နှစ်နှင့် ခြောက်လ အချိန်ယူရပြီး အများစုက နှစ်နှစ်ကျော် အချိန် ယူခဲ့ရသည်။ သို့သော် လင်းဟွမ်က (၆) လ သာ အချိန် ယူခဲ့ရသည့် အကြောင်းကို ကြားလိုက်ရင် လူတိုင်း အံ့အား သင့်နေကြသည်။

"ဟုတ်တယ်.."

လင်းဟွမ်က သေချာစွာ ခေါင်းညိတ် ပြလိုက်သည်။

"ဒါဆို မင်းရဲ့ ပဟေဠိဆန်တဲ့ လေ့ကျင့်မှု အရှိန်ကို စီမံခန့်ခွဲသူတွေထံ ငါ အစီရင်ခံရမယ်..

မင်းရဲ့စွမ်းဆောင်ရည်ကို တစ်ယောက်ယောက် အကဲဖြတ်လိမ့်မယ်..”

ထိုလူက လင်းဟွမ်ကို ပြောသည်။ လင်းဟွမ် လှည့်စားနေမည်ကို သူမက စိုးရိမ် နေသည်။ ထိုကဲ့ သို့ ဖြစ်သွားပါက ချမှတ်မည့် ပြစ်ဒဏ်သည် ကြောက်စရာ ကောင်းနေလိမ့်မည်။

“သေချာတာပေါ့..”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ ထိုလူက ဘာကိုဆိုလိုလဲ ဆိုသည်ကို သူသိသည်။

"ဘာမှ မရှိတော့ရင် ငါ သွားတော့မယ်.."

[......................................]

လင်းဟွမ် လက်ခါလိုက်ပြီး သူမ၏လက်ကို ဝှေ့ယမ်းလိုက်သည်။

"နောက်တစ်ယောက်.."

# အခန်း(၁၈၂) – သုံးသပ်ချက် နောက်တစ်ခုကို ဖြတ်သန်းခြင်း

လင်းဟွမ်က မုဆိုးအဖွဲ့အစည်း ခန်းမထဲသို့ လမ်းလျှောက်လာစဉ် မူလန်က တားလိုက်သည်။

"ခေါင်းဆောင် စာစစ်မှူး မူ၊ တစ်ခုခု မှားလို့လား.."

လင်းဟွမ်က ထူးဆန်းသည်ဟု ထင်နေသည်။

"မှတ်ပုံတင်တဲ့သူပြောတာ အမှန်လား။ သာမန်လူ တစ်ယောက်ကနေ ငွေအဆင့်ကို (၆) လအတွင်း အဆင့်တက်ခဲ့တာလား"

မူလန်က လိုရင်း တန်းမေးလိုက်သည်။

"အမှန်ပါ.."

လင်းဟွမ်သည် အဖွဲ့အစည်းထဲတွင် စာရင်းသွင်းပြီးနောက် သူ့ကိုယ်သူ ဖုံးကွယ်ထားစရာ အကြောင်းမရှိဘူးဟု တွေးလိုက်မိသည်။

“မင်းက ဘယ်လို ကံကြမ္မာစွမ်းရည် ကျင့်စဉ်မျိုးကို လေ့ကျင့်ခဲ့တာလဲ။ အချိန်တိုအတွင်းမှာ အဆင့်တက်အောင် ဘယ်လို လုပ်ခဲ့တာလဲ။ မင်းလေ့ကျင့်ထားတဲ့ဟာက အဆုံးစွန် ကံကြမ္မာ စွမ်းရည်ကျင့်စဉ် ဆိုရင်တောင် အဲ့ဒီလို လုပ်နိုင်ဖို့ မဖြစ်နိုင်ဘူးလို့ ငါထင်တယ်။ ငါ့ကိုယ်ငါ ပါရမီရှင်တစ်ယောက်လို့ တွေးထားတယ်။ ဒါပေမယ့် ငါတောင် ငွေအဆင့်ရောက်ဖို့ တစ်နှစ် အချိန်ယူခဲ့ရတယ်”

မူလန်က သူမ၏ လေ့ကျင့်မှု အမြန်နှုန်းကို ထုတ်ပြောလိုက်သည်။

“ငါက စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်တယ်”

လင်းဟွမ်က မူလန်ကို ပြုံးပြီးကြည့်လိုက်သည်။

“စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ရဲ့ အစောပိုင်း အဆင့်တွေက အဆင့်မြင့် ကံကြမ္မာစွမ်းရည် ကျင့်စဉ်ကိုတောင် မယှဉ်နိုင်ဘူး။ အခု မင်းက ဘယ်အဆင့် ရောက်ပြီလဲ”

"အဆင့် (၆)"

လင်းဟွမ်က လိမ်လိုက်သည်။

"မင်းက (၆) လအတွင်း စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့် (၆) ထိရောက်အောင် လေ့ကျင့်ခဲ့တာလား။ မင်းက တကယ့် ပါရမီရှင်ပဲ.."

မူလန်သည် လင်းဟွမ်က (၆) လအတွင်း စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့် (၆) အထိ ရောက်သွားခြင်းမှာ မယုံနိုင်စရာ ကောင်းသည်ဟု ထင်နေသည်။ အချို့လူများသည် အဆင့် (၅) ရောက်ရန်ပင် (၁၀) နှစ်ကျော်ခန့် ပေးဆပ်ရသည်။

လင်းဟွမ်သည် စကားမပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။

မူလန်က သူ့ကို ပြောလိုက်သည်။

“မင်းကို အထူးလေ့ကျင့်မှုထဲ ပါနိုင်အောင် ငါ ထောက်ခံပေးမယ်”

“အထူး လေ့ကျင့်မှုလား။ ဒါက သီးသန့် လက်မှတ်နဲ့ ဆင်တူတာလား..”

လင်းဟွမ်သည် ဤကဲ့သို့ ကိစ္စမျိုးကို ပထမဆုံး အကြိမ် ကြားဖူးခြင်းပင်။

“ဒါပေါ့.. သီးသန့်လေ့ကျင့်မှုက မုဆိုးအကဲဖြတ်မှုမှာ မပါဝင်ရသေးတဲ့ လူတွေအတွက်ပဲ။ ပုံမှန် မုဆိုးတစ်ယောက်ဖြစ်လာဖို့ နည်းလမ်းတွေအများကြီး ရှိတယ်။ ဒါပေမယ့် အထူးလေ့ကျင့်မှုက မုဆိုးအဖွဲ့အစည်းက ပေးတဲ့ အထူးလက်မှတ်တစ်ခုပဲ။”

“ ဝင်ခွင့်ရတဲ့လူ အားလုံးကလည်း ပါရမီရှင်တွေပဲ။ အရင်းအမြစ် အများကြီး ပေးရုံတင် မဟုတ်ဘူး သူတို့ရနိုင်တဲ့ သတင်းအချက်အလက် တွေကလည်း

သန့်ရှင်းမီးလျှံ အဆင့်မှာ ရှိတဲ့ အမှုဆောင်အရာရှိတွေနဲ့ အတူတူပဲ”

မူလန်က အသေးစိတ် ရှင်းပြလိုက်သည်။

“ဒီကိစ္စကို တစ်ခါမှ မကြားဖူးဘူး”

လင်းဟွမ်သည် မူလန်က လိမ်ညာလိမ့်မည်ဟု မထင်ပေ။ မကြားဖူးသောကြောင့် သိချင်စိတ်ဖြင့်သာ မေးလိုက်ခြင်း ဖြစ်သည်။

"ဒါက ပုံမှန်ပဲ။ အပြင်လူ မဆိုထားနဲ့ မုဆိုး အဖွဲ့အစည်းထဲမှာတောင် ရှေ့အဆင့်မုဆိုး အထက်ကလူတွေပဲ သိတယ်"

မူလန်က ပြုံးပြီး ပြောလိုက်သည်။

"ဒါက အမှန်ဆို တော်တော်လေး ကန့်သတ်ချက်များမှာပဲ။ မင်းက ငါ့ကို ထောက်ခံ ပေးရင်တောင် ငါက သေချာပေါက် မရနိုင်ဘူး။ ငါပြောတာ မှန်တယ် မဟုတ်လား"

လင်းဟွမ်ကည် အစောပိုင်း ကတည်းက သူ့ကို ထောက်ခံခဲ့ဖူးကြောင်း မသိခဲ့ပေ။ နောက်ဆုံးအဆင့် ပြန်လည် သုံးသပ်မှုတွင် အငြင်းခံခဲ့ရခြင်းပင်။

"တကယ်တော့ ကန့်သတ်ချက် ရှိတယ်။ တစ်နှစ်မှာ သုံးသပ်ချက် ပေးနိုင်တဲ့လူက အဖွဲ့ခွဲ (၇) မှာဆိုရင် (၄) ယောက်ထက် နည်းတယ်။ ခွင်းချက် ရှိရင်တောင် (၆) ယောက်ထက် မပိုဘူး။ ငါတင်ပြတဲ့ ထောက်ခံမှုက သုံးကြိမ်တော့ ပြည့်သွားပြီ။ သုံးသပ်ချက်က ပထမ (၂) ဆင့်မှာ လွယ်ပေမယ့် နောက်ဆုံးအဆင့်မှာ အမှုဆောင်အရာရှိ (၁၂)

ယောက်ကို ဖြတ်သန်းရမှာဖြစ်လို့ လွယ်တော့ မလွယ်ဘူး။ အဲ့ထဲက တစ်ယောက်ယောက် သဘောမတူတာနဲ့ သုံးသပ်ချက်ကို အငြင်း ခံရမယ်လို့ ငါယုံတယ်”

မူလန်က လင်းဟွမ်ကို အခိုင်အမာ ပြောလိုက်သည်။

“ဒါဆိုလည်း မင်းကို ကြိုပြီး ကျေးဇူးတင် လိုက်မယ်။ မင်းကို ကျေးဇူးတင်တဲ့အနေနဲ့ ညစာ ဒကာခံပါ့မယ်..”

လင်းဟွမ်က ပြောလိုက်သည်။

လင်းဟွမ်သည် သုံးသပ်မှု အောင်မြင်နိုင်လိမ့်မည် မဟုတ်ဟု ထင်နေသော်လည်း မူလန်၏ ကြွင်နာသော ရည်ရွယ်ချက်ကို မငြင်းပယ်လိုပေ။

“ငါက မိုးအခြေအနေကို စောင့်ကြည့်ရဦးမယ်။ လုပ်စရာရှိနေလို့ မှတ်ပုံတင်ပြီးတာနဲ့ အိမ်ပြန်တော့မယ်..”

မူလန်က ပြုံးပြီးပြောလိုက်သည်။

“ဒါပေမယ့် မင်းအတွက် မှတ်ပုံတင်တာက ဒီနေ့တင် ပြီးတယ်။ အဲ့ဒီအတွက် စိတ်မပူနဲ့..”

"ကောင်းပြီလေ။ ဒါဆိုလည်း မင်းအားတဲ့အချိန် ပြောလိုက်ပေါ့"

လင်းဟွမ်က ပခုံးတွန့်ပြီး ပြန်ပြောလိုက်သည်။

"ဒါဆိုလည်း ညစာကို ရွှေ့ထားလိုက်မယ်.."

"သေချာတာပေါ့။ နောက်တစ်ခေါက် ပြန်တွေ့မှပဲ ထပ်ပြောကြမယ်.."

မူလန်က ခေါင်းညိတ်လိုက်သည်။

"အော် ဟုတ်ပြီ။ မင်းက ဘယ်တော့ အိမ်ပြန်မှာလဲ"

“လက်မှတ် မဝယ်ရသေးဘူး။ သဘက်ခါကျမှ ကြိုတင်လက်မှတ် ဝယ်ရမယ်။ တကယ်လို့ မရဘူးဆိုရင် နောက် တစ်ပတ်အထိ စောင့်ရအုံးမယ်”

လင်းဟွမ်သည် ရက်ချိန်းက နီးကပ်နေသောကြောင့် လက်မှတ် ရနိုင်လိမ့်မည်ဟု မထင်ပေ။

“မင်း အခုပဲ ဖုန်းဆက်ကြည့်လိုက်။ မင်းဘက်က ကြိုတင်လက်မှတ် ဝယ်လို့မရရင် ငါလုပ်ပေးမယ်”

မူလန်က လင်းဟွမ်ကို ကူညီရန် အစပြုပြီး ပြောလိုက်သည်။

"အဆင် ပြေပါတယ်။ အကဲဖြတ်မှုက စောပြီးသွားတော့ နှစ်သစ်မကူးခင် တစ်ပတ်လောက် အလို ထွက်သွားနိုင်ရင်တောင် အဆင်ပြေပါတယ်.."

လင်းဟွမ်က ငြင်းလိုက်သည်။

"ကဲ ငါ စစ်ကြည့်လိုက်အုံးမယ်.."

ထို့နောက် မူလန်သည် နတ်ဆိုးသလင်းကျောက် အာကာသယာဉ်၏ လက်မှတ်မျက်နှာပြင်ကို ဖွင့်ပြီး ရှာကြည့်လိုက်သည်။ အကဲဖြတ်မှု အတွင်းတွင် လင်းဟွမ်၏ ကိုယ်ရေးကိုယ်တာ အသေးစိတ် အချက်အလက်များ ရရှိထားသောကြောင့်

စက္ကန့်ပိုင်းအတွင်းမှာပင် သူမ ရှာဖွေသော အာကာသယာဥ်၏ အချိန်ဇယားကို တွေ့လိုက်သည်။

သို့သော်လည်း အာကာသယာဥ်တွင် ကြိုတင်လက်မှတ်များ ကုန်နေကြောင်း လင်းဖွမ်က ဘေးမှမြင်နေရသည်။

“ဒါဆိုလည်း နောက်တစ်ပတ်အတွက် လက်မှတ် ယူလိုက်မယ်”

“ရတယ်.. VIP အခန်းအလွတ်တွေ ရှိသေးတယ်”

ထို့နောက် မူလန်က လက်မှတ်မှာလိုက်သည်။

(၃) စက္ကန့် အတွင်းမှာပင် လင်းဟွမ်၏ အင်ပါယာနှလုံးသား လက်စွပ်ထဲသို့ လက်မှတ် ပေးပို့လာသည်။

လင်းဟွမ် ဆွံ့အနေသည်။

"မင်းဆီ ပိုက်ဆံ ပြန်လွှဲပေးမယ်။ မင်းရဲ့ အကောင့်အသေးစိတ်ကို ငါ့ဆီ ပို့ပေးလိုက်ပါ"

"အဲ့ဒီလို လုပ်စရာမလိုဘူး။ အစောပိုင်းတုန်းက ငါ့ကြောင့် မင်း ရှားယုလက်ထဲမှာ သေမလို ဖြစ်သွားတယ်။ အဲဒီလို လုပ်မိတဲ့အတွက်

တောင်းပန်တဲ့အနေနဲ့ ငါက ပေးလိုက်တယ်လို့ပဲ သတ်မှတ်လိုက်ပါ”

မူလန်သည် သူမစိတ်ထဲမှ အတွေးများကို ထုတ်ပြောပြီးနောက် နောက်လှည့်ကာ မုဆိုးခန်းမဘက်သို့ ဦးတည် ထွက်သွားသည်။

လင်းဟွမ်သည် အံ့အားသင့်နေပြီး သူရပ်နေသော နေရာမှာပင် ငေးပြီး ကျန်ရစ်ခဲ့သည်။

သူက ပိုက်ဆံပေးလျှင်ပင် မူလန်က ယူမည် မဟုတ်ကြောင်း သိနေသည်။ ထို့နောက် ခေါင်းခါပြီး ဟိုတယ်သို့ ထွက်သွားသည်။

ပိုင်မင်း ပလာဇာအနီးတွင် လင်းဟွမ်က ဟိုတယ်အခန်းကို ကြိုမှာထားသည်။ ထိုနေရာသည် နတ်ဆိုးသလင်းကျောက် အာကာသယဉ် ရပ်နားမည့် နေရာနှင့် နီးကပ်သည်။

ဟိုတယ်အခန်းထဲတွင် လင်းဟွမ်သည် ဆိုဖာပေါ် ထိုင်နေကာ သူ့လက်ထဲမှ ကတ်နှစ်ကတ်ကို စိုက်ကြည့်နေသည်။

ရှားပါး မွန်းစတားကတ် နှစ်ကတ်ဖြစ်ပြီး တစ်ခုမှာ မျက်လုံးတစ်ဖက် ခါးမိစ္ဆာကာ နောက်တစ်ခုသည် အလက်ဇန္ဒြား လင်းယုန်ကတ် ဖြစ်သည်။

သူ့လက်ထဲတွင် မော်ကွန်းကတ်အဖြစ် အဆင့်မြင့်တင်ရန် လုံလောက်သော အဆင့်တက်ကတ် (၅)ကတ် ရှိနေသည်။

လင်းဟွမ်သည် မျက်လုံးတစ်ဖက် ခါးမိစ္ဆာကို မော်ကွန်းအဆင့်သို့ မြှင့်တင်လိုက်ပါက တမူထူးခြားစွာ အားကောင်း လာလိမ့်မည်ဟု ယူဆသောကြောင့် အဆင့်မြှင့်တင်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် လင်းဟွမ်သည် သူ့ထံတွင် ပျံ့သန်းနိုင်သော မွန်းစတားတစ်ကောင်သာ ရှိနေသလို

အလက်ဇန္ဒြား လင်းယုန်ကို အဆင့်မြှင့်တင်ပါက သန္ဓေပြောင်းလဲခြင်း ဖြစ်လာမလား၊ မဖြစ်ဘူးလား ဆိုသည်ကို မသေချာပေ။

အဆင့်မြှင့် တင်လိုက်ပါက မကြာခဏ ထုတ်သုံး၍ မရတော့ပေ။ နှစ်ကြိမ်သန္ဓေပြောင်း မွန်းစတား ဆိုသည့် မြင်ကွင်းသည် ကြီးမားသော မြင်ကွင်းတစ်ခု ဖြစ်သည်။ ဒါသည် လင်းဟွမ် အဆင့်မြှင့်တင်ရန် တွေဝေနေရသော အကြောင်းအရင်း ဖြစ်သည်။

အကယ်၍ နတ်ဆိုးလေးကျွန်းပေါ်သို့ ဒိဋ္ဌိများ ကျူးကျော်လာသည့် အချိန်၌ လင်းဟွမ်သည် ထိုကဲ့သို့ အဆင့်မြှင့်တင်ထားပါက ပစ်မှတ် ဖြစ်သွားလိမ့်မည်။

ထို့နောက် ကတ်နှစ်ခုကို သိမ်းလိုက်ပြီး မော်ကွန်းအဆင့် မွန်းစတားကတ်ကို ထုတ်ယူလိုက်သည်။

ဒါသည် သွေးရဲရဲလေးဟု နာမည်ပေးထားသော အဝါရောင် ပန်းနွယ်နတ်ဆိုး ဖြစ်သည်။

မော်ကွန်းအဆင့် မွန်းစတားကတ် ဖြစ်သော်လည်း ယခုအခါတွင် မျှော့မျိုးစေ့နှင့် အကြွင်းမဲ့ထိန်းချုပ်ခြင်း ဟူသော စွမ်းရည်နှစ်ခုသာ ရှိနေသည်။

ထို့အပြင် မဖွံ့ဖြိုးသေးသော စွမ်းရည် (၃) ခုလည်း ကျန်နေသေးသည်။ ဒါသည် ငွေအဆင့်(၃)သို့ ရောက်သော်လည်း အဆင့်မြှင့်တင် လိုက်ပါက မည်ကဲ့သို့ ဖြစ်လာမလဲ ဆိုသည်ကို လင်းဟွမ်လည်း မသိပေ။

လင်းဟွမ်သည် မျက်လုံးတစ်ဖက် ခါးမိစ္ဆာနှင့် အဝါရောင် ပန်းနွယ်နတ်ဆိုးတို့ကို အဆင့်

မြှင့်တင်ပြီးပါက စွမ်းရည်များကို တစ်ပြိုင်နက် ထုတ်ယူရန် စိတ်ကူးထားသည်။ မည်သို့ပင် ဆိုစေကာမူ မော်ကွန်းအဆင့်တွင် ရှိနေသော မွန်းစတားကတ်၏ စွမ်းရည်သည် အခြား မွန်းစတားကတ်များ၏ စွမ်းရည်ထက် ပို၍ အစွမ်းထက်လိမ့်မည်။

လင်းဟွမ်သည် ကိစ္စအချို့ကို တွေးတောပြီးနောက် ကတ်ကို ပြန်လည်သိမ်းဆည်းကာ သူ၏အင်ပါယာ နှလုံးသား လက်စွပ်ထဲမှ ပြက္ခဒိန်ကို ဖွင့်ကြည့်လိုက်သည်။ ဒီဇင်ဘာလ (၂၂) ရက်နေ့

ရောက်ရန် တစ်လ လိုသေးသည်။ ထိုတစ်လ အတွင်း၌ လင်းရှင်၊ လင်းရှမ်တို့နှင့် အတူ အချိန်ဖြုန်းပြီး သူ၏ ကံကြမ္မာစွမ်းအားကို တည်ငြိမ်အောင် လုပ်ရန် စိတ်ကူးလိုက်သည်။

လင်းဟွမ်သည် ပိုင်ရှမ်မြို့တွင် နေထိုင်ခဲ့သော နှစ်ရက်အတွင်း၌ အချိန် အများစုကို လမ်းလျှောက်ခြင်း၊ အမှတ်တရ ပစ္စည်းများ ဝယ်ယူခြင်း၊ ညဘက် (၃) နာရီမှ (၄) နာရီအထိ စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်များကို လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့သည်။

လင်းဟွမ်သည် ထိုနှစ်ရက်အတွင်း၌ သူ့ကြောင့် လူတစ်ယောက်က ခေါင်းကိုက်နေကြောင်း မသိခဲ့ပေ။

အမှုဆောင်အရာရှိ ရှထိုက်ယုသည် လင်းဟွမ်နှင့် ပတ်သက်သော ဒုတိယထောက်ခံချက်ကို ရရှိသော အချိန်တွင် ညစာ စားနေခဲ့သည်။ မက်ဆေ့ကို လျစ်လျူရှုရန် စီစဉ်ခဲ့သော်လည်း ပေးပို့သူမှာ မူလန်ဖြစ်နေသောကြောင့် တွေဝေ သွားပြီးနောက် တစ်ချက်ကြည့်လိုက်သည်။

မက်ဆေ့ချ်ထဲတွင် လင်းဟွမ်၏ အကြောင်းအရာအမျိုးမျိုးကို ဖော်ပြထားသည်။ မူလန်သည် လင်းဟွမ်၏ ကြောက်စရာကောင်းသော အဆင့်တက်အမြန်နှုန်း၊ ဆင့်ခေါ်နိုင်သော မွန်းစတားများ အကြောင်းကို ပြောပြရုံသာမက ဒိဋ္ဌိများ ကျူးကျော်ခဲ့စဉ်တွင် လင်းဟွမ်က မည်သို့မည်ပုံ ကူညီခဲ့သည့် အကြောင်းကိုပင် ရှင်းပြထားခဲ့သည်။

ရှထိုက်ယုသည် မက်ဆေ့ချ်ကို ဖတ်ပြီးနောက် အံ့အားသင့်သွားသည်။ မူလန်က ဒိဋ္ဌိများကို

ရှာတွေ့ခဲ့သည်ဟု ထင်နေခဲ့သည်။ လင်းဟွမ်ကြောင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မသိခဲ့ပေ။

'ဒီကောင်လေး ကြည့်ရတာ လေ့ကျင့်ရေးနဲ့ တောင်တောင်လေး သင့်တော်နေတယ် ထင်တယ်။ ငါသူ့ကို လျှော့တွက်မိပြီ..'

ရှထိုက်ယုသည် မျက်မှောင် ကြုတ်လိုက်ပြီး ..

'ဒါပေမယ့် အမှုဆောင်အရာရှိ အားလုံးက အတွေ့ကြီးတဲ့ ရှေးရိုးစွဲတွေပဲ။ သူတို့ ငြင်းပယ်ခဲ့တဲ့လူကို ပြန်မထည့်နိုင်ဘူး။ အထူးသဖြင့် လူအိုကြီးလီ ပဲ..'

"အဖေ.. ညစာ စားရအောင်"

ပိန်ပိန် ပါးပါး လူလတ်ပိုင်းအမျိုးသား တစ်ယောက်သည် ရှာထိုက်ယု၏ အခန်းတံခါးကို လာခေါက်လိုက်သည်။

"အင်း.. ငါ မကြာခင် လာခဲ့မယ်"

ရှထိုက်ယုက ခေါင်းညိတ်လိုက်သည်။

တံခါးနားက အမျိုးသားသည် လင်းဟွမ်၏ ခေတ်ပုံကို မြင်လိုက်လျှင်

"ဖေဖေ.. ဒီကလေးကို ဘာလို့ ဒီလောက် ရင်းနှီးနေရတာလဲ"

"သူက မင်းရဲ့အကဲဖြတ်မှုထဲက တစ်ယောက်ပဲ.."

ရှထိုက်ယုက ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

"ဩော်.. ငါမှတ်မိပြီ။ သူ့နာမည်က လင်းဟွမ်လို့ ခေါ်တယ်။ သူက တခြားကောင်မလေး တစ်ယောက်နဲ့အတူ ဒုတိယ အကဲဖြတ်မှုမှာ ပေါင်းပင်သလင်းကျောက် အချက်အလက်ကို ရနိုင်ခဲ့တဲ့လူပဲ.."

လူလတ်ပိုင်း အမျိုးသားသည် ပထမအကြိမ် အကဲဖြတ်မှုတွင် ဦးဆောင် စစ်ဆေးခဲ့သော ရှကျောင်းပင် ဖြစ်သည်။

"အိုး တကယ်လား.."

ရှထိုက်ယုသည် မျက်ခုံးပင့်လိုက်ပြီး ..

"မင်း သူ့ကို ဘယ်လိုထင်လဲ.."

"သူ့အကြောင်းတော့ သိပ် မသိဘူး။ ကျိုးလင်းဆီက သူ့အကြောင်းကြားပြီး ဒီကလေးကို ကြည့်မိတယ်။ ဒါပေမယ့် အကဲဖြတ်မှု နှစ်ခုမှာ

သူ့ရဲ့အရည်အချင်းကို ငါတို့ မစမ်းသပ်ခဲ့ကြည့်မိဘူး ဆိုတော့ သူ့ရဲ့အစွမ်းအစက ဘယ်လိုရှိမလဲဆိုတာ မသိဘူး။ သိချင်ရင် ကျန်တဲ့အကဲဖြတ်မှုမှာ တာဝန်ယူထားတဲ့ အကဲဖြတ်သူ နှစ်ယောက်က စစ်ဆေးထားတဲ့ ဗီဒီယိုဖိုင်ကို ကြည့်ရလိမ့်မယ်”

ရှကျင်းပင်က ရိုးသားစွာ ပြောလိုက်သည်။

“ငါ့မှာ ဦးဆောင်စစ်ဆေးသူ နောက်နှစ်ယောက်ရဲ့ တင်ပြချက်တွေ ရှိသေးတယ်”

ရှထိုက်ယုက အနေရခက်စွာ ပြုံးလိုက်သည်။

"ဒီကလေးက ဘာဖြစ်လို့လဲ။ ဒုက္ခပေးလို့လား၊ ပြဿနာ ရှာလို့လား"

ယခုမူ ရှကျင်းပင် သိချင်လာသည်။

"သူက ဘာပြဿနာမှ မရှာဘူး။ စစ်ဆေးသူ နှစ်ယောက်စလုံးက သူ့ကို အထူးလေ့ကျင့်မှုထဲမှာ စာရင်းထည့်ပေးဖို့ ထောက်ခံ ထားတယ်။ ဒီကောင်လေးက တကယ့်ကို တစ်ခုခုပဲ။ ဒါပေမယ့် အရမ်းဆိုးတယ်"

"ကောင်းတာ ဆိုးတာက သူ့ကိစ္စပါ ဖေဖေ။ မင်းလုပ်နိုင်မယ် ထင်ရင် နောက်ဆုံးသုံးသပ်ချက် အဆင့်ကို တင်ကြည့်လိုက်ပေါ့"

ရှကျင်းပင်သည် ဒါက လွယ်ကူသောအလုပ်ဟု တွေးလိုက်သည်။

"ငါက သူ့ကိုထောက်ခံဖို့ တစ်ခါ အကြံပေးဖူးတယ်။ နောက်ဆုံးအဆင့် သုံးသပ်ချက်မှာ ပယ်ချခံရတယ်"

ရှထိုက်ယုက ခေါင်းခါလိုက်သည်။

"အဖေက ဒုတိယတစ်ကြိမ် တင်သွင်းရင် အမှုဆောင် အရာရှိတွေက အဖေ့ကို အပြစ်ရှာတယ်လို့ ထင်သွားမှာ စိုးရိမ်နေတာလား"

ရှကျင်းပင်သည် သူ့အဖေ စိုးရိမ်နေသော =အဖြေကို ရှာတွေ့လိုက်သည်။

"သူရဲ့အချက်အလက်တွေ၊ စာရွက်စာတမ်းတွေ၊ ငါကြည့်လို့ ရမလား"

"ရတာပေါ့.."

ရှထိုက်ယုသည် ခေါင်းညိတ်ပြီး ဦးဆောင်စစ်ဆေးသူနှစ်ယောက် ပေးပို့ခဲ့သော စာရွက်စာတမ်းအားလုံးကို ထုတ်ပြလိုက်သည်။

ရှကျင်းပင်သည် စာရွက် စာတမ်းများကို ဖတ်ပြီးနောက် အလေးအနက် ပြောလိုက်သည်။

"ဒီလို ပါရမီရှင်ကို လက်လွှတ် မခံသင့်ဘူး။ တခြားအဖွဲ့အစည်းက ခေါ်သွားရင် ငါတို့ပဲ လက်လွှတ် ဆုံးရှုံးရလိမ့်မယ်"

"အဲ့ဒါကို ငါလည်းသိတယ်။ ဒါပေမယ့် အခုလက်ရှိ ပြဿနာက နောက်ဆုံး သုံးသပ်ချက်ကို မအောင်တဲ့အချက်ပဲ"

ရှကျင်းပင်သည် ကူကယ်ရာမဲ့စွာ ခေါင်းညိတ်ပြလိုက်သည်။

"ငါက လူအိုကြီးလီကိုပဲ စိတ်ပူတယ်.."

ပြဿနာက ဘာလဲဆိုသည်ကို ရှကျင်းပင် သိနေသည်။

ရှထိုက်ယုသည် တစ်ခွန်းမှ မပြောပေ။

"အဖေ စိုးရိမ်နေရင် ဖြေရှင်းချက်တစ်ခု ရှိတယ်"

ရှကျင်းပင် က ပြုံးလိုက်သည်။

"ဘာလဲ.."

ရှထိုက်ယုက မျက်ခုံးပင့်သွားပြီး ပြန်မေးလိုက်သည်။

"စစ်ဆေးရေးမှူး မူလန်ရဲ့မိသားစုက မစ္စတာဖူးနဲ့ နီးစပ်တယ်။ စာရွက်စာတမ်းတွေကို မစ္စတာဖူးဆီ ပို့ခိုင်းလိုက်ပါလား။ မစ္စတာဖူး နဲ့ လူအိုကြီးလီတို့

စကား ပြောလိုက်တာနဲ့ ပြဿနာက ပြေလည်သွားလိမ့်မယ်”

ရှကျင်းပင်က အကြံ ပေးလိုက်သည်။

“ဒါပေမယ့် မစ္စတာဖူးက လင်းဟွမ်ကို သူ့ဘာသာသူ လိုချင်သွားရင် ဘယ်လိုလုပ်မလဲ”

ရှထိုက်ယုသည် ဤအကြံဉာဏ်က ကောင်းသော အဖြေ ဟုတ်၊ မဟုတ် မသေချာပေ။

“မစ္စတာဖူးက အငြိမ်းစားယူခဲ့တာ အနှစ် (၃၀) ကျော်နေပြီ။ ဒီ နှစ် (၃၀) အတွင်းမှာ ပါရမီရှင်တွေ

ဘယ်လောက်တောင် ထွက်ပေါ်ခဲ့လဲ။ သူက တစ်ယောက်မှ မယူခဲ့ပါဘူး”

ရှကျင်းပင်သည် သူ့အဖေက မလိုအပ်ဘဲ စိုးရိမ်နေသည်ဟု ထင်နေသည်။

“ကောင်းပြီလေ.. ဒါဆိုလည်း မှူမိသားစုဆီ စာရေးလိုက်မယ်..”

သူ့စားပွဲသို့ လမ်းလျှောက်သွားစဉ် အမျိုးသမီး တစ်ဦးက လမ်းလျှောက်ဝင်လာပြီး

"ညစာစားဖို့ စောင့်နေတာ နှစ်ယောက်လုံး ဘာတွေ ပြောနေကြတာလဲ။ ဟင်းတွေ အေးကုန်ပြီ.."

"အေး အေး။ ငါ လာခဲ့မယ်"

ရှထိုက်ယုက အဆက်မပြတ် ခေါင်းညိတ်ပြနေစဉ် ရှကျင်းပင်က ရယ်မောနေသည်။

# အခန်း(၁၈၃) – ထူးဆန်းသော စိတ်နေသဘောထား။

မူလန်သည် ရှထိုက်ယု၏ ထူးဆန်းသော ပြန်စာကို တွေ့လိုက်ရသည်။

ရှထိုက်ယုက လင်းဟွမ်၏ စာရွက်စာတမ်းများကို ဘာကြောင့် မစ္စတာဖူးထံ ပို့ခိုင်းရလဲ ဆိုသည်ကို သူမမသိပေ။ သို့သော်လည်း နောက်ပိုင်းတွင် စာရွက်စာတမ်းများနှင့်အတူ သင့်လျော်သော စာတစ်စောင်ရေးပြီး မစ္စတာဖူးထံ ပို့ပေးလိုက်သည်။

မစ္စတာဖူးသည် မက်ဆေ့ချ်ကို လက်ခံရရှိသော အချိန်၌ ဆေးတံကိုသောက်ရင်း တပြုံးပြုံးနှင့် ပင်လယ်ပြင်တွင် ငါးမျှားနေခဲ့သည်။

မိုးကုတ် စက်ဝိုင်းပေါ်တွင် နေလုံးကြီးက ပုစွန်ဆီရောင် သမ်းနေသည်။

မစ္စတာဖူသည် မူလန်ထံမှ ပေးပို့လာသော စာနှင့်စာရွက်စာတမ်းများ အပြင် လင်းဟွမ် ပါဝင် လှုပ်ရှားခဲ့သော ဗီဒီယိုဖိုင်ကို ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည်။ သူက ပျော်နေလား၊ စိတ်ဆိုးနေလား ဆိုသည်ကို ပြောရန် ခက်လှသည်။

ထို့နောက် မိုးကုတ် စက်ဝိုင်းကြီးကို လှမ်းမျှော်ကြည့်ရင်း ဆေးလိပ်ဖွာနေသည်။

ခဏအကြာ အစောပိုင်းက လင်းဟွမ် ရိုက်ပေးခဲ့သော ငါးမျှားနေသည့် သူ့ဓါတ်ပုံကို ပြန်ကြည့်လိုက်သည်။ ထို့နောက် ဓာတ်ပုံထဲနှင့် တစ်ရောင်တည်း တူနေသော ပုဇွန်ဆီရောင် ရှုခင်းကိုကြည့်လိုက်ပြီး အချိန်တစ်ခုကြာအောင် မှင်သက်နေခဲ့သည်။

"ရေစက်ပဲ"

မိုးကုတ် စက်ဝိုင်းကို လှမ်းမျှော်ကြည့်ရင်း ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ မိုးကုတ် စက်ဝိုင်း၏ နေဝင်ပုံကိုကြည့်၍ တွေးတောနေစဉ် လက်ထဲမှ ငါးမျှားတံသည် လှုပ်ခါလာသည်။

"အမ်..."

မစ္စတာဖူးသည် ငါးမျှားတံကို ဆွဲတင်လိုက်သည်။ ငါးမျှားတံထိပ်တွင် ရွှေငါးတစ်ကောင် မိနေသဖြင့် မျက်ခုံးပင့်သွားသည်။

ထို့နောက် ထိုငါးသည် အာကာသယာဉ်၏ ကုန်းပတ်ပေါ်သို့ ပြင်းထန်စွာ ပြုတ်ကျသွားသည်။

ဒါသည် ရွှေရောင် ပင်လယ်ဘုရင်မ ငါးကြီးပင်။ လွန်ခဲ့သော ရက်ပိုင်းက သူမိခဲ့သော ငါးကြီးနှင့် အရွယ်အစား ဆင်တူသည်။

ပထမတွင် အံ့အားသင့်နေသော်လည်း မကြာခင် အပြုံးကြီးကြီး တစ်ခုပေါ်လာသည်။

ထို့နောက် မစ္စတာဖူသည် မုဆိုးအဖွဲ့အစည်း၏ လူအိုကြီးလီထံသို့ လင်းဟွမ်နှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များနှင့် အတူ မက်ဆေ့ချ်ပို့လိုက်သည်။

စာက တိုတိုလေးပင်။

'ဒီကလေးကို ငါ လိုချင်တယ်...'

မစ္စတာလီသည် မစ္စတာဖူးထံမှ မက်ဆေ့ချ်ကို လက်ခံရရှိသောအချိန်တွင် ရယ်စရာ ကောင်းသည်ဟု ထင်နေခဲ့သည်။

ထို့နောက် မက်ဆေ့ချ်ထဲတွင် ပါဝင်သော လင်းဟွမ်နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ကြည့်ပြီးနောက် ဇဝေဇဝါ ဖြစ်လာသည်။ လွန်ခဲ့သော ရက်ပိုင်းက အထူးလေ့ကျင့်ရေးအတွက် အငြင်း ခံခဲ့ရသော လူငယ်လေး ဖြစ်နေကြောင်း သတိရလိုက်မိသည်။

"မစ္စတာဖူး လိုချင်တဲ့ လူငယ်လေးလား။ ငါ့ရဲ့သုံးသပ်ချက်ကပဲ မှားနေတာလား"

လင်းဟွမ်၏ စာရွက်စာတမ်းများကို အချိန် အတော်ကြာအောင် စိုက်ကြည့်ပြီးနောက် ပြန် မရနိုင်တော့ကြောင်း သိလိုက်သဖြင့် သက်ပြင်း ရှည်ကြီး ချလိုက်သည်။

ထိုအချိန်တွင် မစ္စတာဖူးသည် သူ၏ဖုန်းနံပါတ် မှတ်တမ်းများမှတစ်ဆင့် လင်းဟွမ်၏ ဖုန်းနံပါတ်ကို တွေ့လိုက်သည်။ ထို့နောက် လင်းဟွမ်ထံ ဖုန်းချက်ချင်း ခေါ်လိုက်သည်။

လင်းဟွမ်သည် မစ္စတာဖူးထံမှ ဖုန်းဆက်လာသည်ကို မြင်လိုက်လျှင် ကြောင်သွားသည်။

မစ္စတာဖူး ဖုန်းဆက်သောအချိန်တွင် လင်းဟွမ်က အသားကင်ဆိုင်တွင် ငါးကင်စားနေသည်။

ဗီဒီယိုထဲတွင် မစ္စတာဖူးက သူ၏ထုံးစံအတိုင်း နွေးထွေးစွာ ပြုံးပြနေသည်။

"မင်္ဂလာ ညနေခင်းပါ မစ္စတာဖူး..."

လင်းဟွမ်က ပြုံးပြီး နှုတ်ဆက်လိုက်သည်။

"ကောင်လေး... မင်းက ငါးကင် စားနေတာလား..."

မစ္စတာဖူးသည် လင်းဟွမ်၏ စားပွဲရှေ့တွင် စားပြီးသား ငါးကင်တစ်ဝက်ကို တွေ့လိုက်သည်။

"ဟုတ်... စားပြီးပြီလား မစ္စတာဖူး..."

လင်းဟွမ်သည် မစ္စတာဖူး ဖုန်းခေါ်ဆိုရသော ရည်ရွယ်ချက်ကို မသိသော်လည်း ပြုံးပြီး ယဉ်ကျေးစွာ ပြန်ပြောလိုက်သည်။

"အို... ငါ ဘာတွေရထားလဲဆိုတာ ကြည့်ပါဦး..."

မစ္စတာဖူးက သူ့နောက်တွင် ရှိနေသော ရွှေငါးကြီးကို ပြလိုက်သည်။ မစ္စတာဖူက ဖန်သားပြင်ကို နောက်တစ်ကြိမ် လှည့်ကြည့်ပြီး...

"မင်းစားနေတဲ့ ငါးကင်ကိုမြင်တော့ ဒီနေ့ အဲ့ဒီလို လုပ်စားမယ်"

လင်းဟွမ်သည် မစ္စတာဖူး၏ ဟင်းချက်နည်းကို သတိရသွားပြီး စားချင်စိတ် တဖွားဖွား ပေါ်လာသည်။ အစစ်အမှန် အစားအသောက် မုဆိုးတစ်ယောက်၏ ချက်ပြုတ်ပုံက မမေ့နိုင်စရာပင်။

"ဟီး ဟီး ဟီး..."

မစ္စတာဖူးသည် ဗီဒီယိုထဲမှ လင်းဟွမ်၏ အမူအရာကို မြင်လိုက်သည်။

“ကောင်လေး... မင်းက ငါဟင်းချက်တာကို နောက်တစ်ကြိမ် စားချင်လို့လား”

“စား ချင်တာပေါ့ဗျာ။ မစ္စတာဖူးက ဟင်းချက် ဒီလောက်ကောင်းတဲ့ ဥစ္စာကို ဘယ်တော့မှ မမေ့နိုင်ဘူး။ ဒါပေမယ့် မနက်ဖြန် မနက်မှာ လုပ်စရာတွေ ရှိသေးလို့ စောင့်ရဦးမယ်။ စားပွဲကောင်းကောင်း တစ်ခုခုရောက်ရင် တွေ့ကြမယ်လေ”

လင်းဟွမ်က မနက်ဖြန်တွင် အာကာသယာဉ်ကို စီးရမည် ဖြစ်သောကြောင့် ခေါင်းယမ်းကာ ပြုံးလိုက်သည်။

မစ္စတာဖူးသည် လင်းဟွမ်က သူ၏ ဖိတ်ကြားချက်ကို ငြင်းပယ်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ အစောပိုင်းက လင်းဟွမ်ကို အစာနှင့် စွဲဆောင်၍ စကားပြောချင်ခဲ့သည်။ ယခုမူ သူ၏အစီအစဉ်က အလုပ် မဖြစ်တော့သဖြင့် တစ်ချက် တွေဝေသွားပြီးနောက် လိုရင်း တန်းမေးလိုက်သည်။

"ကောင်လေး... မင်း ငါ့ဆီမှာ တပည့် လုပ်ချင်လား..."

လင်းဟွမ်သည် အံ့အားသွားသည်။

မစ္စတာဖူးက မည်သူမည်ဝါ ဖြစ်ကြောင်း သေသေချာချာ မသိသော်လည်း ဒါသည် ကံကြမ္မာ ဖြစ်လိမ့်မည်ဟု ထင်နေခဲ့သည်။ ထို့အပြင် မစ္စတာဖူးက သူ၏ကံကြမ္မာစွမ်းအား တစ်ခုတည်းဖြင့် ရွှေငါးကြီးကို ဖမ်းယူနိုင်ခဲ့သည်မှာ အလွန် သဘောကျစရာ ကောင်းသည်။

လင်းဟွမ် ဆွံ့အသွားသည်ကို မြင်သောအခါ မစ္စတာဖူးက ထပ်ပြောလိုက်သည်။

"မင်း စဉ်းစားပါ... အမြန်ဆုံးတော့ ပြန်ပြောပေးပေါ့"

"မင်းက ငါ့ကို ငါးချက်နည်းရော သင်ပေးမှာလား..."

လင်းဟွမ်က မေးလိုက်သည်။

"ဒါပေါ့... သင်ပေးမယ်။ ဒါပေမယ့် မင်းရဲ့ ကံကြမ္မာစွမ်းအားကို ခွဲဖြာနိုင်အောင် မင်းက

သန့်ရှင်းမီးလျှံအဆင့်မှာ အနည်းဆုံး ရှိနေရမယ်။ သတ္တဝါတွေကို မလွတ်မြောက်ဖို့အတွက် မင်းက ဒီထက်ပိုမြင့်တဲ့အဆင့်မှာ ရှိနေဖို့ လိုအပ်တယ်”

မစ္စတာဖူးက ရှင်းပြလိုက်သည်။

“ငါ သဘောတူတယ်”

လင်းဟွမ်သည် မစ္စတာဖူး၏ တပည့်လုပ်ရန် ချက်ချင်း သဘောတူလိုက်သည်။

ဤတစ်ကြိမ်တွင် အံ့အားသင့်သွားသောသူက မစ္စတာဖူး ဖြစ်သွားသည်။ လင်းဟွမ်က သူ၏

တောင်းဆိုမှုကို ဤမျှလျင်မြန်စွာ လက်ခံလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ဒီလိုပဲလား"

"တစ်ခုခု မှားနေလို့လား..."

လင်းဟွမ်က ကြောင်သွားပြီး ပြန်မေးလိုက်သည်။

"ဒါလည်း အဆင်ပြေပါတယ်။ ဒီနေ့ကစပြီး မင်းလင်းဟွမ်က ငါ ဖူးရှင်းရှန်း ရဲ့ အလုပ်သင်ပဲ ဖြစ်လိမ့်မယ်"

မစ္စတာဖူးသည် လင်းဟွမ်က သူ၏ ဆုံးဖြတ်ချက်ကို နောင်တရ သွားမည် ကြောက်သောကြောင့် ကမန်းကတမ်း ကြေငြာ လိုက်သည်။

"တရားဝင် တွေ့ဆုံပွဲလေး ဘာလေး မရှိဘူးလား"

လင်းဟွမ်သည် သူ ဖတ်ခဲ့ဖူးသော ဝတ္ထုများထဲတွင် တပည့်များကို တရားဝင် အခမ်းအနားများ၊ ကြိုဆိုပွဲများ ပြုလုပ်ပေးသည်ကို ဖတ်ခဲ့ဖူးသည်။

"အာ... အဲ့ဒါတွေ မလိုပါဘူးကွာ။ ပွဲတစ်ခု သက်သက်ပါ။ ပကာသနတွေပါ"

မစ္စတာဖူးက အခမ်းအနားဟုခေါ်သည့် ပွဲများကို အထင်သေးပုံရသည်။

"မင်း လေ့ကျင့်နေတဲ့ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို ငါ မြင်ဖူးတယ်။ အနည်းဆုံးတော့ မင်းက အဆင့် (၇) ဒါမှမဟုတ် အဆင့် (၈) မှာ ရှိနေတယ်လို့ ပြောနိုင်တယ်"

မစ္စတာဖူးက ထိုသို့ ပြောပြီးနောက် မေးလိုက်သည်။

“မင်း ဘယ်အဆင့်ရောက်ပြီလဲ။ တကယ့်ရောက်နေတဲ့အဆင့်ကို မေးတာ”

“အဆင့် (၈)”

လင်းဟွမ်သည် မစ္စတာဖူးက သူ့ကို ဖောက်ထွင်းပြီး မြင်နိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

“မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က အခုလက်ရှိ ဘယ်အဆင့်လဲ”

မစ္စတာဖူးက ထပ်မေးသည်။

"ငွေအဆင့် (၃)"

လင်းဟွမ်က ရိုးရိုးသားသား ပြန်ဖြေသည်။

"မင်းရဲ့ အဆင့်တက်နှုန်းက ကြောက်စရာကောင်းတာပဲ။ မင်းရဲ့ ကံကြမ္မာစွမ်းအားတွေကို မှန်မှန်ကန်ကန်နဲ့ တည်ငြိမ်အောင်ထိန်းဦး။ မပျင်းနဲ့၊ အဆင့်တက်မြန်တာက ကောင်းပေမယ့် တည်ငြိမ်တဲ့ အခြေခံအုတ်မြစ် ရှိဖို့လည်း အရေးကြီးသေးတယ်"

မစ္စတာဖူးသည် လွန်ခဲ့သော ရက်ပိုင်းက အာကာသယာဉ်ပေါ်တွင် လင်းဟွမ်နှင့် ဆုံခဲ့သော

အချိန်က ကြေးအဆင့် (၃) သာ ရှိသေးကြောင်း ပြန်တွေးလိုက်မိပြီး သဘောကျသွားသည်။

"ဟုတ်..."

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"မုဆိုးအဖွဲ့အစည်းက ပေးလိုက်တဲ့ မင်းရဲ့ စာရွက်စာတမ်းတွေကို ငါ မြင်ဖူးတယ်။ မင်းမှာ သန္ဓေနှစ်ဆင့်ပြောင်း မွန်းစတားတစ်ကောင် ရှိတယ် ဆိုတာလည်း ငါသိတယ်။ မင်းက ထိန်းချုပ်သူ တစ်ယောက် ဆိုပေမယ့် မင်းရဲ့အရည်အချင်းတွေကို လျစ်လျူရှုပြီး မင်းဆင့်ခေါ်တဲ့ မွန်းစတားတွေကိုပဲ

အားကိုးနေလို့ မရဘူး။ တကယ် အစွမ်းထက်တဲ့ ဆင့်ခေါ်သူဆိုတာ သူတို့ ဆင့်ခေါ်တဲ့ မွန်းစတားတွေထက် အောက်မကျတဲ့ စွမ်းရည်မျိုး ရှိနေသင့်တယ်။ ဒီလိုမှ မဟုတ်ရင်လည်း ပိုပြီး အားကောင်းတဲ့ စွမ်းရည်မျိုး ရှိနေသင့်တယ်။ မင်းရဲ့ကိုယ်ပိုင် စွမ်းရည်က အောင်မြင်မှုရဲ့ မူလ အခြေခံဆိုတာ ဘယ်တော့မှ မမေ့နဲ့။ မင်း ဖိတ်ခေါ်ထားတဲ့ မွန်းစတားကို မင်းရဲ့ရဲဘော်ရဲဘက် အဖြစ်နဲ့ သတ်မှတ်နိုင်တယ်။ ဒါပေမယ့် သူတို့ရဲ့ ခွန်အားက မင်းရဲ့အပိုင် မဟုတ်ဘူး...”

မစ္စတာဖူးက အကြံပေးလိုက်သည်။

"နားလည်ပါပြီ ဆရာ"

လင်းဟွမ်လည်း ဤပြဿနာကို မကြားသေးခင် အချိန်ကမှ သတိပြုမိခဲ့သည်။ သူသည် အစွမ်းကြီးသော မွန်းစတားများကို ဆင့်ခေါ် နိုင်ကတည်းက သူ့ကိုယ်သူ အားကိုးမှု နည်းပါးလာခဲ့သည်။

အစောပိုင်းက ရှားယုနှင့် တိုက်ခိုက်ခဲ့သော တိုက်ပွဲထဲတွင် ပြန်လည် တိုက်ခိုက်ရန် ခွန်အား လုံး၀ မရှိခဲ့ပေ။ သူလုပ်နိုင်သည်မှာ သူ့ကို

ကာကွယ်ပေးရန် အာဏာရှင်ကို အားကိုး နေရခြင်းပင်။ ဆင့်ခေါ်သော မွန်းစတားများကို အားကိုး နေရမည့်အစား သူ့ကိုယ်သူ ပိုသန်မာ လာအောင် လုပ်ချင်သည်။

မစ္စတာဖူးသည် ဗီဒီယိုဖုန်း ပြောဆိုနေရင်း လင်းဟွမ်၏အကြောင်းကို အနည်းငယ် ပိုမို သိရှိလာကာ ရိုးရှင်းသော လမ်းညွှန်ချက်တစ်ခု ပေးလိုက်သည်။ အမှန်တကယ်ဆို တိုက်ပွဲအတွင်း လင်းဟွမ်၏ စွမ်းဆောင်မှုကို မမြင်ခင် လမ်းညွှန်ပေးရန် အစီအစဉ် လုံးဝ မရှိခဲ့ပေ။

ယခုမူ မစ္စတာဖူးသည် လင်းဟွမ်နှင့် ပတ်သက်သော အသေးစိတ် အချက်အလက် အချို့ကို သိရှိပြီးနောက် စဉ်းစားလိုက်ကာ......

"နှစ်ကုန်မှာ မင်းအတွက် တာဝန်တစ်ခု ပေးမယ်"

"ကျေးဇူးပြုပြီး ပြောပါဆရာ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"မင်းက အခုဆိုရင် သာမန်မုဆိုးတစ်ယောက် ဖြစ်သွားပြီဆိုတော့ မင်းက မုဆိုးတိုက်ပွဲ ကွင်းပြင်ထဲမှာ တိုက်ပွဲဝင်ဖို့ အရည်အချင်း

ပြည့်မီသွားပြီ။ ဒီတော့ မင်းအတွက် ငါပေးတဲ့ တာဝန်က နှစ်လအတွင်းမှာ အဖွဲ့ခွဲ (၇) မှုဆိုး တိုက်ပွဲ ကွင်းပြင်ထဲကို ဝင်ပါ။ ဆင့်ခေါ်တဲ့ မွန်းစတားတွေကို လုံးဝ မသုံးဘဲနဲ့ ငွေအဆင့် ဦးဆောင်သူစာရင်းမှာ ထိပ်ဆုံး (၁၀) ယောက်ထဲ ဝင်အောင်လုပ်။ တိုက်ပွဲကို ဗီဒီယိုမှတ်တမ်း တင်ထားဖို့ မမေ့နဲ့”

လင်းဟွမ်သည် ထိုတောင်းဆိုမှုမျိုးကို မမျှော်လင့် ထားသောကြောင့် အံ့အားသင့်သွားသည်။ ထို

အမှုအရာက သူ့မျက်နှာပေါ်တွင် အထင်းသား ပေါ်လွင်နေသည်။

အတိအကျ ဆိုရလျှင် တာဝန်သည် လုံးဝ မလွယ်ပေ။

လင်းဟွမ်သည် မုဆိုး တိုက်ပွဲကွင်းပြင်ကို တစ်ခါမှ မရောက်ဖူးသော်လည်း ထိုနေရာတွင် အစွမ်းထက်သော မုဆိုးများစွာ ရှိနေကြောင်း သူသိနေသည်။ ပုံမှန် မုဆိုးအများစုသည် ထိုတိုက်ပွဲ ကွင်းပြင်ထဲတွင် သူတို့၏ ကိုယ်ပိုင်အကောင့်များ ရှိကြသည်။

ရွှေမုဆိုး ဦးဆောင်သူ စာရင်းကဲ့သို့ပင် သူတို့၏ ကိုယ်ရေးကိုယ်တာ စွမ်းရည်နှင့် ပတ်သက်သော ကိန်းဂဏန်း အချက်အလက်များသည် မုဆိုးတိုက်ပွဲ ကွင်းပြင်တွင် ဖော်ပြပေးထားသည်။ လင်းဟွမ်သည် ဒါက စိန်ခေါ်မှုတစ်ခု ဖြစ်ကြောင်းသိသော်လည်း ကောင်းကောင်း၊ ဆိုးဆိုး လက်ခံလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ငါပြောတဲ့ နှစ်လဆိုတာက မုဆိုးတိုက်ပွဲ ကွင်းပြင်ဖွင့်တဲ့ အချိန်က နှစ်လပဲ။ ဒီကာလတွေမှာ ပိတ်ထားလို့ နှစ်သစ်ကူး အားလပ်ရက်တွေ မပါဘူး။

အားလပ်ရက်မှာ မိသားစုနဲ့အတူ အချိန်ဖြုန်းနိုင်တယ်”

မစ္စတာဖူးက ဆက်ပြောလိုက်သည်။

“ဟုတ်ပြီ ငါ့မှာ မင်းကို ပြောစရာတစ်ခု ရှိသေးတယ်။ မုဆိုးအဖွဲ့အစည်းရဲ့ အထူးလေ့ကျင့်ရေးမှာ မင်းကို စာရင်းသွင်းထားတယ်။ ဒါပေမယ့် ... ငါက မုဆိုးအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တစ်ယောက်မဟုတ်လို့ နောက်ဆုံး သုံးသပ်မှုမှာ မအောင်မြင် နိုင်ဘူး။ အထူးလေ့ကျင့်ရေးမှာ

စာရင်းပါတဲ့ လူအားလုံးက မုဆိုးအဖွဲ့စည်းရဲ့ အလုပ်သင်တွေပဲ ဖြစ်ရမယ်”

မစ္စတာဖူးသည် လင်းဟွမ်ကို ထိုကိစ္စနှင့် ပတ်သက်၍ ပြောပြရန် မမေ့ခဲ့ပေ။

“ဒါက အဆင်ပြေပါတယ်။ စာစစ်မှူးဆီကနေ သုံးသပ်မှု လုပ်ငန်းစဉ်အကြောင်း ကြားဖူးတယ်။ နောက်ဆုံးအဆင့် သုံးသပ်ချက်မှာ မအောင်မြင်နိုင်ဘူး ဆိုတာလည်း ငါသိပါတယ်”

လင်းဟွမ်သည် စိတ်ထဲ လုံးဝမထားပေ။ မစ္စတာဖူးက အကြံဉာဏ် အချို့ ပြောပြီးနောက် ဖုန်းချသွားသည်။

..............................

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် နတ်ဆိုးသလင်းကျောက် အာကာသယာဉ်ကြီးပေါ်သို့ တက်သွားသည်။

မူလန်က သူ့ကို VIP အခန်းတွင် လက်မှတ် ဝယ်ပေးခဲ့သောကြောင့် ခါတ်လှေကားထဲတွင် (၁၁) ထပ်မြောက်ခလုတ်ကို နှိပ်လိုက်သည်။ လူ

တော်တော်များများက သူ့ကို တော်ဝင်အဖွဲ့ဝင်ဟု ထင်နေသည်။

(၁၁) လှေသို့ ရောက်သောအခါ ခတ်လှေကား ထဲတွင် သူတစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။ အာကာသယာဉ်၏ ဤအထပ်ကို ပထမဦးဆုံး အကြိမ် ရောက်ဖူးခြင်းပင်။

အခန်း နံပါတ်သည် (၁,၁၀၈) ဖြစ်သည်။ အခန်း နံပါတ်ကို တွေ့သောအခါ သော့ကိုစကင်န်ဖတ်ပြီး အထဲသို့ ဝင်သွားလိုက်သည်။ အခန်း၏အကျယ်သည်

မီတာ ထောင်ပေါင်းများစွာ မဟုတ်သော်လည်း အနည်းဆုံး စတုရန်းမီတာ (၈၀၀) ကျယ်ဝန်းသည်။

လင်းဟွမ်သည် ဒါကိုမြင်လိုက်လျှင် မျက်ခုံး ပင့်သွားသည်။

အခန်းထဲတွင် အရာအားလုံးနီးပါး ရှိနေပြီး အခန်းထဲကို သေသေချာချာ လိုက်ကြည့်ပြီးနောက် ရေကူးကန် အသေးလေးတစ်ခုပင် ရှိနေကြောင်း တွေ့လိုက်ရသည်။ ရေချိုးခန်းသည် (၅၀) စတုန်းမီတာ သို့မဟုတ် ၆၀ စတုရန်းမီတာ

ကျယ်ဝန်းသောကြောင့် အိပ်ခန်းတစ်ခု ပြုလုပ်ရန် လုံလောက်သည်။

လင်းဟွမ်သည် အခန်းထဲသို့ ကြည့်ပြီးနောက် ဧည့်ခန်းထဲသို့ ပြန် လျှောက်လာသည်။

မုဆိုး တိုက်ပွဲကွင်းပြင်နှင့် အကြောင်းအရာများကို ကြည့်ရန်လုပ်နေစဉ် ဗီဒီယိုသတင်းတစ်ခု ထွက်ပေါ်လာသည်။ ဒါသည် အကဲဖြတ်မှုတွင် ဒိဋ္ဌိများ ကျူးကျော်ခဲ့သည့် အကြောင်းကို မုဆိုးအဖွဲ့အစည်းမှ တင်ပြ ကြေငြာထားသော ဗီဒီယိုတစ်ခု ဖြစ်သည်။

မုဆိုး အဖွဲ့အစည်းသည် ဒိဋ္ဌိများ၏ လုပ်ဆောင်မှုကို ရှုတ်ချပြီး အဖွဲ့ခွဲ (၇) ရှိ ဒိဋ္ဌိများကို စစ်ကြေငြာခဲ့သည်။

ဒိဋ္ဌိများက လူသိရှင်ကြား တောင်းပန်ပြီး ဖမ်းထားသော သူတို့၏လူများကို လွှတ်ပေးရန်၊ ဤကဲ့သို့ မဟုတ်ပါက ဌာနခွဲရှိ ၎င်းတို့ အဖွဲ့ဝင်များကို ဆိုးဆိုးဝါးဝါး ထိခိုက်အောင် ပြုလုပ်မည့် ဖြစ်ကြောင်း ကြေငြာထားသည်။

ထိုဗီဒီယို လွှင့်တင်ပြီး မိနစ်အနည်းငယ် အကြာမှာပင် ဒိဋ္ဌိသမားများက ထိုဗီဒီယိုကို

ပြန်တုံ့ပြန်လာသည်။ ထို ဗီဒီယိုထဲတွင် လူတစ်ယောက်က အနက်ရောင် တရားသူကြီး ဝတ်စုံကို ဝတ်ထားပြီး ကြောက်စရာကောင်းသော မျက်နှာဖုံးကို တပ်ဆင်ထားသည်။

"မုဆိုး အဖွဲ့အစည်းကို ဒုက္ခ ရောက်စေခဲ့တဲ့အတွက် ဒိဋ္ဌအဖွဲ့အစည်း ကိုယ်စား တောင်းပန်ပါတယ်။ အကဲဖြတ်ပြီး တစ်လအတွင်းမှာ လူပေါင်း (၁၂,၈၀၀) အားလုံးကို ပြန်လွှတ်ပေးမယ်။ နောက်ပြီးတော့ မုဆိုးအဖွဲ့အစည်း အတွက်လည်း လျော်ကြေးပေးဆောင်မှာ ဖြစ်တယ်။ ငါတို့တွေက

ငြိမ်းချမ်းစွာ နေချင်ပြီး မုဆိုးအဖွဲ့အစည်းနဲ့ ပြည်ထောင်စုအစိုးရကို စစ်ပွဲစတင်ဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ဘူး။ ငါတို့တွေက အကြမ်းဖက်သမား မဟုတ်ဘူးဆိုတာ ပြည်သူတွေ နားလည်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ငါတို့ရဲ့ အကဲဖြတ်မှုထဲမှာ ပါဝင်ဖို့အတွက် အောက်က ဖုန်းနံပါတ်ကို ဖုန်းခေါ်ဆို နိုင်ပါတယ်”

“ဘာကြီးလဲဟ။ ပွင့်ပွင့် လင်းလင်း တောင်းပန်ပြီး သူတို့အတွက် ကြေငြာတာလား”

လင်းဟွမ်သည် ဉာဒ်ဒိဋ္ဌိများ၏ စိတ်နေ သဘောထားသည် တော်တော်လေး ထူးဆန်းကြောင်း တွေးလိုက်မိသည်။

"သူတို့က တစ်လအတွင်း ပြန်လွှတ်ပေးရင်တောင် မုဆိုးအဖွဲ့အစည်းက အဲဒီလူတွေကို လိုချင်အုံး မှာလား"

## အခန်း(၁၈၄) - မုဆိုးတိုက်ပွဲ ကွင်းပြင်။

လူအများစုသည် ဒိဋ္ဌိအကြောင်းကို တိတိကျကျ မသိကြပေ။ ဒိဋ္ဌိ အဖွဲ့အစည်းသည် မြေအောက်လောကတွင် ဩဇာ အရှိဆုံး အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်ကြောင်းသာ သိကြသည်။

သို့သော် မုဆိုးအဖွဲ့အစည်းမှ လူများသည် ဒိဋ္ဌိ အဖွဲ့အစည်းသည် မြေအောက် လောကနှင့်

သက်ဆိုင်သော်လည်း အခြားအဆင့်အတန်း တစ်ခု ဖြစ်ကြောင်း သိရှိကြသည်။

သို့သော်လည်း လူ့အသက်ကို တန်ဖိုးမထားသော အခြားအဖွဲ့အစည်းများနှင့် မတူဘဲ ပြသနာ ရှာလိမ့်မည်ဟု မထင်ထားခဲ့ပေ။ သို့သော်လည်း သူတို့အဖွဲ့ဝင်များသည် အကျိုးဆက်ကို မစဉ်းစားဘဲ သူတို့ လုပ်ဆောင်ချင်သည့်အတိုင်း လုပ်ဆောင်၍ မရပေ။

ဒိဋ္ဌိအဖွဲ့အစည်း၏ ခေါင်းဆောင်က တောင်းပန်သော ဗီဒီယိုဖိုင်ကို မြင်ပြီးနောက်

အဖွဲ့ခွဲ(၇) ရှိ အမှုဆောင်အရာရှိများသည် ဒေါသ ပေါက်ကွဲသွားကြသည်။

မှဆိုးအဖွဲ့အစည်းမှ ဗီဒီယိုကြေငြာချက် ထုတ်ပြန်ပြီး သုံးမိနစ်အတွင်းမှာပင် သူတို့ဘက်မှ တောင်းပန်သော ဗီဒီယိုကို ထုတ်လွှင့်ခဲ့သည်။ ကြိုတင်ပြင်ဆင် ထားသည်မှာ ထင်ရှားသည်။

တောင်းပန်ခြင်းက သင့်တော်သည်။ တောင်းပန်ရုံ သာမက နစ်နာကြေးပေးပြီး ဓားစာခံများကိုပင် လွှတ်ပေးရန် ဆန္ဒရှိခဲ့သည်။

သို့သော်လည်း သူတို့ ဖမ်းခဲ့သည့်လူများကို အသုံးပြုရန် သတ္တိရှိနိုင်မည်လော။ ထိုလူများက ဦးနှောက်ဆေးခြင်း ခံထားရလား၊ မခံထားရလား ဆိုသည်ကို မည်သူက အာမခံ နိုင်မည်နည်း။ မုဆိုးအဖွဲ့အစည်းက ထိုလူများကို ပြန်မလိုချင်တော့ကြောင်း သိသော်လည်း လွှတ်ပေးရန် ဆုံးဖြတ်ခြင်းသည် အင်မတန် ကောက်ကျစ်သော ကစားကွက် တစ်ခုပင်။

ထိုဓါးစာခံများက ဦးနှောက် ဆေးကြောခြင်း မခံထားရလျှင်ပင် မုဆိုးအဖွဲ့အစည်းက ထိုဓါးစာခံ

(၁၂,၈၀၀) ကို လက်ခံမည် မဟုတ်ပေ။ ထို့အတူ အခြားအဖွဲ့အစည်း များကလည် လက်ခံမည် မဟုတ်ပေ။ ထို့ကြောင့် ထိုခါးစခံများ၏ တစ်ခုတည်းသော ရွေးချယ်မှုမှာ ဒိဋ္ဌိများနှင့် ပူပေါင်းလျှင် ပူပေါင်း ထိုသို့မဟုတ်ပါက သူတို့၏ လက်ကျန်ဘဝကို သာမန်လူတစ်ယောက်အဖြစ်သာ ဖြတ်သန်း ရလိမ့်မည်။

သို့သော် ဒိဋ္ဌိများက ပွင့်ပွင့်လင်းလင်း တောင်းပန်လိုက်ခြင်းမှာ ခြေတစ်လှမ်း သာသွားသည်။ အဖွဲ့ခွဲ (၇) မှ မုဆိုးအဖွဲ့အစည်းသည် မည်သည့်

လုပ်ဆောင်ချက်မျှ မလုပ်နိုင်တော့ပေ။ စစ်ကြေငြာလျှင်ပင် ကောင်ကျိုး ရှိလာတော့မည် မဟုတ်ပေ။ လျော်ကြေးငွေ ပိုလိုချင်၍ အကြောင်းပြချက် ပေးသည်ဟုသာ နာမည် တပ်ခံရလိမ့်မည်။

ထိုအဖြစ်အပျက်သည် အခြား မြေအောက် အဖွဲ့အစည်းများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

“ဒီဋ္ဌိတွေက တော်တော်လေး ပါးနပ်တာပဲ။ သူတို့က မုဆိုးအဖွဲ့အစည်းရဲ့ ပမာဏ အကဲဖြတ်မှု မပြီးခင်မှာ ဖြေဆိုသူအားလုံးကို ပြန်ပေးဆွဲခဲ့တာပဲ

ဌာနခွဲ (၁၂) ခုမှာ ထုတ်လွှင့်တဲ့ ဗီဒီယိုလိုင်းမှာတောင် အဆင်ပြေပြေအောင် ကြေငြာသွားတာပဲ။ ကျွတ်... ကျွတ်... တကယ့် လူတွေပဲ”

“အင် အမှန်ပဲ။ ဒီလိုစိတ်ကူးကို ဘယ်ပါရမီရှင်က တွေးလိုက်တာလဲလို့ စဉ်းစားမိပါရဲ့”

“ဒါဆိုရင် ငါတို့ ခေါင်းဆောင်ကို ဘာလို့ အကြံမပေးတာလဲ၊ လာမယ့်နှစ်ဇွန်လမှာ အဲ့ဒီလို လုပ်လို့ရတာပဲ”

လူတစ်ယောက်က ရယ်မောပြီး ပြောလိုက်သည်။

"အဲ့ဒီအကြောင်း စဉ်းတောင် မစဉ်းစားနဲ့။ ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက နောက်တစ်ကြိမ် ဒီလိုလုပ်လိုက်ရင် မုဆိုး အဖွဲ့အစည်းက ကြိမ်းသေပေါက် သေအောင် လိုက်သတ်လိမ့်မယ်။ အဲ့ဒီလိုဆိုရင် အဖွဲ့ခွဲ (၇) တစ်ခုတည်း စစ်ကြေငြာမှာ မဟုတ်ဘူး။ ကျန်တဲ့ အဖွဲ့ခွဲ (၁၂) ခုလည်း စစ်ကြေငြာလိမ့်မယ်။ မုဆိုး အဖွဲ့အစည်းဆိုတာ အသိုင်းအဝိုင်းနဲ့ကွ။ ငါတို့ကို မုဆိုးအဖွဲ့အစည်းထဲက အကြမ်းဖက် အဖွဲ့အဖြစ် သတ်မှတ်ထားတယ်ဆိုတာ မင်းမမေ့နဲ့။ ဒီဌ အဖွဲ့အစည်းကို ငါတို့နဲ့ တစ်ခြား အဖွဲ့အစည်းတွေက

စိတ်မနှံ့တဲ့ အဖွဲ့အစည်းလို့ သတ်မှတ်ထားတယ်။ တံဆိပ် ပေးထားတယ်”

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း တစ်ခုတည်း မဟုတ်ဘဲ မြေအောက်လောကတွင် ရှိသော အဖွဲ့အစည်း အားလုံးက ထိုသို့ လုပ်ဆောင်ရန် သွေးဆောင် ခံနေရသည်။

သို့သော်လည်း ဒိဋ္ဌ အဖွဲ့အစည်း၏ တစ်မူထူးခြားသော အပြုအမူများကို တွေးတောပြီးနောက် ပုံတူကူးချမည့် စိတ်ကူးကို စွန့်လွှတ်ခဲ့ကြသည်။ မုဆိုး အဖွဲ့အစည်းက

ပထမဦးဆုံး တစ်ခေါက်တွင် အငိုက် မိသွားသောကြောင့် လွယ်ကူသွားခြင်း ဖြစ်သည်။ ဒုတိယအကြိမ်ဆိုပါက အကျိုးဆက်သည် ပြင်းထန် သွားလိမ့်မည်။

အကယ်၍ မုဆိုးအဖွဲ့အစည်းက ထိုကဲ့သို့ ကျူးလွန်သူများကို ထပ်ခါထပ်ခါ ပြုလုပ်ခံနေရပါပြီး မည်သည့် အရေးယူခြင်းမှ မပြုလုပ်ခဲ့လျှင် လူ အများက မုဆိုးအဖွဲ့အစည်း၏ အနာဂတ်ကို ယုန်ထင်ကြောင်ထင် ထင်၍ ယုံကြည်ကြတော့မည် မဟုတ်တော့ပေ။ ထိုအချက်များကို ထည့်သွင်း

စဉ်းစားပြီးနောက် မြေအောက်လောကရှိ အခြား အဖွဲ့အစည်းများက လိုက်မလုပ်ရန် ဆုံးဖြတ် ခဲ့ကြသည်။

အခင်းဖြစ်ပွားပြီးနောက် မုဆိုး အဖွဲ့အစည်းသည် ပြန်လည် လည်ပတ်နေသည်။

ရှထိုက်ယုသည် အထူးလေ့ကျင့်မှု အစီအစဉ်တွင် လင်းဟွမ်ကို ထောက်ခံကြောင်း နောက်တစ်ကြိမ် တင်ပြလာသည်။

ရှထိုက်ယုက အစည်းအဝေး၌ အမှုဆောင် အရာရှိများ၏ရှေ့တွင် လင်းဟွမ်၏ စာရွက်စာတမ်း

အသစ်ကို ထုတ်ပြရာ လူအများက ထူးဆန်းသည်ဟု တွေးနေကြသည်။

သို့သော် လူအိုကြီးလီက ထိုကိစ္စနှင့် ပက်သက်၍ စကားတစ်ခွန်းမှ မပြောပေ။

"လူအိုကြီးရှ မင်းက သူ့ကို အရမ်း သဘောကျတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ဒီကလေးကို ဘယ်လောက်ပဲ သဘောကျကျ ငါတို့ ဘာမှ လုပ်လို့မရတော့ဘူး"

"ဒါက ဘာအဓိပ္ပါယ်လဲ"

ရှထိုက်ယု ခေါင်းရှုပ်သွားသည်။

သဘော တရားအရ မစ္စတာဖူးသည် လူအိုကြီးလူနှင့် စကားပြောခဲ့သင့်သည်။ ထို့ကြောင့် ယခုအချိန်တွင် လူအိုကြီးလီက ဘာကြောင့် ဝင်ရောက် စွပ်ဖက်နေရသနည်း။

“ဒီကလေးကို မစ္စတာဖူးက ခေါ်သွားပြီ”

လူအိုကြီးလီက ခေါင်းခါရင်း ပြောလိုက်သည်။

“ငါတို့တော့ ပါရမီရှင် တစ်ယောက် လက်လွတ်သွားတဲ့ ပုံပဲ”

"အမ်၊ မစ္စတာဖူးက သူ့ကို ခေါ်သွားတာလား"

လူတိုင်း တုန်လှုပ်သွားကြသည်။

"လူအိုကြီးလီ၊ မင်း နားကြားလွဲနေတာ ဖြစ်နေမလား။ မစ္စတာဖူးက မင်းကို ဘာပြောခဲ့တာလဲ"

ရှထိုက်ယုသည် မစ္စတာဖူးက လင်းဟွမ်ကို အထူးလေ့ကျင့်ရေးတွင် ပါဝင်နိုင်စေရန် ကိစ္စကို ရှုပ်ထွေးသွားအောင် လုပ်လိုက်သည်ဟု ရှထိုက်ယုက ထင်နေသည်။ ထို့ကြောင့် လူအိုကြီးလီကို

မစ္စတာဖူးက လင်းဟွမ်ကို လိုချင်ကြောင်း အရိပ်အမြွက် ပေးလိုက်ခြင်း ဖြစ်နိုင်သည်။

"သူက မက်ဆေ့ချ်တစ်စောင် ပို့လာတယ်။ ဒီကလေးကို ငါလိုချင်တယ်တဲ့။ သူက လင်းဟွမ်ရဲ့ စာရွက်စာတမ်းတွေ မပို့ခင် ငါ့ကို အဲ့ဒီမက်ဆေ့ချ် အရင်ပို့ခဲ့တယ် သူ့ရဲ့ တပည့်အဖြစ် ခေါ်သွားချင်တဲ့ပုံပဲ။ အဲဒီကိစ္စကို အကြောင်း ကြားဖို့ ငါ့ဆီ စာပို့ခဲ့တာပဲ။ သူ့ကို အထူး လေ့ကျင့်ရေး ထဲမယ့် အစီအစဉ်ကို မေ့လိုက်တော့"

လူအိုကြီးလီက ရှင်းပြလိုက်သည်။

"မစ္စတာဖူးမှာ လူအိုကြီးလီ အပါအဝင် တပည့်တွေ အများကြီး ရှိပါတယ်။ ငါ့အထင်တော့ လင်းဟွမ်ကို အထူးလေ့ကျင့်ရေးမှာ ပါဝင်ခွင့်ရအောင် ဖိအား ပေးနေတယ်လို့ ထင်တယ်"

ရှားထိုက်ယုက ပြောသည်။

"ဒါအမှန်ပဲ။ ငါတို့ကို နှစ်ပေါင်းများစွာ အကြံဉာဏ်တွေ ပေးခဲ့တယ်။ သွန်သင် ဆုံးမ ပေးခဲ့တယ်။ ငါတို့ကလဲ သူ့ကို လေးလေးစားစား ဆက်ဆံပြီး ဆရာ တစ်ယောက်လို သတ်မှတ်ထားတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့

နှစ်ပေါင်းသုံးရာအတွင်းမှာ သူက တပည့်တစ်ယောက်ပဲ တွေ့ခဲ့တယ်။ အဲ့ဒီ တပည့် သေသွားပြီးကတည်းက သူက တပည့်တွေကို ဘယ်တော့မှ ထပ်ပြီး လက်မခံတော့ဘူး။”

“ နောက်ပိုင်းမှာ သူ့ကို ဆရာအစား ဆာ လို့ပဲ ပြောင်းပြီးခေါ်ခိုင်းတယ်။ ဒါကြောင့် ငါတို့က သူ့ကို မစ္စတာဖူးလို့ ခေါ်ကြတယ်။ အခုပြောနေတဲ့ အကြောင်းအရက သာမန်မဟုတ်ရင် မစ္စတာဖူးက ဒီလိုစာပို့မှာ မဟုတ်ဘူး”

လူအိုကြီးလီ၏ စကားကိုကြားလျှင် လူတိုင်း တိတ်ဆိတ်သွားသည်။

"ငါတို့တွေ လင်းဟွမ်ကို အထူးလေ့ကျင့်ရေး အစီအစဉ်မှာ မခေါ်နိုင်တော့ဘူး။ ဒါပေမယ့် သူက မုဆိုးအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်အဖြစ် ဆက်ရှိ နေအုံးမယ်။ အကဲဖြတ်မှုမှာ သူ့ရဲ့စွမ်းဆောင်မှု တွေကလည်း ကောင်းလွန်းတယ်။ ဒါကြောင့် သူ့ကို ရွှေမုဆိုးအဖြစ်အဆင့် တိုးပေးလိုက်ရအောင်။ သူ့အတွက် လုံလောက်နေပါပြီ"

လူအိုကြီးလီက အကြံပြုလိုက်သည်။

ရှထိုက်ယုသည် အမှန်တရား၏ လက်အေးကြီးကို ခံစားလိုက်ရပြီး လင်းဟွမ်၏ စာရွက်စာတမ်းများကို မစ္စတာဖူးထံ မပို့ပေးခဲ့သင့်ဘူးဟု တွေးလိုက်မိသည်။

...

ထိုအချိန်တွင် လင်းဟွမ်သည် ဒိဌ်များ တောင်းပန်သော ဗီဒီယိုကို ပိတ်လိုက်သည်။

ဒိတ္ထိများ၏ လက်ထဲတွင် အဖမ်းခံခဲ့ရသော ဓါးစာခံများ၏ဘဝသည် လုံးဝ ပြောင်းလဲ သွားခဲ့သည်။ ပြန်လည် လွတ်မြောက်လာလျှင်ပင် မုဆိုးအဖွဲ့အစည်းက လက်ခံတော့မည် မဟုတ်ပေ။

ဒိဠ်ဌအဖွဲ့မှတစ်ပါး အခြား မည်သည့်အဖွဲ့မှ လက်ခံတော့မည် မဟုတ်ပေ။

လင်းဟွမ်သည် ခေါင်းခါလိုက်ပြီး မုဆိုးအဖွဲ့အစည်း၏ မျက်နှာပြင်ကို ကြည့်လိုက်သည်။ ပင်မစာမျက်နှာ၏ ထိပ်အလယ်တွင် တစ်ခု၊ အောက်တွင်တစ်ခု ပို့စ်အသစ် တင်ထားသည်။ လင်းဟွမ်သည် ပို့စ်များကို မြင်သော်လည်း သူ့အကောင့်က အရည်အချင်း မပြည့်မီသောကြောင့် ကြည်သည့်ခလုတ်ကို နိပ်၍မရပေ။ သူ့ကို

ကြေးအဆင့် ရှိသော မုဆိုးတစ်ယောက်၏ လုပ်ပိုင်ခွင့်ကိုသာ ပေးအပ်ထားသည်။

ဒေါင်းလုဒ် စာမျက်နှာတွင် မုဆိုး တိုက်ပွဲကွင်းပြင်ကို တွေ့လိုက်ပြီး ဂိမ်းကို ဒေါင်းလုဒ် လုပ်လိုက်သည်။ ဂိမ်းကို ဒေါင်းလုဒ် လုပ်နေစဉ် နှစ်မိနစ်၊ သုံးမိနစ်ခန့် ကြာသောအခါ လိပ်စာ စာမျက်နှာတစ်ခု ပေါ်လာသည်။ ထိုနေရာတွင် ဒေါင်းလုဒ် လုပ်ရသည်မှာ မြန်ဆန်သည်။

မကြာခင် လင်းဟွမ်၏ မြင်ကွင်းထဲတွင် ရှေးဟောင်းခန်းမ တစ်ခုကို နောက်ခံလုပ်ထားသော

ဝင်ခွင့် စာမျက်နှာတစ်ခု ပေါ်လာသည်။ လင်းဟွမ်သည် သူ၏အထက်အထားကို စကန်ဖတ်ပြီး စက္ကန့်ပိုင်းလေး အတွင်းမှာပင် အကောင့် စာရင်းသွင်းခြင်း ပြီးမြောက်သွားခဲ့သည်။

"ကျေးဇူးပြုပြီး ကိုယ်အတွက် နာမည် ပြောင်တစ်ခုပေးပါ။ ဒီနာမည်ပြောင်ကို တိုက်ပွဲ ကွင်းပြင်မှာ အသုံးပြုမှာ ဖြစ်ပါတယ်"

မျက်နှာပြင်ပေါ်တွင် ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးက အပြုံးချိုချိုလေးနှင့် ပြောလိုက်သည်။

“ဓါးသခင်”

လင်းဟွမ်က သူ့အတွက် နာမည်ပြောင်တစ်ခုကို စဉ်းစားလိုက်သည်။

“တောင်းပန်ပါတယ် ဒီနာမည်က ရှိပြီးသားပါ”

လင်းဟွမ်သည် မျက်ခုံးပင့်ပြီး ဤလောကတွင်လဲ ထိုကဲ့သို့ ဖြစ်နေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ကောင်းကင်ဘုံ ဓါး”

“တောင်းပန်ပါတယ် ဒီနာမည်လည်း ရှိပြီးသားပါ”

“ဒါဆိုလဲ..”

လင်းဟွမ်သည် မျက်မှောင်ကြုတ်ကာ နောက်နာမည်တစ်ခု ပြောင်းပြောလိုက်သည်။

“ဓားပါရမီရှင်”

“ဓားပါရမီရှင် ဆိုတဲ့ နာမည် အဆင်ပြေပါတယ်။ မင်းရဲ့ နာမည်ပြောင်အဖြစ် ထည့်သွင်းချင်ပါသလား”

“ထည့်သွင်းမယ်”

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

“မင်္ဂလာပါ ကစားသမား ဓါးပါရမီရှင် မင်းရဲ့ အသိစိတ်ကို ဂိမ်းက ထိန်းချုပ်ထားလိမ့်မယ်။ မင်း

ခန္ဓာကိုယ်ထဲက အချက်အလက်တွေကို ယူမယ်။ မင်းခန္ဓာကိုယ်ကို ဂိမ်းက စကန်ဖတ်ပြီး ဂိမ်းထဲမှာ မင်းအတွက် ခန္ဓာကိုယ်တစ်ခု ဖန်တီးပေးမယ်။ ဂိမ်းထဲမှာ သွေးထွက်တာ၊ နာကျင်တာ၊ သေဆုံးတာတွေ အားလုံးက လက်တွေ့ဘဝမှာ ဖြစ်ပျက်နေတဲ့ ခံစားချက်နဲ့ တစ်ရာ ရာခိုင်နှုန်း တူနေလိမ့်မယ်။ အဆင်သင့်ဖြစ်ရင် ကျေးဇူးပြုပြီး ဝင်တဲ့ခလုတ်ကို နှိပ်ပေးပါ။ ဆယ်စက္ကန့် ရေတွက်ပြီးရင် မင်းရဲ့အသိစိတ်ကို ဂိမ်းထဲ ဆွဲသွင်း သွားပါလိမ့်မယ်”

လင်းဟွမ်က ခေါင်းငြိမ့်ပြီး ဂိမ်းထဲသို့ ဝင်လိုက်သည်။

ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီး ပျောက်ကွယ်သွားသည်။

သုံးဖက်မြင် မျက်နှာပြင်ဖြင့် နံပါတ်များ ပေါ်လာသည်။ နံပါတ်စဉ် တစ်ဆယ်မှ စတင် ရေတွက်နေသည်။ နောက်ဆုံးတွင် အနီရောင် အလင်းတန်းတစ်ခု ပစ်လွှတ်လိုက်ပြီး လင်းဟွမ်၏ ခန္ဓာကိုယ်ကို စကန်ဖတ်နေသည်။ ရေတွက်မှု ပြီးဆုံးသွားပြီးနောက် လင်းဟွမ်သည်

အမှောင်ထုထဲသို့ အပို့ ခံလိုက်ရပြီး ယခင်က တစ်ခါမှ မရောက်ခဲ့ဖူးသော အဆောက်အအုံရှေ့တွင် ပေါ်လာသည်။ သူ့ခန္ဓာကိုယ်ကို ပြန်ငုံ့ကြည့်လိုက်ရာ ယခင်က အတိုင်းပင်။ ထို့နောက် သူ့ကိုယ်တွင်းရှိ ကတ်ပြားများကို ကြည့်ရာ အရာအားလုံး ရှိနေသေးသည်။

"ရှောင်ဖိန် မင်း ဒီမှာရှိလား"

လင်းဟွမ်သည် စိတ်ထဲမှ ရှောင်ဖိန်ကို ဆက်သွယ်လိုက်သည်။

"ရှိတယ်"

"မင်းလဲ ဂိမ်းထဲ ရောက်လာတာလား"

"အပြည့်အဝတော့ မမှန်ဘူး ဒါက အစစ်အမှန်နဲ့ တူတဲ့ ပုံရိပ်ယောင် နယ်မြေတစ်ခုလေ။ ငါ ဝင်လို့ရတယ်ဆိုတာ ပုံမှန်ပဲ"

လင်းဟွမ်သည် ရှောင်ဖိန်နှင့် စကားပြောပြီးနောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

ကြီးမားလှသော အဆောက်အဦးကြီးထဲတွင် လူများ ပြည့်ကြပ်နေပြီး ပြဒါးရှင်လုံးမျိုးစုံ၊

လက်နက်မျိုးစုံနှင့် စီးပွားဖြစ် ကြေငြာထားသော ဆိုင်ဘုတ် အများကြီး ရှိသည်။

သို့သော် အလယ်တွင် အထင်ရှားဆုံးနှင့် အကြီးဆုံး ဖြစ်နေသော သုံးဖက်မြင် မျက်နှာပြင် တစ်ခု ရှိနေသည်။ ဒါသည် မုဆိုးတိုက်ပွဲကွင်းပြင်၏ မိတ်ဆက် ဖြစ်သည်။

လင်းဟွမ်သည် ဗီဒီယိုတွင် ပြသနေသော တိုက်ပွဲကွင်းပြင် မြင်ကွင်းကို ကြည့်ပြီးနောက် စိတ်အား ထက်သန်လာသည်။ ဗီဒီယိုအဆုံးတွင် လမ်းညွှန်ချက်တစ်ခု ရှိသည်။ အချက်အလက်

အားလုံးကို အင်ပါယာနှလုံးသား လက်စွပ်နှင့် ချိတ်ဆက်ထားသည်။ လက်စွပ်ကို အသက်သွင်းလိုက်သည်နှင့် လမ်းညွှန်ချက် ပေါ်လာလိမ့်မည်။

လင်းဟွမ်သည် အင်ပါယာနှလုံးသား လက်စွပ်ကို ဖွင့်လိုက်သည်။ လုပ်ဆောင်ချက်သည် ခါတိုင်းနှင့် မတူတော့ပေ။

မျက်နှာပေါ်တွင် ရွှေရောင် မြှားတစ်စင်း ပေါ်လာပြီး အမျိုးသမီးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

“ဘယ်ဘက်မှာရှိတဲ့ ဓါးနှစ်ခု ကြက်ခြေခတ်ထားတဲ့ ခလုတ်က စိန်ခေါ်တဲ့ ခလုတ်ပါ”

“စိန်ခေါ်တဲ့ခလုတ်ကို နှိပ်လိုက်ရင် စနစ်က ဂိမ်းထဲမှာ မင်းရဲ့အဆင့်ကို သတ်မှတ်ပေးလိမ့်မယ်။ နောက်ပြီးတော့ မင်းရဲ့ ပြိုင်ဘက်တစ်ယောက်ကို ကျပန်းရွေးချယ် ပေးလိမ့်မယ်”

“ဘယ်ဘက်မှာရှိတဲ့ မျက်လုံးပုံနဲ့ ခလုတ်က မင်းကိုလုပ်ပိုင်ခွင့် ပေးထားတဲ့ ကန့်သတ်ချက် အတွင်းမှာရှိတဲ့ တိုက်ရိုက်တိုက်ပွဲ အားလုံးကို ကြည့်ရှုခွင့် ရှိတယ်”

"လူပုံစံနဲ့ တတိယမြောက်ခလုတ်က ဂိတ်ထဲမှာ မင်းရဲ့ အဆင့်သတ်မှတ်ချက်ပါတဲ့ ကိုယ်ရေး ကိုယ်တာ အသေးစိတ် အချက်အလက်တွေကို ကြည့်ရှုနိုင်တယ်"

"တိုက်ပွဲကွင်းပြင်ထဲမှာ အမှတ်ပေးတဲ့ စနစ်ကို သတ်မှတ်ထားတယ်။ အောက်မှာ ဖတ်ကြည့်လိုက်ပါ"

"တစ်ပွဲနိုင်ရင် (၁) မှတ် ပြိုင်ဘက်ကို တစ်ချက်တည်းနဲ့ အသေသတ်နိုင်တာပဲ ဖြစ်ဖြစ်၊ အလဲထိုး နိုင်တာပဲဖြစ်ဖြစ် နှစ်ဆတိုးပြီး (၂) မှတ်၊ သရေဆိုရင် အမှတ်မရဘူး"

"တိုက်ပွဲ ဆယ်ကြိမ်နိုင်ရင် မင်း (၁) မှတ် တိုးရမယ်။ တကယ်လို့ ရှုံးရင် (၁) မှတ် နှုတ်ခံရမယ်"

"မင်းရဲ့ပြိုင်ဘက်က မင်းကို တစ်ချက်တည်းနဲ့ အလဲထိုးလိုက်တာပဲ ဖြစ်ဖြစ်၊ အသတ်ခံလိုက်ရတာပဲ ဖြစ်ဖြစ် နှစ်ဆတိုးပြီး (၂) မှတ် အနှုတ်ခံရမယ်"

"နောက်ထပ် ကျန်နေတဲ့ စည်းမျဉ်းတွေက တိုက်ပွဲဆယ်ခုကို ဆက်တိုက် အနိုင်ရတာပဲဖြစ်ဖြစ်၊ တိုက်ပွဲနှစ်ဆယ်ကို ဆက်တိုက် အနိုင်ရတာပဲဖြစ်ဖြစ်၊ တိုက်ပွဲသုံးဆယ်ကို ဆက်တိုက် အနိုင်ရင် ရရှိတာပဲ ဖြစ်ဖြစ် အမှတ်က နှစ်ဆရမယ်"

လင်းဟွမ်သည် ဂိမ်း၏ မိတ်ဆက်စကားကို မိနစ်အနည်းငယ်ခန့် နားထောင်ပြီးနောက် ဂိမ်းက မည်သို့မည်ပုံ လည်ပတ်ကြောင်း သိရှိသွားသည်။

ထို့နောက် ထပ်ဆုံး ဦးဆောင်သူစာရင်းကို ကြည့်ရန် ခလုတ်နှိပ်လိုက်သည်။ ငွေအဆင့် ကစားသမား ထိပ်ဆုံးဆယ်ယောက်ထဲတွင် အဆင့် သတ်မှတ်ခံရသော လူများ၏ အမှတ်များကို ကြည့်လိုက်ရာ ထိုလူများ၏ အမှတ်များသည် အမှတ်တစ်သောင်း အထက်တွင် ရှိနေသောကြောင့် မျက်မှောင်ကြုတ်သွားသည်။

“ဆက်တိုက် အနိုင်ရတဲ့အမှတ် နှစ်ဆ မရှိရင် ထိပ်ဆုံး ဆယ်ယောက်ထဲဝင်ဖို့ တိုက်ပွဲပေါင်း တစ်သောင်းလောက် တိုက်ရလိမ့်မယ်။ အဲ့ဒီလိုဆိုရင် နှစ်လအတွင်း အောင်မြင်အောင် တိုက်ခိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"